# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၁၁၄)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

အခု ကျွန်မတို့ရဲ့ ၂၀၂၁ နှစ်သစ်ပေါ့။ နှစ်သစ်ရဲ့ ၃ ပတ်အတွင်းမှာ ရောက်နေပါပြီ။ ဒီအချိန်မှာ ကျွန်မတို့ ကိုဗစ်ရောဂါအခြေအနေဘယ်လိုရှိလဲ ဆိုတာလည်း ပြည်သူတွေအသိ ဖြစ်ပါလိမ့်မယ်။ တစ်နေ့တစ်နေ့ဆိုရင် ၅၀၀ ပတ်ဝန်းကျင်ပေါ့။ အခုရက်ပိုင်းအတွင်း ၄၀၀ ပတ်ဝန်းကျင်၊ ၄၀၀ ကျော် ပတ်ဝန်းကျင်ကို ကျလာပါတယ်။ ဒါပေမယ့် ဒါဟာ မလုံလောက်သေးပါဘူး။ ကျွန်မတို့ဒါထက်ပိုပြီး တိုးတက်မှုရှိဖို့ အရေးကြီးပါတယ်။ ဒါပေမယ့် သတင်းကောင်းပေးရမယ်ဆိုရင် မနက်ဖြန် ၂၂ ရက်နေ့မှာ ကျွန်မတို့ပထမဦးဆုံး ကိုဗစ်ရောဂါကာကွယ်ဆေးတွေ မြန်မာနိုင်ငံကို ရောက်ရှိလာပါမယ်။ တစ်သန်းခွဲ ရောက်ရှိမှာဖြစ်ပါတယ်။ တစ်သန်းခွဲဆိုတော့ ကျွန်မတို့ပြည်သူတွေ ခုနစ်သိန်းခွဲအတွက် လုံလောက်ပါတယ်။ လူတစ်ယောက်တစ်ယောက်ဆိုရင် နှစ်ကြိမ်ထိုးရပါမယ်။ ပထမအကြိမ်ထိုးပြီးတော့ ၂၈ ရက်ကြာရင် နောက်တစ်ကြိမ် ထပ်ထိုးရပါမယ်။ အဲဒီတော့ ကျွန်မတို့ဒီလုပ်ငန်းတွေကိုလည်း သေသေချာချာ ထိထိရောက်ရောက်လုပ်နိုင်ဖို့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက စီစဉ်ထားပါတယ်။ စာမျက်နှာ ၃ ကော်လံ ၁ ➝

> “ကာကွယ်ဆေး ရောက်တော့မယ်ဆိုပြီး မပေါ့ပါနဲ့၊ ပေါ့ပေါ့ဆဆ မနေပါနဲ့လို့ ကျွန်မတိုက်တွန်းပါရစေ။ ဒါဟာ သိပ်ပြီးတော့ အရေးကြီးပါတယ်။ စောစောက ကျွန်မပြောတဲ့အတိုင်းပဲ၊ နှစ်ကြိမ်ထိုးမှ ဒီကာကွယ်ဆေးဟာ ထိရောက်မှာပါ။ တစ်ကြိမ်နဲ့တစ်ကြိမ် ကြားထဲမှာလည်း ၂၈ ရက် စောင့်ရပါတယ်”

**အရှေ့ကိုလျှောက်ပါလို့ အနောက်ကိုတဲ့ မျှော်လိုက်ရင်** စာ ၆

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အမေရိကန်တို့ ပြန်လည်ချိတ်ဆက်မိခြင်း** စာ ၁၄

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူနိုင်ရေး ချင်းပြည်နယ် အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သို့ အလှူငွေများ လှူဒါန်း** စာ ၁၉


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကပ်ရောဂါကို တစ်ဆင့်ချင်းကာကွယ်နိုင်တော့မည်

နှစ်ဦးကာလအတွက် သတင်းကောင်းမှာ ယနေ့ဆိုလျှင် မြန်မာနိုင်ငံအတွက် ကာကွယ်ဆေး တစ်သန်းခွဲရောက်ရှိလာမည်ဖြစ်ပါသည်။ လူတစ်ဦးအတွက် ဆေးနှစ်ကြိမ်ထိုးရမည်ဖြစ်သောကြောင့် လူခုနစ်သိန်းခွဲကို စတင်ထိုးနှံပေးနိုင်တော့မည်ဟု သိရပါသည်။

ကာကွယ်ဆေး ထုတ်လုပ်နိုင်မှုနှင့် ထိုးရန် လိုအပ်သည့် အရေအတွက်မှာ မမျှမတ ဖြစ်နေသောကြောင့် လူတိုင်းကို တစ်ခါတည်း ထိုးနိုင်ဦးမည် မဟုတ်ဘဲ၊ နိုင်ငံတိုင်းတွင် ဦးစားပေးအစီအစဉ်များ ရေးဆွဲကာ အလှည့်ကျစနစ်ကို စီစဉ်နေရပါသည်။

စတင်ထိုးနှံနေပြီဖြစ်သည့် နိုင်ငံများနည်းတူ ကိုဗစ်ရောဂါ ကာကွယ်ရေး ထိန်းချုပ်ရေး ကုသရေးလုပ်ငန်းများကို ရှေ့တန်းက တာဝန်ယူဆောင်ရွက်နေရသည့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ နိုင်ငံယန္တရား လည်ပတ်ရေးအတွက် အရေးကြီးသော ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ကြီးများ၊ ရောဂါအခံရှိသူများ၊ လူဦးရေထူထပ်သော ဒေသများတွင်နေထိုင်သူများ အစရှိသည်ဖြင့် ဦးစားပေးအဆင့်များကို အားလုံးကို ခြုံငုံစဉ်းစားတွက်ချက်ကာ စီမံပြင်ဆင်ကြရမည် ဖြစ်ပါသည်။

လက်ရှိအနေအထားအရ ကာကွယ်ဆေးများ၏ စိတ်ချဘေးကင်းမှုကို ပူပန်နေကြသူများလည်းရှိပါသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် အခြားသော ပုံမှန်အသုံးပြုနေကျ ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အရည်အသွေးပြည့်မီကြောင်း အပြည့်အဝ ထောက်ခံချက် မပေးနိုင်သေးပါ။ သို့သော်လည်း ယခု ကာကွယ်ဆေးများသည် လိုက်နာရန်လိုအပ်သည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ထားကာ၊ ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သည်တို့ကို ကာကွယ်ဆေး ထိန်းချုပ်စိစစ်ခွင့်ပြုသူများက စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင် ရောင်းချရန် ခွင့်ပြုချက်ရရှိထားသည့်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးမည်ဟု သိရပါသည်။

ယခု ကိုဗစ်-၁၉ ကာကွယ်ဆေးသည် လူတိုင်းမဖြစ်မနေ ထိုးနှံရမည့်ဆေးမျိုးမဟုတ်ဘဲ လူတစ်ဦးချင်းက မိမိကိုယ်တိုင်၏ သဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေးဖြစ်ပါသည်။ ကာကွယ်ဆေးထိုးရန်ဆန္ဒရှိသူများသည် ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်ပြည့်အောင် ထိုးရမည်ဖြစ်ပါသည်။ နှစ်ကြိမ်ထိုးနှံရမည်ဖြစ်ပြီး ပထမအကြိမ် ထိုးပြီး နောက် ၂၈ ရက်တွင် ဒုတိယအကြိမ်ထိုးရမည် ဖြစ်ပါသည်။ ထို့ပြင် ကာကွယ်ဆေး ထိုးနှံပြီးသည်နှင့် စိတ်ချရပြီဟုဆိုကာ အကာအကွယ်မဲ့ မနေသင့်ကြောင်းလည်း ကျန်းမာရေးပညာရှင်များက သတိပေးထားပါသည်။

ထို့ကြောင့် ကာကွယ်ဆေး ထိုးပြီးသည်ဖြစ်စေ၊ မထိုးရသေးသည်ဖြစ်စေ ပါးစပ်နှင့် နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ လက်ကို စနစ်တကျဖြင့် မကြာခဏဆေးကြောခြင်း၊ လူစုလူဝေးရှောင်ကြဉ်ခြင်း၊ လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၆ ပေအကွာတွင် နေခြင်း စသည့် ကိုဗစ်ကာကွယ်ရေးဆိုင်ရာ အခြေခံစည်းမျဉ်းများကို လိုက်နာကျင့်ဆောင်ကြရန် လိုအပ်နေပါမည်။

မြန်မာနိုင်ငံ၏ အခြေအနေမှာ ယခုအခါ အကောင်းဘက်သို့ ရောက်လာနေသည်ကိုသတိပြုမိပါသည်။ စမ်းသပ်သူနှင့် ပိုးတွေ့ရှိသည့်သူ ရာခိုင်နှုန်းအချိုးမှာ ၃ ရာခိုင်နှုန်း အောက်သို့ ကျဆင်းလာနေခြင်းက အများပြည်သူတို့၏ စီးပွားရေးဆိုင်ရာများ၊ နေ့စဉ်ပြုနေကျ လုပ်ငန်းများ၊ အခြားသော လူမှုရေး ကျန်းမာရေး လုပ်ဆောင်စရာရှိသည်တို့ကို လုပ်ကိုင်နိုင်ရန် ပိုမိုလွယ်ကူလာသည့် အခွင့်အလမ်းကောင်းများ တဖြည်းဖြည်းရရှိလာနေပြီဟု မြင်ပါသည်။

တွေ့ရှိနှုန်းကျဆင်းလာသည့်အတွက် စိတ်အတန်ငယ် သက်သာရာရကြမည်ဖြစ်သော်လည်း သတိဖြင့်နေထိုင်မှုကို လျှော့ချရန် မဖြစ်နိုင်ဘူးဆိုသည်ကို အထူးအလေးထားရန် လိုပါသည်။

မျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်၏ ကူးစက်မှုနှုန်း ပိုမိုမြန်ဆန်သည့် ခြိမ်းခြောက်မှုက ကမ္ဘာတစ်ခွင် ရှိနေဆဲပဲဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံအသီးသီးတွင် ဒုတိယလှိုင်း၊ တတိယလှိုင်း၊ စတုတ္ထလှိုင်း အနေဖြင့် ကမ္ဘာလှည့်နေဆဲဖြစ်သည်။ ကမ္ဘာအနှံ့တွင် ကိုဗစ်ရောဂါပိုးကူးစက်ခံရသူ ၉၅ သန်းကျော်သွားပြီ။ ကိုဗစ်ကြောင့် သေဆုံးသူမှာလည်း ၂ သန်းကျော်လာခဲ့ပြီဖြစ်သည်။ သို့သော်လည်း နိုင်ငံအချို့တွင် ကိုဗစ်ရောဂါကာကွယ်ဆေးကို စတင်အသုံးပြု ထိုးနှံနေကြပြီဖြစ်သည့်အတွက် မကြာမီတွင် သက်သာလာတော့မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားနှုန်းကျဆင်းလာသည်မှာ မှန်သော်လည်း ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေမှုက များပြားနေဆဲဖြစ်သည့်အတွက် ပြည်သူအပေါင်းတို့သည် ကိုဗစ်ကာကွယ်ရေး အခြေခံစည်းမျဉ်းများကို ဆက်လက်လိုက်နာကြကာ တောင့်ထားကြရန် နှိုးဆော်အပ်ပါသတည်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကြည်ဇင်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်<br>စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံ<br>လက်မှတ်လုပ်ငန်း<br>ကြီးကြပ်ရေးကော်မရှင်ရုံး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်<br>စက်မှုဝန်ကြီးဌာန |
| (၂) | ဦးအေးကြွယ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄ )မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။(**အောက်ပုံ**)

အခမ်းအနား၌ ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပထမအကြိမ် "တရားဥပဒေစိုးမိုးရေးဆီသို့" မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၉) ကို UNDP ၏ ပံ့ပိုးကူညီမှုဖြင့် ရေးဆွဲခဲ့ပြီး ၂၀၁၅ ခုနှစ်မှ စတင်၍ ရည်မှန်းချက်ပန်းတိုင် ၄ ရပ်ဖြင့် အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ယင်းစီမံကိန်းပြီးဆုံးပြီဖြစ်၍ ဒုတိယအကြိမ် "တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု" မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ကို USAID (PRLM-Promoting Rule of Law in Myanmar) ၏ ပံ့ပိုးကူညီမှုဖြင့် ရေးဆွဲခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပထမ ငါးနှစ် မဟာဗျူဟာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများအပေါ် လေ့လာသုံးသပ်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းများမှ ရရှိလာသော အားနည်းချက်၊ အားသာချက်၊ အကြံပြုချက်များနှင့် အတွေ့အကြုံများကို အခြေခံ၍ ယခု ဒုတိယ ငါးနှစ် စီမံကိန်းအား ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းမဟာဗျူဟာစီမံကိန်းတွင် ပန်းတိုင် ၅ ရပ်၊ မဟာဗျူဟာ ရည်မှန်းချက် ၁၅ ရပ်နှင့် မဟာဗျူဟာ အစီအစဉ် ၄၀ တို့ကို ထည့်သွင်းရေးဆွဲထားပါကြောင်း။

စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်ရုံးများ၊ လွှတ်တော်၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ ဥပဒေပညာဌာနမှ ပါမောက္ခများနှင့် တရားမျှတမှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက် ရှိကြသည့် အခြားဆက်စပ်အဖွဲ့အစည်းများကို ဖိတ်ခေါ်ပြီး ဆွေးနွေးညှိနှိုင်းပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲများမှ ရရှိလာသော အကြံပြုချက်၊ ဖြည့်စွက်ချက်များကို ထည့်သွင်းစဉ်းစား ရေးဆွဲခဲ့ပါကြောင်း၊ မဟာဗျူဟာစီမံကိန်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်အတွက်သာမက အများပြည်သူကို ကောင်းမွန်သည့် ဥပဒေဝန်ဆောင်မှုများ ပေးနိုင်ရန်၊ တရားမျှတမှုကို အားလုံးလက်လှမ်းမီစေနိုင်ရန်နှင့် ဥပဒေရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အများက ယုံကြည်အားထားလာစေရန် ရည်မှန်းရေးဆွဲထားခြင်း ဖြစ်ပါကြောင်း၊ စီမံကိန်းအောင်မြင်စေရန်အတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကဏ္ဍအသီးသီးမှ သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မဟာဗျူဟာစီမံကိန်း ရေးဆွဲရာတွင် ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြသူများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်လက်ကူညီဆောင်ရွက်ပေးမည့်သူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ခေတ္တဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီလ ၂၃ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အတတ်ပညာတစ်ခုကို ထူးချွန်စွာ တတ်မြောက်ပြီး ဉာဏ်ပညာနှင့်ပြည့်စုံပါက ပန်းပဲရွာ၌ပင် "အပ်" ကို ရောင်းချနိုင်သကဲ့သို့ အလိုရှိသည့်အရာကို ရယူနိုင်ကြောင်းကို ကလေးတို့ သင်ခန်းစာယူနိုင်ရန် ဥပမာပေး ရေးဖွဲ့တင်ပြထားသည့် "သူစိ (အပ်)" မျက်နှာဖုံးကာတွန်း၊ အသက်ရှူလမ်းကြောင်း ကျန်းမာရေးအတွက် စားသုံးသင့်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများနှင့် ၎င်းတို့တွင် လူကိုအကျိုးပြုသည့်ဓာတ်များ ပါဝင်ကြောင်းကို ကလေးတို့ ဗဟုသုတရစေရန် တင်ဆက်ထားသည့် "အသက်ရှူလမ်းကြောင်း ကျန်းမာရေး" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသော ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ စကားပြောဆိုရာတွင် ယဉ်ယဉ်ကျေးကျေးပြောဆိုပါက လူချစ်လူခင်ပေါ်များပြီး မိမိအကျိုးစီးပွားလည်း အောင်မြင်ပုံအကြောင်းကို ပညာပေးရေးသား တင်ဆက်ထားသည့် "ယဉ်ကျေးပျူငှာ ပြောဆိုပါမည်" ပုံပြင်ကဏ္ဍ၊ မိမိတို့မထင်မှတ်ဘဲ ပြုလုပ်လိုက်သည့် အလုပ်တစ်ခုသည် လူတစ်ယောက်၏ အသက်ကိုပင် ကယ်တင်လိုက်နိုင်ကြောင်းကို တင်ဆက်ထားသည့် "ပုပုပါဝင်သည့် ဆယ်မိနစ်" နှစ်မျက်နှာကာတွန်း၊ "ကလေးတို့ နေ့စဉ်ပြောဆို ဆက်ဆံနေထိုင်ရာ လူမှုဘဝတွင် အမုန်းစကား မပြောခြင်း၊ သူတစ်ပါးထိခိုက်စေသည့် အပြုအမူ၊ အပြောအဆိုတို့ကို ရှောင်ရှားခြင်းဖြင့် ကောင်းမွန်သော လူမှုပတ်ဝန်းကျင်ကို ဖန်တီးစို့" သုတကဏ္ဍ၊ ကလေးတို့၏ မျက်စိလျင်မြန်မှုနှင့်အတူ ဉာဏ်စွမ်းရည် ထက်မြက်စေရန် ဖော်ပြထားသည့် "မတူညီချက် ငါးချက်" ဉာဏ်စမ်းကဏ္ဍ အပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရှိရသည်။




**သတင်းစဉ်**

**"ကာကွယ်ဆေးရဲ့အာနိသင်ကို အပြည့်အဝရမှာလို့ ကျွန်မပြောတဲ့ တစ်ချိန်တည်းမှာပဲ ဒီကာကွယ်ဆေးတွေရဲ့ အာနိသင်နဲ့ပတ်သက်လို့ သေသေချာချာ အားလုံးကျွန်မတို့ မသိသေးပါဘူး။ ဒီဟာဟာ တစ်ကမ္ဘာလုံးအတွက် စမ်းသပ်ကာလပဲဖြစ်ပါတယ်။ ကျွန်မတို့ စမ်းသပ်နေတာ။ ဒီကာကွယ်ဆေးကို စမ်းသပ်နေတာ။ ဘယ်လောက်ထိ ထိရောက်မလဲ၊ ဘယ်လောက်ကြာကြာ ထိရောက်မလဲ၊ ဒါတွေဟာ အခုထက်ထိ သေသေချာချာတော့ မပြောနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ ကာကွယ်ဆေးထိုးပြီးတဲ့အချိန်မှာလည်း ကိုယ့်ရဲ့ကျန်းမာရေးကို ဂရုစိုက်ပါ၊ သတိထားပါ၊ မပေါ့ပါနဲ့။ ကျွန်မတို့ဟာ သတိနဲ့နေဖို့ အလေ့အထလေးတစ်ခုတော့ ဖြစ်အောင်လို့ ကျွန်မတို့ ကြိုးစားသွားရမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့လည်း ကျွန်မတို့ ဒီကြားထဲမှာ ကာကွယ်ဆေးမထိုးရသေးတဲ့ သူတွေလည်း အထူးသတိထားဖို့လိုပါတယ်"**

❍ *ရှေ့ဖုံးမှ*

ဒီတော့ ကျွန်မတို့ ပထမရမယ့်အသုတ်က ခုနစ်သိန်းခွဲအတွက်ပဲပေါ့။ အဲဒီတော့ ခုနစ်သိန်းခွဲအတွက်ပဲဆိုတော့ ဘယ်လို ဒီကာကွယ်ဆေးတွေကို နိုင်ငံအတွက်အကောင်းဆုံးဖြစ်အောင် သုံးမလဲဆိုတာ ကျွန်မတို့ အင်မတန်မှ အလေးထားပြီး စဉ်းစားရပါတယ်။ ဒီတော့ ပထမဦးဆုံး ဦးစားပေးရမှာကတော့ ရှေ့တန်းမှာ လုပ်ဆောင်နေတဲ့ ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ထမ်းတွေပါ။ ဒါကတော့ ကျွန်မတို့ပြည်သူအားလုံးကလည်း သဘောတူလိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။ ရှေ့တန်းမှာရှိနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေပေါ့။ ကျန်းမာရေးဝန်ထမ်းတွေထဲမှာ အခုဆိုရင် စေတနာ့ဝန်ထမ်းတွေပါ ထည့်တွက်ပါတယ်။

ကိုဗစ် ရောဂါအတွက်ပါဝင်နေကြတဲ့ ရှေ့တန်းက ဝန်ထမ်းတွေပေါ့။ ကျန်းမာရေး ဝန်ဆောင်မှုပေးနေတဲ့ ကျွန်မတို့ပြည်သူတွေပေါ့။ အားလုံးကို ဦးစားပေးပြီးတော့ ပထမထိုးပေးပါမယ်။ နောက်တစ်ခါ ကျွန်မတို့ပြန်ပြီး စဉ်းစားရတာဘယ်လိုလဲဆိုတော့ နောက်အဆင့်ဆင့်နဲ့ပေါ့။ ကျွန်မတို့ ကာကွယ်ဆေးတွေရရှိသလို တချို့ကာကွယ်ဆေးတွေက လှူကြမှာဖြစ်တယ်။ ဒါပေမယ့် အများကိုတော့ ကျွန်မတို့နိုင်ငံက ဝယ်ယူမှာပါ။ ဒီလို ကာကွယ်ဆေးတွေ ရောက်ရှိလာတာနဲ့အမျှ ဘယ်သူတွေ၊ ဘယ်အုပ်စုတွေကို ဦးစားပေးပြီးတော့ ထိုးရမလဲဆိုတာ ကျွန်မတို့ သေသေချာချာစဉ်းစားပါတယ်။ ဒီလိုစဉ်းစားတဲ့ နေရာမှာ ကိစ္စရပ်နှစ်ခုကို ကျွန်မတို့ချိန်ဆပြီးလုပ်ရပါတယ်။ တစ်ခုက ကျွန်မတို့ နိုင်ငံ ပုံမှန်ပြန်လည်ပြီးတော့ လည်ပတ်နိုင်ရေးအတွက် အဓိကကျတဲ့အုပ်စုတွေ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံပြန်လည်ပြီးတော့ ပုံမှန်လည်ပတ်နိုင်မှ ပြည်သူတွေလည်း သက်သာမှာဖြစ်ပါတယ်။

အဲဒီအုပ်စုတွေအတွက်လည်း အရေးကြီးပါတယ်။ နောက်တစ်အုပ်စုကတော့ ရောဂါရရှိမှု လွယ်တဲ့အုပ်စု၊ ရောဂါအခံအားနည်းတဲ့အုပ်စုပေါ့။ နောက်ပြီးတော့လည်း ပြန့်ပွားစေမယ့်နှုန်းကို များနိုင်တဲ့အုပ်စုတွေ ဒီအုပ်စုနှစ်စုကြားမှာ ချိန်ခွင်လျှာညီမျှအောင်လို့ ကျွန်မတို့စဉ်းစားရပါတယ်။ ဒီတော့ ဒီရောဂါအခံအားနည်းတဲ့ အုပ်စုဆိုတာတော့ အသက်ကြီးတဲ့သူတွေနဲ့ တခြားရောဂါအခံတွေ ရှိပြီးသားပုဂ္ဂိုလ်တွေပေါ့။ နောက်ပြီးတော့ ဒီလိုပြန့်ပွားမှုများတဲ့အုပ်စုဆိုတာကတော့ လူတော်တော်များများ စုစုဝေးဝေးနဲ့ တစ်နေရာတည်းမှာ ကျပ်ကျပ်တည်းတည်းနေရတဲ့ အခြေအနေတွေမှာရှိတဲ့ အုပ်စုတွေပေါ့။ အဲဒီတော့ ဒီဟာတွေကိုကျွန်မတို့ကြည့်ပြီးတော့ ဒီနှစ်ခုကို ကျွန်မတို့အင်မတန်မှ မှန်မှန်ကန်ကန် မျှတမှုရှိအောင်လို့ စဉ်းစားရပါတယ်။

ကျွန်မတို့ ဦးစားပေးရမှာက စောစောကပြောသလိုပေါ့။ ကျန်းမာရေး ဝန်ထမ်းတွေ၊ ရှေ့တန်းကျန်းမာရေးဝန်ဆောင်မှုပေးနေတဲ့ ကျွန်မတို့ရဲ့ ပြည်သူတွေ။ နောက်ဒုတိယကတော့ ကျွန်မတို့အစိုးရအဖွဲ့ထဲက အဓိကကျတဲ့ အစိတ်အပိုင်းတွေကို ကာကွယ်ဆေးထိုးပေးမှာပါ။ အဲဒီလိုပြောတာ ကျွန်မ နည်းနည်းတော့ အားနာတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီထဲမှာ ကျွန်မလည်း ပါနေတာကိုး။ ပါနေတယ်ဆိုတော့ ဒီဟာကိုလည်း ပြည်သူတွေအနေနဲ့ နားလည်မှုပေးနိုင်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရဲ့ ယန္တရားကြီး လည်ပတ်ဖို့အတွက်ဆိုရင် ကျွန်မတို့ဗဟိုအစိုးရနဲ့ တိုင်းနဲ့ ပြည်နယ်အစိုးရတွေက ထိထိရောက်ရောက် လှုပ်ရှားနိုင်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ သိပ်လည်းမများပါဘူး။ ဒါလည်း ကျွန်မထည့်ပြောပါရစေ။

အဓိကကျတဲ့ အစိုးရဝန်ထမ်းတွေနဲ့ အစိုးရအဖွဲ့ဝင်တွေပေါ့။ အားလုံးပေါင်းလိုက်ရင် သိပ်လည်းများမှာ မဟုတ်ပါဘူး။ ပထမအုပ်စုထဲတော့ ကျွန်မတို့ ဝင်သွားပါလိမ့်မယ်။ ပထမအုပ်စုထဲမှာ နိုင်ငံ့ယန္တရားအတွက် အရေးကြီးတယ်ဆိုတဲ့ အုပ်စုထဲမှာ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကျွန်မတို့ ထည့်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုလွှတ်တော်က မကြာခင်ခေါ်တော့မှာ ဖြစ်ပါတယ်။ အဲဒီပြည်ထောင်စု လွှတ်တော်ကို တက်ရောက်ဖို့လည်း ကျွန်မတို့ရဲ့ ကိုယ်စားလှယ်အသီးသီးက တစ်နိုင်ငံလုံး ကနေပြီးတော့ ရောက်ရှိလာကြမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုရောက်ရှိလာတဲ့ အချိန်မှာ တစ်စုတစ်ဝေးတည်းရှိတဲ့အချိန်မှာ ကာကွယ်ဆေးထိုးပေးခြင်းဟာ လက်တွေ့လည်းကျပါတယ်။

နောက် ကျွန်မတို့ရဲ့ နိုင်ငံယန္တရားလည်ပတ်မှုအတွက်လည်း အင်မတန်မှ အရေးကြီးပါတယ်။ ဒီတော့ နောက်တစ်ဆင့် ကျွန်မတို့ ဘယ်ကိုသွားမလဲဆို တော့ ပြန့်ပွားမှုများနိုင်တဲ့ အခြေအနေမှာရှိတဲ့နေရာတွေနဲ့ ကျွန်မတို့နိုင်ငံ ယန္တရားလည်ပတ်ဖို့အတွက် အရေးကြီးတဲ့ပုဂ္ဂိုလ်များ၊ အရေးကြီးတဲ့သူများရှိတဲ့ နေရာတွေပေါ့။ အဲဒီတော့ အဲဒါကို တကယ်လက်တွေ့ကျကျ စဉ်းစားတဲ့ အခါကျတော့ လူဦးရေထူထပ်တဲ့နေရာတွေပဲ ဖြစ်ပါတယ်။ လူဦးရေထူထပ်တဲ့ နေရာတွေဟာ တကယ်တော့ ကျွန်မတို့ရဲ့ အတွေ့အကြုံအရဆိုရင် ရောဂါ ပြန့်ပွားမှုများတဲ့ နေရာတွေလည်းဖြစ်ပါတယ်။ ဥပမာအားဖြင့် Stay at Home မြို့နယ်တွေပေါ့။ ဒီတော့ ကျွန်မတို့ Stay at Home မြို့နယ်တွေကို ဦးစားပေးပြီး တော့လုပ်မှာပါ။ ဒါပေမယ့် Stay at Home မြို့နယ်တွေအားလုံးကို ကျွန်မတို့ တစ်ချိန်တည်း လုပ်ပေးဖို့ဆိုတာဟာ မလွယ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုလုပ်လိုက်မယ်ဆိုရင် ကျွန်မတို့ ခန့်မှန်းတာက ၁၁ သန်းကျော်လောက် ရှိပါတယ်။ ၁၁ သန်းကျော်လောက်ကို ကျွန်မတို့ နေ့ချင်းညချင်း လုပ်ပေးဖို့ ဆိုတာလည်း မဖြစ်နိုင်ဘူး။ ကျွန်မတို့ ကာကွယ်ဆေးတွေ ရောက်လာမယ့် အခြေအနေကိုလည်း ကြည့်ရမယ်။

နောက်ပြီးတော့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနကတော့ ကာကွယ် ဆေးတွေ ရောက်လာတာနဲ့အမျှ ထိုးပေးနိုင်တဲ့ စွမ်းအင်ကတော့ ရှိပါတယ်။ နောက်ပြီးတော့ အစီအစဉ်တွေကလည်း အားလုံးလုပ်ပြီးသားပါ။ ဒါကြောင့် ဒီကာကွယ်ဆေးတွေ ဘယ်တော့၊ ဘယ်လောက်ရမလဲဆိုတာလည်း အခု တိတိကျကျ ကျွန်မတို့ ပြောလို့မရသေးပါဘူး။ မနက်ဖြန်ရမှာတော့ သေချာပါတယ်။ နောက်တစ်ပတ်မှာလည်း နောက်ထပ်ရောက်မယ်လို့ ကျွန်မတို့ ခန့်မှန်းထားပါတယ်။ ဒါပေမယ့် မသေချာခင်တော့ ကျွန်မ မပြောချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါကျွန်မတို့အပေါ်မှာတင် မူတည်တာမဟုတ်ပါဘူး၊ ဟိုဘက်က ပို့တဲ့သူတွေအပေါ်မှာ အများကြီး မူတည်ပါတယ်။ ကျွန်မတို့ဘက်ကတော့ လက်ခံဖို့အဆင်သင့်ပဲ။ လက်ခံပြီးတော့ မှန်မှန်ကန်ကန်ပေါ့။ လိုအပ်ချက်အရ သိုလှောင်ဖို့၊ နောက်ပြီးတော့ ထိုးရမယ့်နေရာကို သယ်ယူဖို့ ဒါတွေကတော့ ကျွန်မတို့ဘက်က အဆင်သင့်လုပ်ထားပါတယ်။ သို့သော်ငြားလည်း ပြင်ပက ပို့တဲ့သူတွေဆီကရောက်မှ ကျွန်မတို့က ကျန်တဲ့အစီအစဉ်တွေကို ဆက်ပြီးတော့ လုပ်နိုင်မှာပါ။

ဒီတော့ ဒီကြားထဲမှာပေါ့။ ကျွန်မတို့ ပထမဦးဆုံးလုပ်မှာကတော့ နောက်အပတ်ကိုစဖို့ ကျွန်မတို့ စီစဉ်ထားပါတယ်။ ရှေ့တန်းက ကျန်းမာရေး ဝန်ဆောင်မှုပေးနေတဲ့ ကျွန်မတို့ ပြည်သူတွေ ထိုးဖို့၊ ဝန်ထမ်းတွေနဲ့ပေါ့။ စေတနာ့ဝန်ထမ်းတွေ အပါအဝင် ထိုးဖို့ နောက်အပတ်မှာလုပ်ဖို့ ကျွန်မတို့ စီစဉ်ထားပါတယ်။ အဲဒီလို စပြီးလုပ်ပြီဆိုရင်တော့ လက်တွေ့ကျကျ ဘယ်လို အခက်အခဲတွေ ရှိနိုင်တယ်။ ဘာတွေကျွန်မတို့ ထပ်ပြီးတော့ ပိပိပြင်ပြင် စီစဉ်ဖို့လိုမလဲဆိုတာကို ကျွန်မတို့ သိမှာပါ။ အဲဒီအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့ ဆက်လုပ်သွားမှာပါ။ နောက်ပြီးတော့ အဓိကကျတဲ့ အစိုးရအဖွဲ့ဝင် များနဲ့ အစိုးရဝန်ထမ်းများကို ထိုးတဲ့အစီအစဉ်ကိုလည်း လုပ်မှာပါ။ လွှတ်တော် ကိုယ်စားလှယ်များကို ထိုးတဲ့ အစီအစဉ်ကိုလည်း လုပ်မှာပါ။ ဒါကိုနောက် တစ်ပတ် ဆယ်ရက်အတွင်းလောက်မှာ ဒီအသုတ်တွေကိုတော့ ပြီးအောင်လုပ် လို့ရမယ်လို့ ကျွန်မတို့ ခန့်မှန်းထားပါတယ်။ ဒီကြားထဲမှာ ထပ်ပြီးတော့ ရောက်လာတာနဲ့အမျှ၊ ကာကွယ်ဆေးတွေ ထပ်ပြီးရောက်လာတာနဲ့အမျှ ကျွန်မတို့ တဖြည်းဖြည်းနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ရောဂါပြန့်ပွားမှုကို ကာကွယ် ဖို့အတွက် အရေးကြီးတဲ့နေရာများ၊ နောက်ပြီးတော့လည်း ကျွန်မတို့နိုင်ငံရဲ့ ယန္တရား ပြန်လည်ပြီး ပုံမှန်လည်ပတ်နိုင်ဖို့အတွက် အရေးကြီးတဲ့နေရာများကို ဦးစားပေးပြီးတော့ ကျွန်မတို့အစီအစဉ်တွေ ချမှတ်သွားမှာဖြစ်ပါတယ်။ အစီအစဉ်တွေ ချမှတ်တာနဲ့အမျှ ကျွန်မတို့ ပြည်သူကို အသိပေးမှာပါ။ ဘယ်လို ကြောင့် ဘယ်သူ၊ ဘယ်အုပ်စုတွေကို ကျွန်မတို့ ဦးစားပေးမှာလဲ ဆိုတာကိုလည်း ပြည်သူတွေကို အသိပေးချပြပေးမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကာကွယ်ဆေးရောက်တော့မယ်ဆိုပြီး မပေါ့ပါနဲ့၊ ပေါ့ပေါ့ဆဆ မနေပါနဲ့လို့ ကျွန်မတိုက်တွန်းပါရစေ။ ဒါဟာ သိပ်ပြီးတော့ အရေးကြီးပါတယ်။ စောစောက ကျွန်မပြောတဲ့အတိုင်းပဲ၊ နှစ်ကြိမ်ထိုးမှ ဒီကာကွယ်ဆေးဟာ ထိရောက်မှာပါ။ တစ်ကြိမ်နဲ့တစ်ကြိမ် ကြားထဲမှာလည်း ၂၈ ရက် စောင့်ရပါတယ်။ ဒီတော့ ပထမဦးဆုံး ထိုးပေးလိုက်တဲ့ နောက်အပတ်မှာ စပြီး ပထမဆုံးထိုးပေးလိုက်တဲ့ အုပ်စုဟာ ပထမတစ်ကြိမ်ထိုးပြီးတာနဲ့ ပြီးသွား ပြီဆိုပြီးတော့ အေးအေးဆေးဆေးနေလို့မဖြစ်ပါဘူး။ ကျွန်မတို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကနေ သတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေ အတိုင်း ဆက်ပြီးတော့ မိမိကိုယ်ကိုယ် မိမိ ကာကွယ်သွားရမှာဖြစ်ပါတယ်။ မျက်နှာဖုံးတပ်ရမယ်၊ လက်ဆေးရမယ်၊ လူစုလူဝေးကြားထဲမှာ မသွားရဘူး၊ ခပ်ခွာခွာနေရမယ်စသဖြင့်ပေါ့။ ဒီအခြေခံစည်းမျဉ်းစည်းကမ်းတွေကို ဆက်ပြီး တော့ လိုက်နာသွားဖို့လိုပါတယ်။ အဲဒါပြီး ၂၈ ရက်အကြာမှာ ဒုတိယအကြိမ် ထိုးရပါမယ်။ ပထမအကြိမ်ထိုးပြီးတော့ ပေါ့ဆပြီး စည်းမျဉ်းစည်းကမ်းတွေအရ မနေလို့၊ စည်းမျဉ်းစည်းကမ်းတွေကို အလေးမထားလို့ အဲဒီကြားထဲမှာ ရောဂါ ဖြစ်မယ်ဆိုရင် ဘယ်လောက် နှမြောစရာကောင်းမလဲ။ ကျွန်မတို့ ပထမအကြိမ် ထိုးပေးတဲ့ဆေးကလည်း အဟောသိကံ ဖြစ်သွားမယ်။ နောက် ၂၈ ရက်စောင့် ရုံလောက်နဲ့ ကာကွယ်ဆေးရဲ့အာနိသင် အပြည့်အဝရနိုင်မယ့် အခွင့်အရေးကို လည်း လွတ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုကတည်းကနေပြီး သတိပေး ပါရစေ။ ပထမအကြိမ်ထိုးပြီးရင် ပိုပြီးတော့တောင်မှ သတိထားဖို့ လိုပါတယ်။ တန်အောင်လို့။ ပထမအကြိမ်ထိုးခဲ့ရကျိုးတန်အောင်လို့ အထူးသတိထားပါ။ ဒါမှ ဒုတိယအကြိမ်လည်း ထိုးလိုက်ရော ဒါဟာကာကွယ်ဆေးရဲ့ အာနိသင်ကို အပြည့်အဝရမှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးရဲ့အာနိသင်ကို အပြည့်အဝရမှာလို့ ကျွန်မ ပြောတဲ့ တစ်ချိန် တည်းမှာပဲ ဒီကာကွယ်ဆေးတွေရဲ့ အာနိသင်နဲ့ပတ်သက်လို့ သေသေချာချာ အားလုံး ကျွန်မတို့ မသိသေးပါဘူး။ ဒီဟာဟာ တစ်ကမ္ဘာလုံးအတွက်စမ်းသပ် ကာလပဲဖြစ်ပါတယ်။ ကျွန်မတို့ စမ်းသပ်နေတာ။ ဒီကာကွယ်ဆေးကို စမ်းသပ် နေတာ။ ဘယ်လောက်ထိ ထိရောက်မလဲ၊ ဘယ်လောက်ကြာကြာ ထိရောက် မလဲ၊ ဒါတွေဟာ အခုထက်ထိ သေသေချာချာတော့ မပြောနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ ကာကွယ်ဆေးထိုးပြီးတဲ့အချိန်မှာလည်း ကိုယ့်ရဲ့ ကျန်းမာရေးကို ဂရုစိုက်ပါ၊ သတိထားပါ၊ မပေါ့ပါနဲ့။ ကျွန်မတို့ဟာ သတိနဲ့နေဖို့ အလေ့အထ လေးတစ်ခုတော့ ဖြစ်အောင်လို့ ကျွန်မတို့ ကြိုးစားသွားရမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့လည်း ကျွန်မတို့ ဒီကြားထဲမှာ ကာကွယ်ဆေးမထိုးရသေးတဲ့ သူတွေလည်း အထူး သတိထားဖို့လိုပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အခုချိန်မှာ နိုင်ငံတော်တော်များများမှာ ကျွန်မတို့ ပြည်သူတွေလည်း တချို့လည်း ကြားပြီး သိပြီးသားဖြစ်မှာပါ။ နိုင်ငံတော်တော် များများမှာ မျိုးရိုးဗီဇပြောင်းပြီးတော့ ပိုပြီးတော့ မြန်မြန်ဆန်ဆန်ပြန့်ပွားတဲ့ ကိုဗစ်ရောဂါအဆင့်ကို ရောက်နေပြီလို့ ကျွန်မတို့ဒီလိုပြောလို့ရပါတယ်။ မြန်မြန် ဆန်ဆန်ပြန့်ပွားလေလေ ထိန်းချုပ်ရခက်လေလေပါပဲ။ ဒါကြောင့်မို့ အခုအချိန် မှာ ပိုသတိထားရပါတယ်။ ဗြိတိန်နိုင်ငံမှာလည်း မျိုးရိုးဗီဇအသစ်တစ်ခု ပြန့်ပွား နေတယ်လို့ ကြားသိရပါတယ်။ တချို့ကလည်း တောင်အာဖရိက က မျိုးရိုးဗီဇ ဟာလည်း ဗြိတိန်နိုင်ငံကဟာနဲ့ မတူဘူး။ သူကလည်း ပြန့်ပွားမှုမြန်တယ်လို့ ပြောနေကြပါတယ်။ အဲဒီတော့ တခြားဘယ်နိုင်ငံတွေမှာ ဘယ်လိုဖြစ်ဦးမလဲ ဆိုတာလည်း ကျွန်မတို့အခု ခန့်မှန်းလို့မရပါဘူး။

ဒါကြောင့် အဓိကအားဖြင့်တော့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့၊ ကိုယ့်ကိုယ် ကိုယ် ကာကွယ်ခြင်းအားဖြင့် ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ကာကွယ်ရာရောက် ပါတယ်။ ကိုယ်က ဒီရောဂါမရဘူးဆိုရင် ကိုယ့်ဆီက ဘယ်သူကမှလည်း ကူးနိုင်မှာ မဟုတ်ပါဘူး။ အဲဒါကြောင့်မို့ သတိထားကြပါလို့ ကျွန်မထပ်ပြီးတော့ ဆော်ဩပါရစေ။ နောက်တစ်ခုကတော့ ကျွန်မတို့ ဒီကာကွယ်ဆေးအတွက် ရန်ပုံငွေထူထောင်လိုက်တယ် ဆိုတာလည်း ကျွန်မတို့ ပြည်သူတွေ သိမှာပါပဲ။ ထုံးစံအတိုင်းပါပဲ။ ကျွန်မတို့ ပြည်သူတွေက တကယ်ပဲအရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ အားလုံးကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ထည့်ကြပါ တယ်။ ပထမဦးဆုံးတော့ နိုင်ငံတော်ကနေပြီးတော့ ကျပ် ၁ ဘီလီယံပေါ့။ သန်းတစ်ထောင်ကို ထည့်လိုက်ပါတယ်။ မတည်လိုက်ပါတယ်။

ဒီရန်ပုံငွေကို အခုအလှူရှင်တွေက စေတနာရှင်တွေနဲ့ ဝိုင်းပြီးတော့ ထည့်တာဟာ ၁၈ ဒသမ ၇၈၁ ဘီလီယံ ဖြစ်ပါတယ်။ ကျွန်မတို့ပြည်သူတွေ ဘယ်လောက် ရက်ရောလဲဆိုတာ အဲဒါကို မြင်နိုင်ပါတယ်။ ဒါကတော့ ကျပ်ငွေနဲ့ ပေါ့။ နောက်ပြီးတော့ အမေရိကန်ဒေါ်လာနဲ့ဆိုရင် ကျွန်မတို့ နိုင်ငံတော်ကနေ ပြီးတော့ သန်း ၂၅၀ ပွဲ့ပိုးလိုက်ပါတယ်။ အဲဒီတော့ ဝိုင်းဝန်းပြီးတော့ ပြည်သူ တွေက ထည့်တဲ့ဟာကလည်း ရှိပါသေးတယ်။ အဲဒီတော့ ကျွန်မတို့ အခြေအနေ က ကောင်းတယ်လို့ ကျွန်မပြောနိုင်ပါတယ်။ ဝိုင်းဝန်းပြီးတော့ ပြည်သူတွေက ထည့်တာ ကျွန်မ ထင်တာကတော့ ၂ ဒသမ ၉၇ သန်းကျော်ပါတယ်။ ဒါကတော့ အမေရိကန်ဒေါ်လာနဲ့ပေါ့။ ဒါကျွန်မတို့ အလှူရှင်တွေ ဝိုင်းဝန်းပြီးတော့ ထည့်တာပါ။ ဒီငွေတွေကို ကျွန်မတို့ကနေပြီးတော့ ထိုက်ထိုက်တန်တန်နဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးကာကွယ်ဖို့အတွက် ပြည်သူလူထုကို ကိုဗစ် – ၁၉ ကာကွယ်ရေး ဆေးထိုးပေးနိုင်ဖို့အတွက် သုံးသွားမှာပါ။ ဘာမှလည်း အဖိတ် အစဉ် မဖြစ်စေရပါဘူး။ ပြည်သူတွေအနေနဲ့လည်း ဒီလိုဝိုင်းဝန်းပြီးတော့ ကူညီ မစတဲ့အတွက် ကျွန်မတို့အင်မတန်မှ ကျေးဇူးတင်တယ်လို့လည်း ပြောချင် ပါတယ်။

ကျွန်မတို့နိုင်ငံအတွက် ဂုဏ်ယူစရာလည်းဖြစ်တယ်။ ဝမ်းသာစရာလည်း ဖြစ်တယ်လို့လည်း ပြောချင်ပါတယ်။ အခုအချိန်မှာ နှစ်သစ်အတွက် ကျွန်မတို့ နှစ်သစ်က ကောင်းတဲ့သတင်းတွေနဲ့ စရတယ်လို့ ပြောနိုင်တာပေါ့။ မင်္ဂလာရှိတဲ့ နှစ်သစ်လို့လည်း ပြောနိုင်ပါတယ်။ ဆက်ပြီးတော့လည်း မင်္ဂလာရှိတဲ့နှစ် ဖြစ်သွားပါစေလို့လည်း ကျွန်မအနေနဲ့ ဆုတောင်းပါတယ်။ ပြည်သူတွေကလည်း ဒီလိုမင်္ဂလာရှိတဲ့နှစ် ဖြစ်သွားဖို့အတွက် ကိုဗစ်ရောဂါထိန်းချုပ်ရေး၊ ကိုဗစ်ရောဂါ ကုသရေး အစီအစဉ်တွေအားလုံး အောင်မြင်ဖို့ ဝိုင်းပြီးတော့ ကူညီမစပေးကြပါလို့ ကျွန်မအနေနဲ့ တောင်းခံရင်းနဲ့ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်း မေတ္တာပို့ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် သည် ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ပြီး အဆိုပါအစည်းအဝေးသို့ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **(ယာပုံ)**



### အလေးပေးဖော်ဆောင်

အစည်းအဝေးတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dato Erywan Pehin Yusof က ၂၀၂၁ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း **"သာယာဝပြောသော အာဆီယံအသိုက်အဝန်းဆီသို့ အပြန်အလှန်ဖေးမကူညီမှုဖြင့် အတူတကွ ပြင်ဆင်ဆောင်ရွက်ကြပါစို့" (We Care, We Prepare, We Prosper)** ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိက ဦးစားပေးလုပ်ငန်းစဉ် (၃) ခု ဖြစ်သည့် ပြည်သူကို ဗဟိုပြုလျက် သာတူညီမျှရှိ၍ ကြံ့ကြံ့ခံနိုင်စွမ်းရှိသော အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ဆောက်ရေးအတွက် အာဆီယံ၏ အပြန်အလှန်ဖေးမကူညီမှုကို အခြေခံ၍ ဆောင်ရွက်ရန်၊ အာဆီယံအနေဖြင့် လက်ရှိကာလနှင့် နောင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် အခွင့်အလမ်းသစ်များ ယူဆောင်ပေးနိုင်ရန် ကြံ့ကြံ့ခံရပ်တည်နိုင်စေရေးအတွက် အနာဂတ်ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် ဒေသတွင်း စဉ်ဆက်မပြတ် သာယာဝပြောစေရေးကို မြှင့်တင်ဆောင်ရွက်ရန်နှင့် အားလုံးအတွက် အခွင့်အလမ်းများကို ဖန်တီးပေးရန်တို့ကို အလေးပေးဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေး ဆုံးဖြတ်ချက်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံ၏ ပြင်ပဆက်ဆံရေး၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိစ္စနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

### အာဆီယံ၏ ဦးစားပေးတစ်ခု

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ထောက်ခံလျက် ဦးစားပေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် သိသာထင်ရှားသည့် ရလဒ်ကောင်းများရရှိရန်နှင့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး ကြိုးပမ်းမှုများ ပိုမိုတိုးတက်စေရန် ဘရူနိုင်းဒါရူဆလမ်နိုင်ငံက ဦးဆောင်သွားမည်ဟု ယုံကြည်ကြောင်းနှင့် လုံခြုံစိတ်ချရမှုရှိသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ဆောလျင်စွာရရှိရေးကိုလည်း အာဆီယံ၏ ဦးစားပေးတစ်ခုအနေဖြင့် ဆောင်ရွက်ရန် အရေးကြီးကြောင်းကို ပြောကြားသည်။

### ဆွေးနွေးမှုရလဒ်များ ရှင်းလင်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ ပြန်လည်ဝင်ရောက်လာသူများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးရာ၌ အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ အာဆီယံ ပဏာမဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များကို ဖော်ဆောင်ရန်အတွက် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို စတင်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် အခြေအနေများအပြင် ဇန်နဝါရီ ၁၉ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ပြုလုပ်ခဲ့သည့် မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် သုံးပွင့်ဆိုင် ဒုတိယဝန်ကြီးအဆင့် အလွတ်သဘောအစည်းအဝေး၌ နေရပ်စွန့်ခွာသူများ ပြန်လည်ပို့ဆောင်/လက်ခံရေး စတင်အကောင်အထည်ဖော်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးမှုရလဒ်များကို ရှင်းလင်းပြောကြားသည်။

### ဆက်လက်ပံ့ပိုးကူညီသွားမည်

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးအပြီးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ရာ အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ နေရပ်စွန့်ခွာသူများ ပြန်လည်ပို့ဆောင်/ လက်ခံရေးလုပ်ငန်းစဉ်ကို စတင်နိုင်ရေး ဆောင်ရွက်မှုများအပါအဝင် ရခိုင်ပြည်နယ် အခြေအနေကို ဖြေရှင်းရန် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်များကို ကြိုဆိုပါကြောင်း၊ အသိုက်အဝန်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ အားလုံးပါဝင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးတို့ကို ဆောင်ရွက်ရန်အတွက် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ရန် မြန်မာအစိုးရ၏ ကြိုးပမ်းမှုများကို အာဆီယံအနေဖြင့် ဆက်လက်ပံ့ပိုးကူညီသွားမည်ဟု ထပ်လောင်းအတည်ပြုပါကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံကို ပံ့ပိုးကူညီရန် အာဆီယံအနေနှင့် ပိုမိုထိရောက်သည့် အခန်းကဏ္ဍမှ ပါဝင်ရန် အဆင်သင့်ရှိမှုကိုလည်း ထပ်လောင်းအတည်ပြုကြောင်း၊ အာဆီယံပဏာမဆန်းစစ်လေ့လာမှု အစီရင်ခံစာပါ အကြံပြုချက်များကို ဖော်ဆောင်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်၏ ကြိုးပမ်းမှုများအပေါ် ကျေးဇူးတင်ရှိကြောင်းကို ထပ်လောင်းဖော်ပြအပ်ကြောင်း၊ အလုံးစုံလိုအပ်ချက်ဆန်းစစ်လေ့လာမှု စတင်နိုင်ရေးကိုလည်း မျှော်လင့်ကြောင်းနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်ပို့ဆောင်/လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် ဖြစ်နိုင်ဖွယ်ရှိသည့် နယ်ပယ်များကို ဆက်လက်ဖော်ထုတ်နိုင်ရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ကို တိုက်တွန်းအားပေးကြောင်း ဖော်ပြထားသည်။

ယခုအစည်းအဝေးသည် ၂၀၂၁ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ လက်ထက်တွင် ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ဘရူနိုင်းဒါရူဆလမ်နိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ထမ်းဆောင်မည်ဖြစ်သည်။

**သတင်းစဉ်**

# (၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန အုပ်ချုပ်မှုကောင်စီအစည်းအဝေးများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

(၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေး (38th Special Senior Officials Meeting on Energy) နှင့် (၂၃)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန အုပ်ချုပ်မှုကောင်စီ အစည်းအဝေး (23rd ASEAN Center for Energy Governing Council Meeting) များကို ဇန်နဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် Video Conferencing စနစ်ဖြင့် ကျင်းပလျက်ရှိသည်။ **(ယာပုံ)**



အစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီး (Senior Official on Energy (SOE) Leader) ဖြစ်သူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ကြသည်။

(၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို ယနေ့ကျင်းပရာ ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးတို့မှ စွမ်းအင်ကဏ္ဍနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များအပေါ် လည်းကောင်း၊ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ၂၀၂၁-၂၀၂၅ (ASEAN Plan of Action on Energy Cooperation – APAEC Phase II (2021–2025))နှင့် စပ်လျဉ်း၍ (၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ခဲ့သည်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၁ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ အာဆီယံနှင့် အမေရိကန်နိုင်ငံတို့အကြား ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ကြမည့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို လည်းကောင်း ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထို့ပြင် APAEC Phase II (2021–2025) အစီအစဉ်များအဖြစ် သန့်စင်သော ကျောက်မီးသွေး အသုံးပြုရေးနည်းပညာကဏ္ဍ (Clean Coal Technology)၊ မြို့ပြသုံးနျူကလီးယားစွမ်းအင်ကဏ္ဍ (Civilian Nuclear Energy)၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ (Renewable Energy)၊ စွမ်းအင်ထိရောက်စွာ သုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးကဏ္ဍ (Energy Efficiency and Conservation)၊ ဒေသတွင်း စွမ်းအင်မူဝါဒဆိုင်ရာ စီမံရေးကဏ္ဍ (Regional Energy Policy and Planning)၊ နိုင်ငံဖြတ်ကျော် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးကဏ္ဍ (Trans-Energy Gas Pipeline)၊ အာဆီယံ ဓာတ်အားကွန်ရက်စနစ်နှင့် နိုင်ငံဖြတ်ကျော် ဓာတ်အားကုန်သွယ်ရေးကဏ္ဍ (ASEAN Power Grid) တို့ကို အပြန်အလှန် ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ဆက်လက်၍ ဇန်နဝါရီ ၂၂ ရက်တွင် (၂၃) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန (ASEAN Center for Energy) အုပ်ချုပ်မှုကောင်စီအစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ အစည်းအဝေးတွင် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန၏ ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် ဆောင်ရွက်ပြီးစီးခဲ့မှုများကို လည်းကောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ဦးစားပေး အစီအစဉ်အလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအတွက် ဘတ်ဂျက်လျာထားမှုကို လည်းကောင်း၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန၏ အုပ်ချုပ်မှုဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များကို လည်းကောင်း၊ ASEAN Endowment Fund ၏ ငွေစာရင်း ရှင်းတမ်းနှင့် ရန်ပုံငွေရရှိနိုင်မည့် အခြေအနေများကို လည်းကောင်း အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန အုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသည့် SOE Leaders များက ဆက်လက်ဆွေးနွေး အတည်ပြုကြမည်ဖြစ်သည်။

(၃၉) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၊ စွမ်းအင်ဝန်ကြီးအဆင့် အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၁ ခုနှစ်အတွင်း ဘရူနိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ထိုသို့ ကိုဗစ်-၁၉ ကာကွယ်ရေး လှုပ်ရှားမှုဆောင်ရွက်ရာတွင် မြို့မဈေး (နံနက်ဈေး)၊ လေယာဉ်ကွင်းဈေး (နံနက်ဈေး)၊ လေယာဉ်ကွင်း ရပ်တု လမ်းဆုံနေရာများ၌ ဈေးဝယ်သူ၊ ဈေးရောင်းသူများ၊ လမ်းသွား၊ လမ်းလာ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် သရုပ်ပြ ကပြဖျော်ဖြေခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဆောင်ရန်/ရှောင်ရန် စည်းကမ်းချက်များပါ အသိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ လက်ဆေးခြင်း၊ သရုပ်ပြခြင်း၊ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်ခြင်း၊ နှာခေါင်းစည်း ပေးဝေခြင်းများ ပြုလုပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၁**


ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့နှင့် တွန်းဇံမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

# 7Book Zay Online Bookstore မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၁**

စာအုပ်ထုတ်ဝေသူများ၊ စာအုပ်စာစောင်ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်များ၊ စာရေးဆရာများကြားတွင် ပေါင်းကူးတံတားအသွင် ထွက်ပေါ်လာမည့် 7Book Zay Online Bookstore ၏ မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

### ရုပ်သံဖိုင်ကို ပြသ

ရှေးဦးစွာ စာရေးဆရာကြီးများဖြစ်ကြသည့် ဆရာချစ်ဦးညို၊ ဆရာမောင်သာချို၊ ဆရာမ သန်းမြင့်အောင်၊ ဆရာမ ပုညခင်နှင့် ဆရာမ စပယ်ဖြူနုတို့၏ ဂုဏ်ပြုအမှတ်တရစကားရုပ်သံဖိုင်ကို ပြသသည်။

### အပျော်ဖတ်စာပေများ ထွန်းကား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က အမှာစကားပြောကြားရာတွင် မိမိတို့သည် စာအုပ်ရှားပါးသည့် ခေတ်ကာလတစ်ခုကို ဖြတ်သန်းခဲ့ကြရပါကြောင်း၊ စာဖတ်သူတို့၏ ဝင်ငွေနှင့် စာအုပ်ဈေးနှုန်းကွာဟသည့်အတွက် ဝယ်ယူဖတ်ရှုနိုင်သူ နည်းပါးလာပြီး အငှားဆိုင်များကို အားကိုးပြုခဲ့ရကြောင်း၊ အငှားဆိုင်များသည် စာဖတ်လိုသူတို့၏ အာသီသကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးနိုင်သကဲ့သို့ အငှားဆိုင်ငယ်များ ဖွင့်လှစ်သူတို့အတွက်လည်း စားဝတ်နေရေးအထောက်အကူပြုခဲ့ကြောင်း၊ သို့သော် အငှားဆိုင်ခေတ် စာအုပ်စီးပွားရေးသဘောအရ အပျော်ဖတ်စာပေများ ထွန်းကားရှင်သန်ပြီး လေးနက်သော စာကောင်းပေမွန်များ ပေါ်ထွက်ရန် ခက်ခဲခဲ့ကြောင်း၊ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်သူတို့၌ ဝင်ငွေသင့်တင့် ကောင်းမွန်ပြီး စာအုပ်ဝယ်ယူဖတ်ရှုအား တိုးတက်ဖို့လိုသလို စာအုပ်စာတမ်း ပြည့်စုံသော စာအုပ်ဆိုင်ကြီးများလည်း ရှိနေရန် လိုကြောင်း။

### အလွယ်တကူ ရှာဖွေ၍ရနိုင်

ယနေ့ခေတ်တွင် စာအုပ်စာပေများ ပေါ်များလာပြီး ယခင်ကထက် ဝယ်ယူဖတ်ရှုနိုင်သည့် အခြေအနေမျိုးလည်း ရှိလာနေပြီဖြစ်ကြောင်း၊ နိုင်ငံတကာစာပေများကို ဝယ်ယူရာ၌လည်း များစွာအခက်အခဲမရှိတော့ကြောင်း၊ အင်တာနက်တွင် စာအုပ်စာတမ်းများကို အလွယ်တကူရှာဖွေ၍ ရနိုင်ကြောင်း၊ သို့သော် အင်တာနက်ပေါ်က စာအုပ်စာတမ်းများကို ဝယ်ယူရာ၌ များစွာအဆင်မပြေသေးကြောင်း၊ ထို့ပြင် စာအုပ်ဝယ်သူအနေဖြင့် မဝယ်မီ စာအုပ်ကို ကိုယ်တိုင်ကိုင်တွယ်လှန်လှောမြည်းစမ်းကြည့်ပြီးမှ ဝယ်ယူလိုတတ်ကြကြောင်း။

ထို့ကြောင့် 7Book Zay Online Bookstore ဖွင့်လှစ်သည့်အခါ အွန်လိုင်းတစ်မျိုးတည်း မဟုတ်ဘဲ physical book များပါ ခင်းကျင်းရောင်းချသည့် စာအုပ်ဆိုင်ကြီးမျိုးနှင့် တွဲဖက်စေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများမှာကဲ့သို့ ပြည့်စုံသော နိုင်ငံတကာစာအုပ်အရောင်းဆိုင်ကြီးမျိုး ရှိစေလိုကြောင်း။

### အိမ်တိုင်ရာရောက် ပေးပို့နိုင်

7Book Zay Online Bookstore ဆောင်ရွက်ခြင်းသည် စီးပွားရေးလုပ်ငန်းတစ်ခုသာမက စာပေလောကအတွက်၊ ပြည်သူများအတွက် ပိုမိုပြည့်စုံအောင် ဖန်တီးဆောင်ရွက်သည့် အလုပ်တစ်ခုဟု ထင်မြင်ပါကြောင်း၊ မိမိတို့ နိုင်ငံတွင် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရေးသူက အရင်းခံအဖြစ် စတင်ရမည် ဖြစ်ပါကြောင်း၊ စာရေးသူများ ပိုမိုပြောင်မြောက်သည့် စာကောင်းပေမွန်များ ဖန်တီးနိုင်ရန် အခွင့်အလမ်းများ ရှိရမည်ဖြစ်ပြီး ထိုစာပေများကို ထုတ်ဝေပေးမည့် ထုတ်ဝေသူများလည်း ရှိရမည်ဖြစ်ပါကြောင်း၊ ထုတ်ဝေသူများက ထုတ်ဝေပြီး စာပေများကို ဖြန့်ချိရန် ခက်ခဲမှုများကိုလည်း တွေ့ကြုံခဲ့ရပါကြောင်း၊ ထို့ကြောင့် ဖြန့်ချိရောင်းချသူများသည်လည်း အရေးကြီးပါကြောင်း၊ ဆိုလိုချင်သည်မှာ စာပေလောကအတွက် စာရေးသူ၊ ထုတ်ဝေသူနှင့် ဖြန့်ချိသူများသည် အရေးကြီးပါကြောင်း၊ ယခု အွန်လိုင်းစနစ်ဖြင့် စာအုပ်များ ရောင်းချရာတွင် အပြောင်းအလဲရှိပြီး ပေးပို့ပေးရသည့်စနစ်ပြောင်းလဲလာကာ အိမ်တိုင်ရာရောက် ပေးပို့နိုင်ပြီ ဖြစ်ပါကြောင်း။

ထို့အတူ စာပေဝေဖန်ရေးသမားများသည် စာပေတိုးတက်ရေးအတွက် များစွာအထောက်အကူပြုပါကြောင်း၊ စာအုပ်စာပေနှင့် ပတ်သက်၍ မည်သည့်စာအုပ်က ကောင်းသည်၊ မည်သို့ဖြစ်သည်ကို ညွှန်းဆိုသည့်၊ နှိုင်းယှဉ်သုံးသပ်ပြသည့် စာပေဝေဖန်ရေးသည်လည်း လိုအပ်ပါကြောင်း၊ အွန်လိုင်းစာအုပ် ရောင်းချရာတွင်လည်း ကျွမ်းကျင်သူတို့၏ ဝေဖန်သုံးသပ်ချက်များ၊ အညွှန်းများနှင့် ရောင်းချမှုများလည်း ရှိပါကြောင်း၊ စာပေဝေဖန်သုံးသပ်ချက်များ စုစည်းဖော်ပြပေးခြင်းသည် စာအုပ်ရောင်းချမှုအတွက် အထောက်အကူပြုသည့် အစီအစဉ်တစ်ခုဖြစ်ပါကြောင်း။

### အစပျိုးနေသည့် အဆင့်သာရှိ

အလားတူ စာပေချစ်သူများအတွက် Book Club များ ဆောင်ရွက်နေသည်များရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက Book Club များ ဆောင်ရွက်နေသည်လည်း ရှိပါကြောင်း၊ သို့သော် အစပျိုးနေသည့် အဆင့်သာရှိပါသေးကြောင်း၊ ထို့အတွက် စာပေပညာရှင်များနှင့် စာအုပ်လုပ်ငန်းများက ဦးဆောင်လုပ်ကိုင်ပါက ထွန်းကားလာနိုင်မည်ဟု ထင်မြင်ပါကြောင်း၊ နိုင်ငံတကာတွင် Book Club များမှ စာအုပ်များ ပိုမိုရောင်းရသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ Book Club နှင့် ပတ်သက်သည့် စာပေယဉ်ကျေးမှုထွန်းကားလာရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ထွန်းကားနေသည့် စာပေဟောပြောပွဲအလေ့အထသည် ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် ကျုံ့သွားသော်လည်း အွန်လိုင်းမှတစ်ဆင့် မည်သို့ဆောင်ရွက်နိုင်မည်၊ ထို့အတူ စာအုပ်စာပေနီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများကိုလည်း မည်သို့ ဆောင်ရွက်နိုင်မည်ကို စဉ်းစားစီစဉ်ဆောင်ရွက် စေလိုပါကြောင်း၊ စာအုပ်ပြသရောင်းချသည့် စာအုပ်ပွဲတော်များကို ကျင်းပနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါအကြောင်းအရာများသည် စာပေလောကအတွက် လိုအပ်သည့် အကြောင်းအချက်များဟု မိမိအနေဖြင့် ထင်မြင်ပြီး ထိုအရာများအတွက် စာပေလုပ်ငန်း လုပ်ကိုင်သူများ စုစည်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

### မီဒီယာနှင့် နည်းပညာပေါင်းစပ်

ယင်းနောက် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်းက ကိုဗစ်ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် နည်းပညာ အသုံးပြုမှုနှင့်အတူ အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ စာအုပ်စာပေရောင်းချရာတွင် အွန်လိုင်းမှ ရောင်းချလာကြပြီး နိုင်ငံအတွင်းမှ စာအုပ်တိုက်များမှ ထွက်ရှိလာသည့် စာအုပ်များကို ယုံကြည်စိတ်ချစွာ ရောင်းချနိုင်သည့် e-commerce platform များ ပေါ်ပေါက်လာစေလိုပါကြောင်း၊ ထို့အတွက် နည်းပညာကျွမ်းကျင်သူများနှင့် မိမိတို့အသင်း တိုင်ပင်ဆွေးနွေးကြပါကြောင်း၊ စာပေဖန်တီးမှုများကို စာဖတ်ပရိသတ်အကြား ပိုမိုမြန်ဆန်နိုင်သည့် ဆက်သွယ်မှုကို ဖန်တီးကြရန် ဆွေးနွေးကြပါကြောင်း၊ သို့သော် နည်းပညာကုမ္ပဏီတိုင်းသည် စာပေနှင့်ပတ်သက်၍ ဖြစ်ချင်သည့် ဆန္ဒတိုင်းကို လုပ်ဆောင်ပေးနိုင်ရန် အခက်အခဲရှိပါကြောင်း၊ ယခု 7 day သည် မီဒီယာလုပ်ငန်းကိုလည်း ကျွမ်းကျင်သလို နည်းပညာကိုလည်း ကျွမ်းကျင်သူများ ဖြစ်သည့်အတွက် မီဒီယာနှင့် နည်းပညာပေါင်းစပ်ကာ မိမိတို့အသင်းမှ အကြံပြုချက်များကို ယခုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထုတ်ဝေသူများကိုယ်စား၊ ဖြန့်ချိသူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### ပါဝင်လုပ်ကိုင်ခွင့်ပြု

ဆက်လက်၍ Information Matrix Co., Ltd အမှုဆောင်အရာရှိချုပ် ဦးသောင်းစုငြိမ်းက ကိုဗစ်ကပ်ရောဂါသည် အပြောင်းအလဲတစ်ခုကို တွန်းပို့လိုက်ပြီး မိမိတို့ကုမ္ပဏီအနေဖြင့် ကိုဗစ်ကာလတွင် လုပ်ငန်းသစ်အဖြစ် စတင်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့သည် မီဒီယာလုပ်ငန်းကို လုပ်ကိုင်နေသူများဖြစ်ပြီး စာပေလောကနှင့် အလှမ်းမဝေးသည့်အတွက် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ စာပေနှင့် နည်းပညာ ပညာရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ စာပေ ချစ်မြတ်နိုးသူများအတွက် စာအုပ်များကို အွန်လိုင်းမှ ရောင်းချသွားမည်ဖြစ်သလို e-book နှင့် audio book များကိုလည်း ရောင်းချသွားမည် ဖြစ်ပါကြောင်း၊ နည်းပညာနှင့် မီဒီယာကုမ္ပဏီဖြစ်သော်လည်း စာပေလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်လုပ်ကိုင်ခွင့်ပြုသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်းနှင့် အမှုဆောင်အရာရှိချုပ် ဦးသောင်းစုငြိမ်းတို့က 7Book Zay Online Bookstore အား Virtual Ribbon Cutting ဖြင့် ဖွင့်လှစ်ကာ 7Book Zay နှင့် Book Fair အကြောင်း ရုပ်သံဖြင့် ရှင်းလင်းတင်ဆက်သည်။

ယင်းနောက် “New Normal Life နှင့် စာအုပ်ထုတ်ဝေရေးလောက အပြောင်းအလဲများ” ခေါင်းစဉ်ဖြင့် စကားဝိုင်း(၁) ကျင်းပရာ ကိုအောင်စည်သာ (စိတ်ကူးချိုချိုစာအုပ်တိုက်) က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး စာရေးဆရာ၊ ဆရာမများဖြစ်ကြသည့် မိုးရှင်း(I.M.T)၊ ဒေါက်တာစိမ့်စမ်းဖြူ၊ ခင်နှင်းကြည်သာနှင့် သျှားသုတို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ဦးမြင့်ထွန်း (ဆုပြည့်စုံထွန်းစာအုပ်တိုက်)၊ ဆရာကောင်းသန့် (ကောင်းသန့်စာအုပ်တိုက်)၊ ဦးသိန်းလွင် (လင်းလွန်းခင်စာအုပ်တိုက်)၊ ဒေါ်နန်းအိအိဇာ (နန်းဒေဝီစာအုပ်တိုက်)၊ ဦးနေမျိုးညွန့် (စာပေလောကစာအုပ်တိုက်)တို့ ပြောကြားသည့် စာအုပ်တိုက်များ၏ ဂုဏ်ပြုအမှတ်တရစကား ရုပ်သံဖိုင်ကို ပြသသည်။

### ပါဝင်ဆွေးနွေး

ယင်းနောက် “စာဖတ်ခြင်းနှင့် အွန်လိုင်းစာအုပ်စင်” ခေါင်းစဉ်ဖြင့် စကားဝိုင်း (၂) ကို ကျင်းပရာ စာရေးဆရာ ဒေါက်တာဖြိုးသီဟက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး စာရေးဆရာ၊ ဆရာမများဖြစ်ကြသည့် လင်္ကာရည်ကျော် (ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်ကျော်)၊ မထက်ရည် (Brand You)၊ ဦးမောင်မောင်စိုး (Save the Library စာကြည့်တိုက်များကွန်ရက်တည်ထောင်သူ)၊ ကိုကျော်ထက်အောင် (ရုပ်ရှင်သရုပ်ဆောင်၊ အစီအစဉ်တင်ဆက်သူ၊ နည်းပြ)တို့က ပါဝင်ဆွေးနွေးကြသည်။

**သတင်းစဉ်**

## ရွှေဘိုငါးလုပ်ငန်းစခန်း စုပ်ခွက်ငါးအန္တရာယ် အသိပေးနှိုးဆော်

**ရွှေဘို ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ရွှေဘိုငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် စုပ်ခွက်ငါးအန္တရာယ် အသိပေးနှိုးဆော်ချက် ဗီနိုင်းပိုစတာများအား ရွှေဘို-ညောင်ပင်သာ-ရေဦး ကားလမ်းနှင့် မူးသုံးခွသွား လမ်းဆုံ၊ ရွှေဘိုငါးလုပ်ငန်းစခန်းအနီးတွင် ယမန်နေ့က စိုက်ထူခဲ့သည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် ငါးရိက္ခာဖူလုံစေရန်၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းဆောင်ရွက်လျက်ရှိပြီး ယခုအခါ သဘာဝငါးသယံဇာတများကို ပျက်စီးစေပြီး၊ တိုင်းရင်းငါးမျိုးမဟုတ်သော ဒေသခံတိုင်းရင်းငါးများကို ထိခိုက်ပျက်စီးစေသည့် ပြည်ပမှ ပြည်တွင်းသို့ တရားမဝင် တင်သွင်းလာသော အာဖရိကငါးခူ ၊ ပြည်ပငါးရံ့၊ ပြည်ပမျိုးစိတ် အလှမွေးငါး ( ပီးကော့ ) နှင့် စုပ်ခွက်ငါးများကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်း၌ သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် သဘာဝ ( မြစ်၊ ချောင်း၊ အင်းအိုင် )များသို့ လွှတ်ခြင်း စသည်တို့ မပြုလုပ်ကြရန် သတိပေးတားမြစ်ချက်များ ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အရှေ့ကိုလျှောက်ပါလို့ အနောက်ကိုတဲ့ မျှော်လိုက်ရင်

**သန္တာခင်**

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ပုံရိပ်တို့သည် ၇၅ နှစ်ဆိုသော ကာလ၏ ဝါးမျိုခြင်းဖြင့် ပျောက်ကွယ်လုမတတ် ကျန်ရစ်ခဲ့ပေပြီ။ စင်စစ် ခေတ်စနစ်အဆက်ဆက်တွင် ရှင်သန်၊ အချိုးအကွေ့ပေါင်းများစွာကိုကျော်ဖြတ်၊ အခြေအနေအချိန်အခါနှင့်အညီ ပြုပြင်တီထွင်၊ အားမာန်သွင်းရပ်တည်ရင်း၊ ပြည်သူကို အလုပ်အကျွေးပြုခဲ့သော ပုံရိပ်တို့သည် ဝေဝါး ပျောက်ကွယ်ကောင်းသည့်အရာများ မဟုတ်ကြပါ။**

**အသံလွှင့်ရုံဘဝအစ**

၁၉၃၇ခုနှစ်၊ မြန်မာနိုင်ငံ ကိုလိုနီလက်အောက်၌ ရှိစဉ်ကာလ မင်္ဂလာဒုံဝါယာလက်၊ ကျိုက္ကလို့စေတီအနီး မာကိုနီအသံလွှင့်စက်ငယ်ကလေးတစ်လုံးဖြင့် ဓာတ်ပြားသီချင်းများ စမ်းသပ်ထုတ်လွှင့်ကာ စတင်သန္ဓေတည်ခဲ့ရာမှ ယနေ့တပ်ကုန်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဆိုသည့် ခမ်းနားထည်ဝါသော အခြေအနေမျိုးရောက်သည်အထိ ဖြတ်သန်းလျှောက်လှမ်းရသော မြန်မာ့အသံ၏ ခြေလှမ်းတိုင်းသည် အလွမ်းကဗျာ၊ ပန်းကဗျာများ မဟုတ်ပါ။ ဖွဲ၊ သတ္တိ၊ စေတနာကျောက်သားများဖြင့် ထုဆစ်ထားခဲ့သော သမိုင်းမှတ်တိုင်များသာဖြစ်ပါသည်။

၁၉၃၇ ခုနှစ်တွင် မာကိုနီအသံလွှင့်စက်လေးဖြင့် စမ်းသပ်ထုတ်လွှင့်ကြရာမှ ၁၉၃၉ ခုနှစ်၊ မြန်မာနိုင်ငံတော်အစိုးရအသံလွှင့်ဌာနဟု ကင်ပွန်းတပ်မှည့်ခေါ်ခဲ့သော အသံလွှင့်ရုံမှ ဓာတ်ပြားသီချင်းများ၊ ဟောပြောချက်များ၊ ကာလပေါ်တီးဝိုင်းများ၊ သီချင်းကြီး အသံလွှင့် ပြဇာတ်စသည်များအပြင် ဒုတိယကမ္ဘာစစ်ကာလဖြစ်သဖြင့် လေကြောင်းရန် ကာကွယ်ရန် အရေးကြီးသော စီမံချက်သတင်းများ၊ မြို့သူမြို့သားများလိုက်နာဆောင်ရွက်ရမည့်အချက်များ စသည်တို့ကိုထုတ်လွှင့်နိုင်ခဲ့သော်လည်း ဂျပန်တို့၏ ထိုးစစ်ကြောင့်လည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်၏ တိုက်ခိုက်မှုများကြောင့်လည်းကောင်း အသံလွှင့်ရုံကို ဗြိတိသျှတို့သည် မေမြို့ (ပြင်ဦးလွင်)သို့ ရွှေ့ပြောင်းခဲ့ရ၏။ မေမြို့တွင် နှစ်လနီးပါးမျှသာ အသံလွှင့်ခဲ့ရပြီး ဂျပန်ခြေလျင်တပ်တို့၏ ထိုးဖောက်လာမှုကြောင့် ၁၉၄၂ ခုနှစ်တွင် တစ်ခါတည်း ပိတ်ပစ်ခဲ့ရ၏။

ဂျပန်ခေတ် ၁၉၄၂ ခုနှစ် ဩဂုတ်လတွင် အသံလွှင့်လုပ်ငန်းပြန်လည်စတင်ခဲ့၏။ ထိုကာလ ထူးခြားစွာ အသံလွှင့်ပေးနိုင်သည်များမှာ ဗမာ့လွတ်လပ်ရေး၊ ကြေညာသည့် အခမ်းအနားနှင့် ၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်တွင် ရွှေတိဂုံဘုရားအနီး တော်လှန်ရေးပန်းခြံတွင် ပြုလုပ်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်၏ စစ်ထွက် အခမ်းအနားကျင်းပပုံများကို တိုက်ရိုက်အသံလွှင့်ပေးခဲ့ရခြင်းဖြစ်၏။ သို့သော်လည်း ၁၉၄၅ ခုနှစ် အိန္ဒိယဘက်မှ မဟာမိတ်တပ်များ ပြန်လည်ထိုးစစ်ဆင်လာသဖြင့် ဂျပန်ခေတ် အသံလွှင့်လုပ်ငန်း လုံးဝဇာတ်သိမ်းသွားခဲ့ရတော့၏။

၁၉၄၆ ခုနှစ်တွင်မူ Burma Broadcasting ဆိုသော နာမည်ကိုရယူပြီး အသံလွှင့်ကဏ္ဍသစ်ကို စတင်ခဲ့၏။ မြန်မာ့အသံသည် ဤအချိန်မှစ၍ စစ်ဘေးဒဏ်ခံရ၍ ယိုယွင်းလျက်ရှိသော တိုင်းပြည်၏ ထူထောင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုတို့အတွက် စတင် ရပ်တည်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်၏။

**ဗမာ့အသံခေတ်ဦး**

၁၉၄၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပါတီအဖွဲ့အစည်းများ စတင်ပေါ်ပေါက်လာလျက်ရှိရာ တိုင်းပြည်ပြန်လည် ထူထောင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုများ ဆောင်ရွက်ရာတွင် ငါ့ပါတီနှင့်ငါသာ အရေးကြီးသည်ဆိုသည့် အတ္တမာနကို ချိုးနှိမ်ပေးသော ပြုပြင်ရေး ရေဒီယိုပြဇာတ်တစ်ခုကို ဗမာ့အသံမှ ထုတ်လွှင့်ခဲ့၏။ စာရေးဆရာမောင်ထင်(ဦးထင်ဖတ်)၏ ဘာအရေးကြီးဆုံးလဲ ရေဒီယိုပြဇာတ်ဖြစ်ပါသည်။ ထိုခေတ်ကာလ ပြန်လည်ထူထောင်ရေးတေးတစ်ပုဒ်ဖြစ်သော ဆရာရန်နိုင်စိန်၏ “လူထုအားကို အများကြီးလိုသည်ဗိုလ်ချုပ်အစိုးရ အချိုးကျကူညီ”ဆိုသော တေးသည် ထင်ရှား၏။

ထိုကာလသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရန် အာရုံစူးစိုက်နေချိန်ဖြစ်ရာ ဗမာ့အသံမှနေ၍ ကန်တော်မင်ပန်းခြံနှင့် ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပသည့် လူထုစည်းဝေးပွဲကြီးများ၌ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားသော မိန့်ခွန်းများကို ဓာတ်ပြားများဖြင့် အသံသွင်းယူပြီး တိုင်းပြည်သို့ အသံလွှင့်ပေးခဲ့၏။ တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပပုံများ၊ လွှတ်တော်အတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်များ




မိန့်ကြားသည့် မိန့်ခွန်းများကိုလည်း အသံသွင်းယူ၍ အသံလွှင့်ပေးခဲ့၏။ ၁၉၄၇ ခုနှစ် ဇန်နဝါရီ၊ အောင်ဆန်း–အက်တလီစာချုပ်ချုပ်ဆိုရန်အတွက် ဗိုလ်ချုပ် ဘိလပ်သွားရောက်ခဲ့စဉ် ဗိုလ်ချုပ်တို့လှုပ်ရှားလုပ်ကိုင် ဆောင်ရွက်ခဲ့ပုံများကိုလည်း တင်ပြခဲ့သေး၏။

၁၉၄၇ခုနှစ်၊ မြန်မာပြည်သူတစ်ရပ်လုံး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် စည်းလုံးစွာ တိုက်ပွဲဝင်ခဲ့ချိန် ဗမာ့အသံ၏ အထင်ရှားဆုံးစွမ်းဆောင်နိုင်မှုမှာ မြန်မာတို့နှင့် တောင်တန်းဒေသများ စည်းလုံးမှုကြီးကို ပင်လုံကွန်ဖရင့်ကြီး၌ သဘောတူညီချက်ရရှိပြီးဖြစ်ကြောင်း သတင်းကောင်းကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်ညတွင် မြန်မာ၊ ရှမ်းနှင့် အင်္ဂလိပ် သတင်းပိုင်းမှ အသံလွှင့်ကြေညာနိုင်ခဲ့ခြင်းဖြစ်၏။

၁၉၄၇ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင်မူ ဗမာ့အသံမှနေ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရမှုသတင်းဆိုးကို ပြည်သူများထံ မလွှဲမရှောင်သာ အသံလွှင့်ကြေညာခဲ့ရပြန်သည်။ ထိုသို့ အသံလွှင့်ကြေညာပြီးချိန်မှစ၍ တစ်ပတ်တိတိ ဓာတ်ပြားသီချင်းနှင့် တေးဂီတဖျော်ဖြေခန်းအားလုံးကို ရပ်ဆိုင်းထားခဲ့၏။ ၎င်းအစီအစဉ်များအစား ကွယ်လွန်သူ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုရေးသားထားသည့် သတင်းဆောင်းပါးများ၊ တိုင်းသူပြည်သားများအနေဖြင့် ရန်တုံ့ပြန်ခြင်းမပြုဘဲ အေးချမ်းငြိမ်သက်စွာနေကြပါရန် မေတ္တာရပ်ခံထားသည့် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏စာများ၊ ဖဆပလအဖွဲ့ချုပ်၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဌာနချုပ်၊ ဗမာ့လွတ်လပ်ရေး အမျိုးသမီးအဖွဲ့အစည်း၊ ဗမာနိုင်ငံလူငယ်များ အစည်းအရုံး၊ ဗမာမူဆလင်အဖွဲ့ချုပ်အစရှိသည့် ဖဆပလ အလံတော်အောက်ရှိ အသင်းအဖွဲ့များမှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာများကြေညာချက်များကို အသံလွှင့်ဖတ်ကြားပေးခဲ့သည်။ ဈာပနအခမ်းအနားကျင်းပသည့်နေ့တွင် အခမ်းအနားကျင်းပခဲ့ပုံများကို ညပိုင်းတွင် အသံလွှင့် ကြေညာပေးခဲ့ရ၏။ ၎င်းရက်များအတွင်း အဆိုတော် စိန်ပါတီ သီဆိုသည့် “လွမ်းမပြေတဲ့ပန်းခွေ”၊ “ပြည့်သူရင်သွေး”၊ “ဗမာ့သားကောင်း” စသည့်သီချင်းများအပြင် ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် သီချင်းများကို ရွေးချယ်တင်ဆက်၍ ကြိမ်မီးအုံးသကဲ့သို့ သောကပရိဒေဝကို ရင်မှာပိုက်နေရသည့် ပြည်သူကို နှစ်သိမ့်မှုပေးခဲ့ရ၏။

မြန်မာနိုင်ငံ၏ နိုင်ငံရေး ဒီရေအတက်အကျတွင် အစုန်အဆန် လိုက်ပါစီးမျောရင်း ပြည်သူကို တာဝန်ကျေခဲ့ရပုံများထဲမှ သမိုင်းမှတ်တမ်းဝင်တင်ပြရမည့် အစီအစဉ်တစ်ခုမှာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ အချိန် မြန်မာ့လွတ်လပ်ရေး အလံတင်အခမ်းအနားကို အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် တိုက်ရိုက်ကြေညာပေးခဲ့ရခြင်းဖြစ်၏။ နံနက် ၉ နာရီအချိန်တွင်လည်း လွတ်လပ်ရေးကြေညာစာတမ်းကြေညာသည့်အခမ်းအနားကို တိုင်းပြုပြည်ပြုလွှတ်တော်မှနေ၍ တိုက်ရိုက်အသံလွှင့်ပေးခဲ့ပြန်ပါသည်။ ထိုရက်သတ္တတစ်ပတ်လုံးလုံး လွတ်လပ်ရေးနှင့် ပတ်သက်သောအစီအစဉ်များ၊ ကျက်သရေမင်္ဂလာရှိသော တေးသီချင်းများကို ဂုဏ်ပြုတင်ဆက်ခဲ့၏။ ထိုလွတ်လပ်ရေးနေ့ ဗိုလ်ရှုသဘင်အခမ်းအနားများကို ကျင်းပရာ ဗိုလ်ရှုသဘင်မှနေ၍ ၁၉၄၈ ခုနှစ်မှစ၍ တိုက်ရိုက် အသံလွှင့်ပေးခဲ့သည်မှာ ၁၉၆၂ ခုနှစ်အထိ ဖြစ်ပေတော့သည်။ ဂီတာတင်အုံးရေးစပ်ပြီး မြသက်မူသီဆိုခဲ့သည့် ဗိုလ်ရှုသဘင်တေးသည် မြန်မာ့အသံမှ ထပ်ခါတလဲထုတ်လွှင့်ဂုဏ်ပြုခဲ့သော တေးဖြစ်၏။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း၊ ကွန်မြူနစ်နှင့် ရောင်စုံ သောင်းကျန်းသူအင်အား ၅၀၀၀၀ ခန့်အထိ ရှိလာသည်ဟု မှတ်သားရဖူး၏။

ပြန်လှည့်ခဲ့တော့ရဲဘော်၊ တွေးမနေနဲ့ရဲဘော်၊ ရှောင်မပြေးနဲ့ မောင်လေးရယ်၊ မောင်ကြီးရယ် ပြန်လာပါတော့ စသော တေးသီချင်းများသည် တောတွင်းမှ သောင်းကျန်းသူများ လက်နက်ချ အလင်းဝင်ရန် လှုပသော ဖိတ်ခေါ်မှုများဖြစ်၏။ မေလှမြိုင်သီဆိုအောင်မြင်ခဲ့သော ရှောင်မပြေးနဲ့ မောင်လေးရယ်သီချင်းတွင် “အို ..မောင်လေး ...မောင်လေး၊ ရှောင်မပြေးပါနဲ့ မောင်လေးရယ် ရောယောင် နောက်လိုက် အမြှောက်ကြိုက်ကလေးရယ်...” ဆိုသော စာပိုဒ်ကို လူအများနှစ်ခြိုက်ခဲ့ကြရပြီး တေးသံရှင် တင်တင်မြ သီဆိုခဲ့သော “မောင်ကြီးရယ် ပြန်လာပါတော့ ပျိုလေးမှာ တွေးခါခါမော့၊ လွမ်းလှပေါ့၊ တမ်းတပေါ့၊ ပြန်လမ်းဆီသို့သာ” ဆိုသော သီချင်းမှာလည်း အလွမ်းရသတစ်မျိုးဖြင့် အောင်မြင်ခဲ့ရ၏။ “တွေးမနေနဲ့ရဲဘော်၊ ငေးမနေနဲ့ ရဲဘော်၊ ငြိမ်းချမ်းရေးသို့ရည်မျှော်”ဟု မာန်ပါပါ သီဆိုထားသော တေးသံရှင်ရဲဘော်စိုးနိုင်၏ တေးမှာလည်း ငြိမ်းချမ်းရေး ဖိတ်ခေါ်သံတစ်ခုဖြစ်ခဲ့၏။

ဖဆပလခေတ် ဗမာ့အသံ၏ ထင်ရှားသည့် ကြိုးပမ်းမှုတစ်ခုမှာ ၁၉၆၁ ခုနှစ် ဩဂုတ်လ ၁၇ ရက် နိုင်ငံတော်ဘာသာပြဋ္ဌာန်းရေးအဆိုတင်သွင်းမဲခွဲသည့် အစည်းအဝေးကိုလည်း ညသန်းခေါင်ကျော်အထိ တိုက်ရိုက်အသံလွှင့်ပေးခဲ့ခြင်းဖြစ်၏။

**မြန်မာ့အသံအဖြစ်သို့ ရောက်ရှိခြင်း**

ဦးနု ဦးဆောင်သော သန့်ရှင်းအစိုးရသည် ၁၉၅၈ ခုနှစ် ဇွန်လ ၉ ရက်နေ့ ပါလီမန်လွှတ်တော်အစည်းအဝေး၌ ဦးဘဆွေခေါင်းဆောင်သော တည်မြဲဖဆပလ အမတ်များကို အနိုင်ရရှိခဲ့သော်လည်း နိုင်ငံ၏ စီးပွားရေး၊ ငြိမ်ဝပ်ပိပြားရေး စသည်တို့ တည်ငြိမ်မှုမရှိသဖြင့် ဗိုလ်ချုပ်နေဝင်းအား အစိုးရအဖွဲ့၏ တာဝန်များလွှဲပြောင်းယူရန် ဖိတ်မန္တကပြုကြောင်း ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဦးနုကိုယ်တိုင် အသံလွှင့်ကြေညာခဲ့၏။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံ၏ သမိုင်းတွင် Caretaker Government အိမ်စောင့်အစိုးရဆိုသည်မှာ ပေါ်ပေါက်လာခဲ့၏။

အိမ်စောင့်အစိုးရ၏ မူဝါဒကို ဖောင်းပေးထောက်ပံ့သော အစီအစဉ်များ ပိုမိုတိုးချဲ့လာရ၏။ ထိုအချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လျော့ရဲလာသည် သာမက ပြည်တွင်းသောင်းကျန်းမှုများ၊ နိုင်ငံရေး ဂိုဏ်းဂဏကွဲပြားမှုများ ပြင်းထန်လာခဲ့ရာ တွဲဖက်အစီအစဉ်မှ စစ်မြေမှ ချစ်ဆွေ၊ ရဲဘော်သင်သိပါသလား၊ သာစုနှင့် အာယု ဆွေးနွေးခန်းတို့ တိုးချဲ့ ထုတ်လွှင့်ပေးခဲ့ရ၏။ ထိုအိမ်စောင့် အစိုးရလက်ထက် ၁၉၅၈ ခုနှစ်တွင် ဗမာ့အသံမှ မြန်မာ့အသံသို့ ပြောင်းလဲသတ်မှတ်ခဲ့ပြီး ပြည်လမ်းသို့ ပြောင်းရွှေ့ခဲ့ကြ၏။

အိမ်စောင့်အစိုးရလက်ထက် ဥက္ကလာနှင့် သာကေတ မြို့သစ်များတည်ဆောက်ကာ၊ မြို့တော်ကို ချွေးဖြင့်ဆေးမည်ဆိုသည့် မူဝါဒကိုင်စွဲလျက်၊ ရန်ကုန်မြို့အတွင်း မြို့သူမြို့သားများ မိမိရပ်ကွက်မြို့ရွာများ၊ တနင်္ဂနွေနေ့တိုင်း လုပ်အားပေးဆောင်ရွက်ကြသည်ကို အထောက်အကူ ဖြစ်စေရန် မြို့ရွာတစ်ခွင်လှည့်လည်စဉ် ကဏ္ဍကိုလည်း တိုးချဲ့ထုတ်လွှင့်ခဲ့၏။

ထိုကာလအထူးခြားဆုံးထုတ်လွှင့်မှုမှာ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများအား မြန်မာ့အသံမှနေ၍ အသံလွှင့်ခွင့်ပေးခဲ့ခြင်းဖြစ်၏။ ထိုစဉ်က နိုင်ငံရေးပါတီများဖြစ်ကြသော သန့်ရှင်း၊ တည်မြဲ၊ ပ.မ.ည.တ တို့သည် ရွေးကောက်ပွဲမကျင်းပမီ နှစ်လခန့်အလိုတွင် မြန်မာ့အသံမှတစ်ဆင့် ၎င်းတို့ပါတီ၏ မူဝါဒသဘောထားများကို တင်ပြခွင့်ရခဲ့ကြ၏။ ရွေးကောက်ပွဲ အနိုင်အရှုံးစာရင်းများကိုလည်း မြန်မာ့အသံမှပင် ကြေညာပေးခဲ့ရလေ၏။

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မြန်မာ့အသံ**

၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်ဖတ်ကြားသော နိုင်ငံတော်အာဏာကို ဗမာ့တပ်မတော်မှ တာဝန်ယူစောင့်ရှောက်ရန် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း မြန်မာ့အသံမှ ကြေညာခဲ့၏။

တော်လှန်ရေးကောင်စီသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ဖျက်သိမ်း၍ ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးကို အကောင်အထည်ဖော်ရန် ဦးတည်ခဲ့၏။ ထို့ကြောင့် ခေတ်ပြောင်းကာလနှင့် ကိုက်ညီမှုမရှိသော အသံလွှင့်အစီအစဉ်အချို့လည်း ရပ်ဆိုင်းခဲ့သည်။

တော်လှန်ရေးကောင်စီတက်လာပြီး နောက်ပိုင်း တောင်သူလယ်သမားကဏ္ဍ အသံလွှင့်ကော်မတီ၊ အလုပ်သမားကဏ္ဍအသံလွှင့်ကော်မတီ၊ လူငယ်ကဏ္ဍ အသံလွှင့်ကော်မတီများကိုလည်း ဖွဲ့စည်းထားရှိခဲ့ပြီး တောင်သူလယ်သမားထုကြီးအတွက် တောင်သူလယ်သမားရေးရာ ဖြေကြားလွှာ၊ စိုက်ပျိုးရေးရာ အဖြေလွှာ၊ ကျေးလက်စာတိုက်၊ ဒို့ကျေးရွာ၊ ကျေးလက်ဇာတ်လမ်း စသော အစီအစဉ်များ၊ အလုပ်သမားထုကြီးအတွက် လုပ်ငန်းတစ်ခွင်လှည့်လည်စဉ်၊ အလုပ်သမားရေးရာ အဖြေလွှာ၊ အလုပ်သမားတေး အလုပ်သမားအရေး စသော အစီအစဉ်များ လူငယ်များနှင့် ပတ်သက်၍ လည်း လူငယ်ကဏ္ဍ ကျောင်းသင်ခန်းစာ၊ ပုံပြင်လက်ဆောင် စသည်ဖြင့် ထုတ်လွှင့်ပေးခဲ့ပြန်၏။

တိုင်းရင်းသားများနှင့် ပတ်သက်၍ တာဝန်ကျေပွန်ခဲ့သော မြန်မာ့အသံသည် အသံလွှင့်လုပ်ငန်း “ဗမာ့အသံ” ဆိုသည့် နာမည်ဖြင့် အသံလွှင့်နိုင်ခဲ့သည့်ကာလကပင် စတင်၍ ပိုးကရင်၊ စကောကရင်၊ ရှမ်းစသည့်ဘာသာ(၃)မျိုးဖြင့် လွှင့်ထုတ်ပေးခဲ့ပြီး ၁၉၆၁ခုနှစ်တွင် မွန်၊ ပအိုဝ်း၊ လားဟူ ၊ ၁၉၆၅ ခုနှစ်တွင် ကယားဘာသာတို့ကို တိုးချဲ့ ထုတ်လွှင့်ပေးခဲ့ပြန်၏။ ထို့နောက် တိုင်းရင်းသားဌာနစိတ်တစ်ခု သတ်မှတ်ကာ ကချင်၊ ကယား၊ ကရင် (စကော၊ပိုး)၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသား အစီအစဉ် ရှစ်ခုဖြင့် ထုတ်လွှင့်ပေးခဲ့ပါသည်။

ယခုဆိုလျှင် မြန်မာ့ရုပ်မြင်သံကြား MRTV NRC Channel မှ တိုင်းရင်းသားများ၏ ဓလေ့ရိုးရာ၊ လူမှုရေး၊ စီးပွားရေး စသောကဏ္ဍများ ကချင်၊ ကယား၊ စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ၀ဘာသာများဖြင့် ရိုက်ကူးတင်ဆက်လျက်ရှိ၏။

၁၉၆၂ခုနှစ် နောက်ပိုင်းကာလများတွင် တိုင်းရင်းသား စည်းလုံးချစ်ကြည်မှုအတွက် “ဒို့ပြည်ထောင်စုသား”၊ “သွေးချင်းများရဲ့ ပလောင်ရွာ”၊ “ဝေ့ဟေဟေ”၊ “သွေးရင်းများပီပီ”၊ “သားချင်းများဆုံတွေ့သောအခါ”၊ “ပင်ချင်းယှက်၍ နွယ်ချင်းခက်သော်”စသော သီချင်းများမှာ အလွန်အောင်မြင်ထင်ကျန်ခဲ့သော ပြည်ထောင်စုတေးများဖြစ်၏။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မြန်မာနိုင်ငံ၏ သမိုင်းရေစီးကြောင်းတွင် လိုက်ပါရင်း အမြဲတာဝန်ကျေပွန်ခဲ့သော မြန်မာ့အသံသည် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်တိုင် မြန်မာနိုင်ငံတစ်ဝန်းလုံးကျင်းပခဲ့သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ၌လည်း ပြန်ကြားရေး၊ သတင်းပေးရေး၊ ဖြေဖျော်ရေးလုပ်ငန်းတို့ဖြင့် ပါဝင်အားဖြည့်ကူညီခဲ့၏။

ထိုစဉ်က မြန်မာ့အသံမှ ထုတ်လွှင့်အောင်မြင်ထင်ကျန်ခဲ့သော တေးတစ်ပုဒ်ကိုပြပါဆိုလျှင် အောင်ကိုလတ်နှင့်အဖွဲ့ သီဆိုခဲ့သည့် ဆန္ဒမဲပေးကြပါသီချင်းဖြစ်၏။

၁၉၈၀ ပြည့်နှစ်တွင် ရောင်စုံရုပ်မြင်သံကြား စတင်ပေါ်ပေါက်လာခဲ့၏။ ထိုအခါမှစ၍ နိုင်ငံတော်၏ နေ့ကြီး ရက်ကြီးများဖြစ်သည့် တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့ အခမ်းအနားကို တော်လှန်ရေးပန်းခြံမှ လည်းကောင်း၊ ယခင်က မြန်မာ့အသံတစ်ခုတည်းမှ အသံလွှင့်ပေးနေရာမှ ရုပ်မြင်သံကြားမှပါ တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်ခဲ့လေ၏။

ပေါ်ပေါက်လာစက မြန်မာ့ရုပ်မြင်သံကြားသည် မြန်မာနှင့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ၊ နိုင်ငံခြားဇာတ်လမ်းတွဲများ၊ ပညာပေးအစီအစဉ်များဖြင့် စတင်ခဲ့ပါသည်။ တဖြည်းဖြည်းနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ချိန်များ တိုးချဲ့ခဲ့ပြီး ရုပ်မြင်သံကြားမှလည်း တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်များအတွက် အစီအစဉ်များ၊ တေးသီချင်းများ၊ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးတေးများကို ခေတ်ပြောင်းတော်လှန်ရေးကာလနှင့် လျော်ညီစွာ စီစဉ်တင်ဆက်ခဲ့၏။

**နဂတ၊ နအဖခေတ် မြန်မာ့အသံ**

၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီ အရေးတော်ပုံပေါ်ပေါက်ခဲ့၏။ ဒီမိုကရေစီအရေးတော်ပုံ၊ လူထုအုံကြွမှုများဖြစ်ပေါ်နေချိန်တွင်လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနသည် ရုပ်သံထုတ်လုပ်မှုကို မရပ်ဆိုင်းစေခဲ့။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာကို ရယူခဲ့၏။ ထိုသတင်းကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကြေညာပေးခဲ့ရသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ စတင် တာဝန်ယူချိန်မှစ၍ စစ်ချီတေး စစ်သည်တေးများကို အဆက်မပြတ်ထုတ်လွှင့်ပေးခဲ့ရသည်။ ဟောပြောချက်များ၊ ဇာတ်လမ်းများ၊ တိုင်းရင်းသားရိုးရာအဆိုအကများ၊ အမျိုးသားရေး ဆောင်ပုဒ်များ၊ မြန်မာပိုင်း၊ အင်္ဂလိပ်ပိုင်း၊ တိုင်းရင်းသားအစီအစဉ် ရုပ်မြင်သံကြားတို့မှ မနက်၊ နေ့၊ ညထုတ်လွှင့်ခဲ့၏။ သောင်းကျန်းသူသမိုင်းဆွေးနွေးခန်း၊ မြန်မာ့မူဟန် ဇာတိမာန် ဟောပြောချက်၊ တိုးတက်စည်ပင်နယ်စပ်တစ်ခွင်တို့သည် ထိုကာလလူသိများသော အစီအစဉ်များဖြစ်ကြသည်။

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအုပ်ချုပ်ရေးယန္တရားအသစ်သို့ ပြောင်းလဲတည်ဆောက်ခဲ့၏။ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်၏ လိုအပ်ချက်များကို ဖြည့်ဆည်း ထောက်ကူသည့် အစီအစဉ်များဖြစ်သည့် “ဈေးကွက်စီးပွား ပြည်ထွန်းကား”၊ “စိုက်ပျိုးရေးရာအဖြေလွှာ”၊ “စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား”၊ “ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ချက်”၊ “နိုင်ငံအဝန်း သစ်တောအစွမ်းဖြင့် စိမ်းလန်းစေရမည်” အစီအစဉ်များကိုလည်း တိုးချဲ့ထုတ်လွှင့်ပေးခဲ့၏။ ထို့အပြင် “စက်မှုစွမ်းအား ခေတ်ကျော်လွှား”၊ “သားငါးဖွံ့ဖြိုးပြည့်အကျိုး” စသည့်အစီအစဉ်များမှာလည်း ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုသည့် စက်မှုလယ်ယာနှင့် သားငါးကဏ္ဍတိုးတက်စေရေး ထုတ်လွှင့်ပေးခဲ့သော အစီအစဉ်များဖြစ်၏။

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက်ထိုကာလက မြန်မာ့အသံတိုင်းရင်းသားအစီအစဉ်မှ မြန်မာ့အသံဝန်ထမ်းများက မိမိ၏ ရိုးရာဝတ်စုံကိုဝတ်ဆင်ပြီး သီဆိုတင်ဆက်ခဲ့သည့် စည်းလုံးရေးတေးသီချင်းများဖြစ်သော “ချစ်ခြင်းတရားနဲ့ ပြည်ထောင်စု” သီချင်း၊ အင်္ဂလိပ်ဘာသာဖြင့် တင်ဆက်ခဲ့သော “Beautiful Myanmar” တို့သည် မြန်မာ့ရုပ်မြင်သံကြားမှ ထပ်ခါတလဲလဲ တင်ဆက်ထုတ်လွှင့်ခဲ့သော တေးများဖြစ်၏။ “ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရင့်သန်ခိုင်မာ၊ ဒို့ဝန်တာ” “အချုပ်အခြာအာဏာ အခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု အစီအစဉ်”၊ “အာယုနှင့် သာခု” အစီအစဉ်တို့မှာ ထိုခေတ် ထိုကာလ နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒများကို အထောက်အကူပြုရန် ရည်ရွယ်တင်ဆက်သော အစီအစဉ်များဖြစ်၏။ တစ်တောဝင် တစ်တောင်ထွက် ပြည်နယ်အနှံ့ သွားရောက်၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာတေးသံများ၊ အကအလှများ၊ တိုင်းရင်းသားဘာသာဖြင့် မူဝါဒဆိုင်ရာ ဇာတ်လမ်းများ ရိုက်ကူးတင်ဆက်ခဲ့သည်။

ထိုအချိန်က VOA, BBC, RFA, DVB နှင့် ABC သတင်းဌာနများက ထုတ်လွှင့်လျက်ရှိသော သတင်းများကို တန်ပြန်ထုတ်လွှင့်မှုတစ်ခုဖြစ်သော ပိတောက်မြေ အစီအစဉ်ကိုလည်း ထုတ်လွှင့်ခဲ့၏။

ဆည်မြောင်း၊ တာတမံများ၊ တံတားများဖွင့်လှစ်ခြင်း အထိမ်းအမှတ်သတင်းများ၊ သီချင်းများ၊ တွေ့ဆုံမေးမြန်းခန်းအစီအစဉ်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနတွင် ထိုကာလက အထူးဦးစားပေးထုတ်လွှင့်ခဲ့သော အစီအစဉ်များဖြစ်၏။

မြန်မာနိုင်ငံမူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းအထောက်အကူပြုရန် “အဖြူ”၊ “အစ၏နိဂုံး အဆုံး၏နိဒါန်း”၊ “အနာဂတ်များလှစေချင်” ရေဒီယိုဇာတ်လမ်း၊ “မရဏကုန်သည်”၊ “ရောက်ရာဘဝမှာ ကျေနပ်ပါ” ရုပ်မြင်ဇာတ်လမ်း၊ “နွေးထွေးသောရင်ခွင်၊ အိပ်မက်လှိုင်း၊ ရွှေပေးလို့မရ”စသော လူကုန်ကူးမှု တိုက်ဖျက်ရေးဇာတ်လမ်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါပပျောက်စေရေးအတွက် “အသက်တမျှ”၊ “လေ့ကားသုံးထစ်ဆင်းသည့်အခါ”၊ “ဖဲကြိုး နီ” စသောဇာတ်လမ်းများ၊ သတင်းမှတ်တမ်းများ၊ တွေ့ဆုံမေးမြန်းခန်းစသည်တို့သည် ခေတ်ကာလအလျောက် နိုင်ငံတော်အစိုးရ၏ မူဝါဒသဘောထား၊ ရပ်တည်ချက်များကို အခြေခံကာ ပြည်သူ့အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောင်မြင်တီထွင် ဖန်တီးထုတ်လွှင့်ခဲ့သော အစီအစဉ်များထဲမှ အချို့ဖြစ်ပါသည်။

**“COVID -19 ကာလ စီးပွားရေးထိခိုက်မှုများ ပြန်လည်ကုစားနိုင်ရေးအတွက် အလုပ်သမားရေးရာကဏ္ဍမှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးခန်းများ၊ ပြည်ပပြန်များအား COVID-19 ရောဂါနှင့်ပတ်သက်သည့် ပညာပေးထုတ်လွှင့်မှုများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်လွှင့်ကြေညာချက်များ၊ COVID -19 ရောဂါနှင့် ပတ်သက်သည့် သိကောင်းစရာများနှင့် ပတ်သက်၍ ပြင်ပမှအသိပညာရှင် အတတ်ပညာရှင်များနှင့် ဆွေးနွေးခန်းများ၊ ထို့အပြင် COVID- 19 ကာလ အသိပညာပေးလှုံ့ဆော်ရေး အစီအစဉ်များဖြစ်သော အိမ်မှာပဲနေပါ၊ အပြင်မထွက်ပါနဲ့ ရုပ်မြင်ဇာတ်လမ်း၊ တေးသံရှင်များ၊ စာရေးဆရာများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများပါဝင်သော ဆွေးနွေးခန်းများကိုလည်း တင်ဆက်ပေးခဲ့ရ၏။**

**ဒီမိုကရေစီကာလတွင်းက မြန်မာ့အသံ**

၂၀၁၅ တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်အာဏာကို ရယူပြီးသည့်နောက်ပိုင်း စစ်မှန်သော ငြိမ်းချမ်းရေးရရှိရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်ယုံကြည်မှု ရရှိရေးကို အဓိကဦးစားပေးအဖြစ် ဆောင်ရွက်ခဲ့၏။ ထိုနိုင်ငံတော်၏ မူဝါဒကို အထောက်အကူပြုနိုင်ရန် ငြိမ်းချမ်းရေးတေးများကို မြန်မာ့အသံမှလည်းကောင်း၊ ရုပ်မြင်သံကြားအစီအစဉ်များ၌ လည်းကောင်း ဦးစားပေးတင်ဆက်ခဲ့ရာ အောင်မြင်ပါစေ မြန်မာပြည်၊ ပန်းတိုင်းပွင့်ပါပြီ၊ သွေးချင်းများစသောတေးများသည် မကြာမကြာ ထုတ်လွှင့်ခဲ့သောတေးများဖြစ်၏။

ထို့ပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ အစည်းအဝေးများ၊ NCA သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သတင်းစာရှင်းလင်းပွဲများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု အစည်းအဝေးဖွင့်ပွဲ ပိတ်ပွဲများကို ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရေးရည်ရွယ်၍ တိုက်ရိုက်ထုတ်လွှင့် တင်ဆက်ခဲ့၏။ ယနေ့ MRTV ၏ NRC Channel သည် တိုင်းရင်းသားများ၏ တေးသံ၊ အကအလှ၊ ရိုးရာဓလေ့များကို တောက်လျှောက်ထုတ်လွှင့်ပေးနေသည့် Channel တစ်ခုဖြစ်ပါသည်။ “သူတို့ဘဝ၊ သူတို့ဒေသ”၊ “မြန်မာ့မြေမှ စိုက်ပျိုးစီးပွားလူမှုဘဝများ” အစီအစဉ်တို့သည် ရုပ်မြင်သံကြားမှ တောင်ပေါ်နေ ပြည်ထောင်စုဖွားများထံ ကိုယ်တိုင်ကိုယ်ကျ သွားရောက် ခံစားမျှဝေပေးသော အစီအစဉ်များဖြစ်သည်။

ပြည်သူ့အသံအစီအစဉ်သည် ဒီမိုကရေစီကာလအတွင်း ပြည်သူအများမှ ၎င်းတို့လိုအပ်လိုလားသော ရပ်ရွာအရေးကိစ္စများကို တင်ပြပြီး သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် မြန်မာ့အသံက ချိတ်ဆက်ဖြေရှင်းဆောင်ရွက်ပေးသည့် ကဏ္ဍဖြစ်၍ ပြည်သူအများစိတ်ဝင်စားကြသော ကဏ္ဍတစ်ခုဖြစ်၏။ ပြည်သူများအနေဖြင့် နိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေများကို ပွင့်လင်းမြင်သာစွာ သိရှိစေရေးအတွက် MRTV ၏ လွှတ်တော် Channel သည် လွှတ်တော်သုံးရပ်ကျင်းပပုံများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများကို ပြည်သူ့အကျိုးပြုတေးသီချင်းများဖြင့် တစ်လှည့်စီ ဝေဆာမြိုင်ဆိုင်စွာ ထုတ်လွှင့်လျက်ရှိ၏။

၂၀၂၀ ပြည့်နှစ် မတ်လခန့်မှ စတင်၍ COVID -19 ရောဂါပိုးမှာ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ပျံ့နှံ့ခဲ့ရာ မူလထုတ်လွှင့်လျက်ရှိသော ပညာပေးတေးသီချင်းများ အစီအစဉ်များသာမက ကိုဗစ်ရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် အစီအစဉ်များကို အထူးပြုတင်ဆက်ပေးခဲ့ရ၏။ အထူးသဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပညာပေးရိုက်ကူးထားသည့် စနစ်တကျ လက်ဆေးခြင်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ နေ့စဉ်တင်ဆက်ပေးခဲ့၏။

ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် COVID -19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူ စေတနာ့ဝန်ထမ်းများ၏ Video Conferencing၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာရသော စီးပွားရေးသက်ရောက်မှုများ ကုသရေးဆိုင်ရာများအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီးများ၏ အပြန်အလှန်ဆွေးနွေးခန်းများကို တင်ပြထုတ်လွှင့်ခဲ့သည်။ ထို့အပြင် COVID -19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍများအပေါ် သက်ရောက်မှုများ၊ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ရုပ်ရှင်လုပ်ငန်းပြန်လည်လည်ပတ်နိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး စသည်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် Video Conferencing များ ပြုလုပ်ဆွေးနွေးခဲ့ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ပြည်သူကို တိုက်ရိုက် တင်ပြထုတ်လွှင့်ခဲ့၏။

နေ့စဉ်မြန်မာနိုင်ငံအတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ၊ အာဆီယံနိုင်ငံများအတွင်း ဖြစ်ပွားမှုအခြေအနေများ၊ Rဇာနည်၊ ကော်နီ၊ နီနီခင်ဇော်၊ ဖြူဖြူကျော်သိန်း စသောတေးသံရှင်များ၊ ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ ခန့်စည်သူ၊ အိန္ဒြာကျော်ဇင် စသော ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်သီဆိုရိုက်ကူးထားသော ကိုဗစ်- ၁၉ ကာကွယ်ရေးတေးများ၊ ဆောင်ပုဒ်များ ထုတ်လွှင့်တင်ဆက်ပေးခဲ့ရာ ပြည်သူများ၏ စိတ်ဝင်စားမှုကို အထူးရရှိခဲ့၏။

COVID -19 ကာလ စီးပွားရေးထိခိုက်မှုများ ပြန်လည်ကုစားနိုင်ရေးအတွက် အလုပ်သမားရေးရာကဏ္ဍမှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးခန်းများ၊ ပြည်ပပြန်များအား COVID -19 ရောဂါနှင့်ပတ်သက်သည့် ပညာပေးထုတ်လွှင့်မှုများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်လွှင့်ကြေညာချက်များ၊ COVID -19 ရောဂါနှင့်ပတ်သက်သည့် သိကောင်းစရာများနှင့် ပတ်သက်၍ ပြင်ပမှအသိပညာရှင် အတတ်ပညာရှင်များနှင့် ဆွေးနွေးခန်းများ၊ ထို့အပြင် COVID -19 ကာလ အသိပညာပေးလှုံ့ဆော်ရေး အစီအစဉ်များဖြစ်သော အိမ်မှာပဲနေပါ၊ အပြင်မထွက်ပါနဲ့ ရုပ်မြင်ဇာတ်လမ်း၊ တေးသံရှင်များ၊ စာရေးဆရာများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပါဝင်သော ဆွေးနွေးခန်းများကိုလည်း တင်ဆက်ပေးခဲ့ရ၏။

ယနေ့မြန်မာ့အသံမှ ထုတ်လွှင့်သောအစီအစဉ်များအနက် “မျှဝေခံစားလူမှုစီးပွား” အစီအစဉ်သည် ပြည်သူများ နေ့စဉ်ကြုံတွေ့နေရသည့် လူမှုဘဝအခက်အခဲများကို မျှဝေခံစား တင်ပြဆွေးနွေးပေးထားသော အစီအစဉ်ဖြစ်သလို “မုသားနောက်ကွယ်က ဘဝများ” အစီအစဉ်သည် နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများအတွက် သိသင့်သိထိုက်သော ဥပဒေအကြောင်းများ၊ လူကုန်ကူးမှုဆိုင်ရာ ဆောင်ရန် ရှောင်ရန်များကို တင်ပြထားသောအစီအစဉ်ဖြစ်ပြီး “လူမှုစာနာပြန်ကြားလွှာ” မှာလည်း ပြည်သူများ တွေ့ကြုံရတတ်သော လူမှုအခက်အခဲကို စာနာစိတ်ကြီးမားစွာဖြင့် ဖြေရှင်းဆွေးနွေးထားသည့် အစီအစဉ်များဖြစ်သည်။ “ရှင်သန်ခြင်းကမ်းလက်များ” အစီအစဉ်မှာ ပြည်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးမှုအစီအစဉ်ဖြစ်၍ Social Network အစီ အစဉ်မှာလည်း တစ်ပတ်အတွင်း လူမှုကွန်ရက်ပေါ်တွင် ရောက်ရှိလာသော ပြည်တွင်းပြည်ပသတင်းများကို ပြန်လည်ဖြန့်ဝေ တင်ဆက်ပေးခြင်းဖြစ်၏။

ပါတီစုံဒီမိုကရေစီကာလသည် ပြည်သူသာလျှင်အခရာ ပြည်သူသာလျှင် အဓိက ဦးစားပေးသော ကာလဖြစ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သောကဏ္ဍများအနက် BBC Media Action နှင့် ပူးပေါင်းတင်ဆက်သော မျက်မှောက်ရေးရာအဖြာဖြာ၊ ခံစားကြည့်၊ သက်ဝင်လှုပ်ရှားသတင်းစကား၊ လက်ဖက်ရည်တစ်ခွက်၏ ဒိုင်ယာရီ၊ ရေကြည်ရာစသော ကဏ္ဍများသည် ပြည်သူ့ဘဝကိုအလင်းပြ ပြည်သူကိုဗဟိုပြု တင်ဆက်သော ကဏ္ဍများဟု ဆိုရမည်ဖြစ်၏။

ထို့အပြင် သတင်းတု သတင်းမှားတင်ပြခြင်း အစီအစဉ်မှာ တင်ပြလာသော သတင်းအချို့သည် အတုအမှားများဖြစ်၍ မြန်မာ့အသံမှ ပြည်သူ့အတွက် တိကျသောသတင်းများ ပြန်လည်တင်ဆက်အသိပေးရသော အစီအစဉ်ဖြစ်ပြီး ယနေ့ ပါတီစုံဒီမိုကရေစီခေတ်ကာလကို ထင်ဟပ်စေသည့် အစီအစဉ်ဟု ဆိုရမည်ဖြစ်ပါသည်။ အမုန်းစကားမပြန့်ပွားစေရေး အမုန်းစကားများ မပြောကြားရေး ယနေ့ Social Media ၏ မလိုလားအပ်သော ထိုးနှက်ချက်များကို ချေဖျက်ပစ်သော မြန်မာ့ရုပ်မြင်သံကြား၏ ကာလအလိုက် လှုံ့ဆော်ထုတ်လွှင့်မှုတစ်ခုဖြစ်သည်။

ခေတ်ကာလ၏ တောင်းဆိုချက်များနှင့် “ရန်ကုန်မြို့တော်တစ်ခွင် သက်တံ့ရောင်စီမံချက်” အစီအစဉ် Yangon Stock Exchange အစီအစဉ်မှလည်း ရှယ်ယာဈေးနှုန်းများနှင့် ငွေလဲလှယ်နှုန်းများ အမြဲထုတ်လွှင့်ပေးခဲ့၏။ ထို့အတူ လယ်ယာထုတ်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများကိုလည်း ရွှေဖရုံ၊ ချဉ်ပေါင်ရွက်အဆုံး နေ့စဉ်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိ၏။

၂၀၀၀ ပြည့်နှစ် နောက်ပိုင်း မြန်မာနိုင်ငံတော်တွင် မိုးလေဝသအခြေအနေများ တစ်စထက်တစ်စ ယိုယွင်းပျက်စီးလာမှုများရှိရာ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ မြစ်ရေကြီးမှုအခြေအနေသတင်း၊ မုန်တိုင်းသတင်းများကိုလိုအပ်လျှင် လိုအပ်သလို တစ်နာရီတစ်ခါ ကြေညာ အသိပေးခြင်း၊ လျှပ်စစ်ဓာတ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းဖြင့် ပြည်သူ့အတွက် တာဝန်ကျေပွန်ခဲ့၏။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ရန်ကုန်တက္ကသိုလ်၏ နှစ် ၁၀၀ ပြည့်အခမ်းအနားအတွက် တက္ကသိုလ်ဂုဏ်ပြုသည့်အစီအစဉ်များကို လည်းကောင်း၊ မြန်မာ့ရုပ်ရှင် ရာပြည့်ပွဲတော်ကို ဂုဏ်ပြုတင်ဆက်သည့်အနေဖြင့် ရုပ်ရှင်တေး အပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်၊ အပတ်စဉ်သောကြာနေ့တိုင်း MRTV မှ သတင်းအပြီးတွင် လည်းကောင်း၊ ကောင်းနိုးရာရာ ရုပ်ရှင်ကားဟောင်းများကို လည်းကောင်း၊ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အစီအစဉ်မှနေ၍ မြန်မာ့ရုပ်ရှင် ရှန်းကန်ကြိုးစားခဲ့ရပုံများ ဆွေးနွေး မေးမြန်းခန်းကိုလည်းကောင်း တင်ဆက်ခဲ့သည်။

မြန်မာ့အသံအနေဖြင့်လည်း နှောင်းခေတ်ရုပ်ရှင်တေးများ၊ ရုပ်ရှင်ပဟေဠိ၊ အကယ်ဒမီဆုရှင်များနှင့် တွေ့ဆုံခြင်း၊ ကြွေလွင့်ခဲ့ပြီးသော အနုပညာရှင်များ၏ အတ္ထုပ္ပတ္တိနှင့် တင်ကျန်ခဲ့သော လက်ရာများကို ဇာတ်လမ်း ဇာတ်ကွက် တေးသီချင်းများဖြင့် ရာပြည့်ရုပ်ရှင်ဂုဏ်ပြုအစီအစဉ်များကို ပြည်သူသို့ တင်ပြနိုင်အောင် ကြိုးစားခဲ့၏။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ ရွေးကောက်ပွဲအကြောင်းသိကောင်းစရာများ၊ မဲဆန္ဒရှင်တစ်ဦးအနေဖြင့် သိအပ်သည့်ဆောင်ရန် ရှောင်ရန်အချက်များ၊ ဆောင်ပုဒ်များ၊ တေးသီချင်းများကို မပြတ်ထုတ်လွှင့် လှုံ့ဆော်ခဲ့၏။ ထို့အပြင် သိရှိလိုသော ပြည်သူမှ တိုက်ရိုက်မေးမြန်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရှိသူက ပြန်လည်ဖြေကြားသော ရွေးကောက်ပွဲဆိုင်ရာ အဖြေလွှာအစီအစဉ်မှာလည်း ထိရောက်သော

*စာမျက်နှာ ၈ သို့*

# ငါးလုပ်ငန်းကဏ္ဍအပေါ် ကိုဗစ်-၁၉ သက်ရောက်မှုအား တုံ့ပြန်ဆောင်ရွက်မည့်အစီအစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၁

**ငါးလုပ်ငန်းကဏ္ဍအပေါ် ကိုဗစ်-၁၉ သက်ရောက်မှုအား တုံ့ပြန်ဆောင်ရွက်မည့် အစီအစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရေထွက်ကုန်ပစ္စည်းများကို အလားအလာကောင်းသည့် ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်နိုင်ရန်နှင့် အစိုးရများအချင်းချင်းအကြား သဘောတူညီမှုရရှိရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သည့်ငါးများကို ကိုဗစ်-၁၉ ရောဂါပိုးမွှားကင်းစင်ကြောင်း အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ အပါအဝင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ဆောင်ရွက်မည့် ထောက်ခံချက်ထုတ်ပေးရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများတွင် လိုက်နာရမည့်စံများ သတ်မှတ်ပေးခြင်း၊ ဝန်ထမ်းများ နည်းပညာအရည်အသွေး မြှင့်တင်ပေးခြင်းနှင့် အအေးခန်းစက်ရုံများအား အသိပညာပေးခြင်းတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ငါးစားသုံးမှုဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပတ်သက်၍လည်းကောင်း၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမကဏ္ဍက ရေထွက်ကုန်ပစ္စည်းများ ဝယ်ယူရောင်းချမှုဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း တင်ပြကြရာ အစည်းအဝေးတက်ရောက်လာကြသူများက ငါးစားသုံးမှုဖွံ့ဖြိုးတိုးတက်ရေး၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဆိုင်ရာများ၊ ငါးဈေးကွက်ရှာဖွေရေး၊ ငါးတွင်ပါဝင်သည့် အာဟာရဓာတ်တန်ဖိုး ပြည်သူများသိရှိနိုင်ရန် တိုးချဲ့ပညာပေးရေးနှင့် ပြည်တွင်းငါးဈေးကွက် ရှာဖွေဖော်ထုတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

သမဝါယမကဏ္ဍအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်အသင်းစုတို့ပါဝင်သော ရေထွက်ကုန်ပစ္စည်းရောင်းချရေး ကော်မတီအဖွဲ့များ ဖွဲ့စည်း၍ မြို့နယ်အတွင်းရေထွက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်းကို No Profit, No Loss ကျင့်စဉ်နှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရေထွက်ကုန်ပစ္စည်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်ပြင်ပသို့ ရောင်းချနိုင်ရေးအတွက် အသင်းစုချုပ် အချင်းချင်းချိတ်ဆက်၍ ငါးကဏ္ဍဖွံ့ဖြိုးရေးကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ကောင်းမွန်သော ရေနေသတ္တဝါမွေးမြူရေးကျင့်စဉ် GAqP နည်းပညာ တိုးချဲ့ပညာပေးရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ GAqP ဆိုင်ရာ စွမ်းဆောင်ရည်မြှင့် သင်တန်းဟောပြောပွဲပေါင်း ၁၁၁ကြိမ်တွင် သင်တန်းသား ၅၀၀၀ ကိုလည်းကောင်း၊ GAqP ၏ အလုပ်ရုံဆွေးနွေးပွဲများကို လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ငါး၊ ပုစွန်၊ ကဏန်းမွေးကန် ၉၃၆၄-ဧက အတွက် GAqP အသိအမှတ်ပြုလက်မှတ် ၁၀ ခုကို ထုတ်ပေးခဲ့ပြီးဖြစ်သည်။ အလားတူ MySap စီမံကိန်းနှင့် ပူးပေါင်း၍ GAqP စံချိန်စံညွှန်းကို အာဆီယံ စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲခဲ့ရာ မူကြမ်းထွက်ရှိပြီး ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာန ဓာတ်ခွဲခန်းအနေဖြင့် ISO: IEC – 17025 ရယူထားပြီး ပြည်ပတင်ပို့သည့် ရေထွက်ပစ္စည်းများကို ဓာတ်ခွဲစစ်ဆေးပေးလျက်ရှိရာ ISO: IEC – 17025 အရ Parameter များ တိုးချဲ့စစ်ဆေးနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကကဏ္ဍ အဆင့်မီဓာတ်ခွဲခန်းများ ပေါ်ပေါက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၀ ပြည့်နှစ်အတွင်း ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေသတင်းထုတ်ပြန်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၂၀ ပြည့်နှစ်အတွင်း ကော်မရှင်သို့ ပေးပို့လာသော**
**တိုင်တန်းချက်များအပေါ်**
**ဆောင်ရွက်ထားရှိမှုအခြေအနေ**
**သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၂/၂၀၂၁)**

၁။ ၂၀၂၀ ပြည့်နှစ်အတွင်း လူ့အခွင့်အရေးဖောက်ဖျက်ခံရကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့တိုင်ကြားလာသည့် တိုင်တန်းချက်ပေါင်း (၂၀၂၀) စောင်ကို လက်ခံရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်မှ လက်ကျန် (၃၁၆) စောင်ရှိသဖြင့် စုစုပေါင်း တိုင်တန်းချက် (၂၃၃၆) စောင်ကို ကော်မရှင် စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ရေးအဖွဲ့အစည်းအဝေးများ ကျင်းပ၍ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | သက်ဆိုင်ရာဌာနအဖွဲ့စည်းများသို့ ပေးပို့စိစစ်ခြင်း | - ၅၆၁ | စောင် |
| (ခ) | တိုင်တန်းသူများထံ အကြောင်းကြားခြင်း | - ၂၄၅ | စောင် |
| (ဂ) | ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | - ၇ | စောင် |
| (ဃ) | မှတ်တမ်းထားရှိခြင်း | - ၁၄၉၂ | စောင် |
| (င) | လက်ကျန် | - ၃၁ | စောင် |
| | **စုစုပေါင်း** | **- ၂၃၃၆** | **စောင်** |

၂။ တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများမှ ပြန်ကြားချက် (၆၁၃) စောင်ကို အောက်ပါအတိုင်း လက်ခံရရှိခဲ့ပြီး တိုင်တန်းသူ ကာယကံရှင်များထံသို့ ကော်မရှင်မှ ပေးပို့ပြန်ကြားပြီး ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၇ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ် ပြန်ကြားချက် | - ၁ | စောင် |
| (ခ) | ၂၀၁၈ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ် ပြန်ကြားချက် | - ၂၂ | စောင် |
| (ဂ) | ၂၀၁၉ ခုနှစ်အတွင်း တိုင်တန်းချက်အပေါ် ပြန်ကြားချက် | -၂၀၄ | စောင် |
| (ဃ) | ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်တန်းချက်အပေါ် ပြန်ကြားချက် | - ၃၈၆ | စောင် |

၃။ မှတ်တမ်းထားရှိခဲ့သည့် တိုင်တန်းချက် (၁၄၉၂) စောင်သည် ကော်မရှင်ဥပဒေပုဒ်မ ၃၇ အရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့် မညီညွတ်သော အမှုများနှင့် ကော်မရှင်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်သဖြင့် ဆက်လက်အရေးယူဆောင်ရွက်ရန် မလိုအပ်သောကြောင့် မှတ်တမ်းအနေဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိပါသည်။

၄။ လူ့အခွင့်အရေးဖောက်ဖျက်ခံရကြောင်း တိုင်တန်းခြင်း သို့မဟုတ် စွပ်စွဲခြင်း ပြုလိုပါက စာဖြင့် ရေးသားဖော်ပြထားသော တိုင်တန်းချက်တစ်ရပ်ကို လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်စာ၊ ပြည်တွင်း၊ ပြည်ပ၊ အမြန်ချောပို့စနစ်ဖြစ်စေ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။ ဖက်စ်ဖြင့် တိုင်ကြားစာ ပေးပို့လိုပါက ဖက်စ်ဖုန်းနံပါတ် ၀၁-၆၅၄၆၇၈ သို့ လည်းကောင်း၊ အီးမေးလ်ဖြင့် တိုင်ကြားစာပေးပို့လိုပါက info@mnhrc.org.mm နှင့် protection@mnhrc.org.mm အီးမေးလ်လိပ်စာများသို့ လည်းကောင်း ပေးပို့တိုင်ကြားနိုင်ပါသည်။

၅။ တိုင်တန်းချက်တွင် တိုင်တန်းသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်နှင့်အတူ မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရကြောင်းဖြစ်စဉ်ကို ရှင်းလင်းပြည့်စုံစွာ ရေးသားဖော်ပြ၍ တိုင်တန်းသူကိုယ်တိုင် လက်မှတ်ရေးထိုးကာ ပေးပို့ရမည်ဖြစ်ပြီး လိုအပ်ပါက တိုင်ကြားစာပါ ဖြစ်စဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားမိတ္တူများ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်စသည့် အထောက်အထားများကိုပါ ပူးတွဲ၍ ပြည့်စုံစွာ ပေးပို့ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်။**

## ညအပူချိန် အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၇ မှ*

အသိပညာပေးအစီအစဉ်ဖြစ်၏။ အသည်းကြားကမဲတစ်ပြား အတူတူမဲသွားပေးကြစို့၊ တန်ဖိုးရှိသောမဲတစ်ပြား၊ ပြည်သူ့တာဝန်ကျေပါ စသောရွေးကောက်ပွဲဆိုင်ရာ တေးများသည် ပြည်သူအကြား ဝဲပျံခဲ့၏။

စင်စစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ခေတ်ကာလနှင့် အခြေအနေအချိန်အခါအလိုက် သတင်း၊ သီချင်းများနှင့် အခြားသော အစီအစဉ်များကို တိုးချဲ့ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖန်တီးတီထွင်ခြင်းများစွာဖြင့် ပြည်သူများအတွက် ထုတ်လွှင့်တင်ဆက်ခဲ့သည်မှာ ခေတ်အဆက်ဆက်မှ ယနေ့တိုင်အောင်ဖြစ်၍ တင်ပြရန်မှာ လွန်စွာများပြားလှချေသည်။ ယခုတင်ပြချက်များမှာ အကြမ်းဖျင်းသာဖြစ်၍ အစီအစဉ်ကောင်းများများစွာကျန်ရှိပါသေးကြောင်း တင်ပြလိုပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် (၇၅)နှစ်တာကာလ ဖြတ်သန်းလာရသော ခေတ်အဆက်ဆက်ပေါ်တွင် မူတည်၍ နိုင်ငံရေးလှိုင်းဂယက်များ၊ မူဝါဒအပြောင်းအလဲများ၊ စီးပွားရေး အလှည့်အပြောင်းများ လူနေမှုသတ်မှတ်ချက်များ၊ စိန်ခေါ်မှုများ ကြုံတွေ့ရင်ဆိုင်ဖြတ်သန်းခဲ့ရပါသည်။ အပြောင်းအလဲနှင့် စိန်ခေါ်မှုများမည်မျှကြုံတွေ့ရစေကာမူ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေမှုပေးရန် တာဝန်ကြီး (၃)ရပ်ကို ဦးထိပ်ပန်ဆင်ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စံသတ်မှတ်ချက်များကို ကိုင်စွဲလျက် ပြည်သူ့အတွက် မြန်မာ့အသံဆိုသည့်အတိုင်း ရပ်တည်ရှင်သန်ခဲ့သည်ကို ယခုဆိုလျှင် စာဖတ်သူအနေဖြင့် အထင်အရှားမြင်တွေ့နိုင်လောက်ပြီဟု ထင်မြင်မိပါသည်။

တစ်ချိန်က မြန်မာ့ရုပ်သံသည် နိုင်ငံတော်၏ တစ်ခုတည်းသော Electronic Media ဖြစ်ခဲ့သည်။ ယခုအခါခေတ်ကာလ အခြေအနေအလျောက် ရုပ်မြင်သံကြားချန်နယ်များ၊ FM Radio များ၊ Online Media များများစွာ ပေါ်ပေါက်ခဲ့ပါသည်။ ဆီမီးငယ်လည်း သူ့အချင်းနှင့် သူ့အလင်းနှင့် လမင်းသည်လည်း သူ့အချင်းနှင့် သူ့အလင်းနဲ့ ရှိကြသည်ချည်း ဖြစ်ပါသည်။

ယနေ့ခေတ်လူငယ်များသည် ၎င်းတို့အနာဂတ်အတွက် ရှေ့သို့ အားအင်အပြည့်ဖြင့် ခရီးနှင်လျက်ရှိသည်။ မျှော်လင့်ချက်များ၊ အခွင့်အရေးများ၊ ပန်းတိုင်များကရှေ့မှ လက်ယပ်ခေါ်လျက်ရှိသည် မဟုတ်ပါလား။ သို့သော် ဆန္ဒဖြင့် မစောစေလိုပါ။ မိမိလျှောက်လှမ်းခဲ့သောခရီးလမ်းကြောင်းကို တစ်ချက်ငဲ့စောင်းကြည့်စေချင်ပါသည်။ အတိတ်ထဲကအဟောင်းများ၏ နွံတွင် နစ်မျောနေဖို့ မဟုတ်ပါ။ ကောင်းခဲ့သည့် အတိတ်အကြောင်းများဖြင့် ထည်ဝါတတ်ကြစေရန်၊ ဂုဏ်ယူတတ်ကြ၊ အတုယူ ထိန်းသိမ်းတတ်ကြစေရန် ဖြစ်ပါသည်။ ။

# (၆၇) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်းညီလာခံအကြို ကိုဗစ် – ၁၉ နှင့် ပတ်သက်သော ပြည်သူ့ကျန်းမာကာကွယ်ရေးဆိုင်ရာများ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁



**(၆၇) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်းညီလာခံအကြို "COVID-19 နှင့် ပတ်သက်သော ပြည်သူ့ကျန်းမာကာကွယ်ရေးဆိုင်ရာများ ဆွေးနွေးပွဲ" ("67th Myanmar Medical Conference Pre-Conference Symposium on COVID-19") ကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ဖြစ်ပွားမှု၊ ကုသမှု၊ ထိန်းချုပ်မှုနှင့်ပတ်သက်၍ ဆွေးနွေးပွဲများ၊ ညီလာခံများ၊ စားပွဲဝိုင်း လေ့ကျင့်ခန်းများ၊ ဗီဒီယိုကွန်ဖရင့်စနစ် အသုံးပြု၍ အစည်းအဝေးများ ပြုလုပ်ခြင်းသည် ယခုကျင့်သုံးလျက်ရှိသော ကုသရေးကုထုံးများ ပိုမိုကောင်းမွန်စေရေး၊ လူနာပြုစုမှုပိုမိုစနစ်ကျစေရေး၊ ပြည်သူ့ကျန်းမာရေး နည်းဗျူဟာများ ပိုမိုထိရောက်စေရေး၊ ရောဂါရှာဖွေစစ်ဆေးမှုနည်းစနစ်များ ပိုမိုလျင်မြန်တိကျ၍ ကောင်းမွန်တိုးတက်စေရေး၊ ကိုဗစ်-၁၉ ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးမှုစနစ် ပိုမိုကောင်းမွန်စေရေးတို့အတွက် များစွာအကျိုးရှိသည့်အတွက် မိမိတို့ ပြုလုပ်လျက်ရှိပါကြောင်း။

### နည်းဗျူဟာများ မွမ်းမံပြင်ဆင်

မျိုးဗီဇပြောင်းလဲလျက်ရှိသည့် ဗိုင်းရပ်စ်ပိုးအသစ်ကြောင့် ဖြစ်ပွားသော ကိုဗစ်-၁၉ ရောဂါသည် ရောဂါသစ်ဖြစ်ပြီး ရောဂါ၏ သဘောသဘာဝဖြစ်စဉ် (natural history of disease) ကို အလုံးစုံသိရှိခြင်း မရှိသေးသဖြင့် ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကုသရေးကိစ္စရပ်များ၌ လည်းကောင်း၊ ကာကွယ်၊ ထိန်းချုပ်ရေးကိစ္စရပ်များ၌လည်းကောင်း ယခုကဲ့သို့သော ဆွေးနွေးပွဲများ၊ ညီလာခံများ၊ စားပွဲဝိုင်း လေ့ကျင့်ခန်းများမှ ထွက်ပေါ်လာသော အကြံပြုချက်များနှင့် ပြောင်းလဲလာသော ကပ်ရောဂါဗေဒအခြေအနေ အရပ်ရပ်တို့နှင့်အညီ နည်းဗျူဟာများ မွမ်းမံပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာနှင့် ပြည်တွင်းတွင် ရောဂါကူးစက်ပျံ့နှံ့မှု ပုံသဏ္ဌာန်နှင့် အတိုင်းအတာများ၊ ရောဂါပိုး၏ မျိုးဗီဇပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော အခြေအနေများအပေါ် မူတည်၍ ရောဂါကာကွယ်ထိန်းချုပ်မှု နည်းဗျူဟာများကို မိမိတို့ မွမ်းမံပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ကုသမှုနည်းစနစ်များနှင့် ကုထုံးများသည်လည်း အသစ်အသစ်များ ပေါ်ပေါက်ပြောင်းလဲလျက်ရှိသဖြင့် မိမိတို့သည် မျက်ခြည်မပြတ်ဘဲလေ့လာ၍ လိုအပ်သလို မွမ်းမံပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ခွဲစိတ်မှုနည်းစနစ်များ၊ ခွဲစိတ်ကိရိယာများသည်လည်း ပြောင်းလဲပေါ်ပေါက်လျက်ရှိသဖြင့် ခွဲစိတ်မှုနည်းလမ်းနှင့် နည်းစနစ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ မွမ်းမံဆောင်ရွက်ရပါကြောင်း။

ကိုဗစ်-၁၉ ၏ နောက်ဆက်တွဲအဖြစ် အဆုတ်၊ နှလုံး၊ သွေး၊ ဦးနှောက်၊ ကျောက်ကပ်နှင့် ပတ်သက်သော နောက်ဆက်တွဲ ပြဿနာများကို လေ့လာဆန်းစစ်ရန် ဆေးရုံမှဆင်းပြီးသည့် ကိုဗစ်-၁၉ လူနာဟောင်းများထံမှ အချက်အလက်များရယူကာ အသုံးချသုတေသနပုံစံဖြင့် အမြန်ဆုံး ဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့် အခြားနိုင်ငံသည် ရောဂါကူးစက်ပျံ့နှံ့မှုအခြေအနေ၊ နိုင်ငံနေပြည်သူများ၏ အခြေခံကျန်းမာရေး အခြေအနေ၊ နိုင်ငံတွင်ရှိသော အရင်းအမြစ်အခြေအနေ၊ ပတ်ဝန်းကျင်နိုင်ငံများ၏ ရောဂါကူးစက်ပျံ့နှံ့မှုအခြေအနေစသည်ဖြင့် အခြေအနေအရပ်ရပ်သည် တူညီမှုမရှိသဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းနည်းဗျူဟာများသည်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထပ်တူကျတူညီ၍ မရပါကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့်ကိုက်ညီသည့် နည်းဗျူဟာများဖြင့်သာ ဆောင်ရွက်ရသည် ဆိုသည့်အချက်ကို နောက်ခံထားကာ မိမိတို့ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ ဆွေးနွေးပွဲတွင် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးရှုထောင့်တို့မှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အတွေ့အကြုံများနှင့် တွေ့ရှိချက်သစ်များကို ဆွေးနွေးတင်ပြကြကာ တက်ရောက်လာသူများက မေးမြန်းမှုများအပေါ် လက်တွေ့မြေပြင်အခြေအနေကို ထင်ဟပ်မည့် ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သဖြင့် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ပါဝင်ဆွေးနွေးမည့် ပညာရှင်များသည် အတွေ့အကြုံမြင့်မားသည့် အငြိမ်းစားဆေးပညာရှင်များ၊ ဆေးပညာဘာသာရပ်အသီးသီးမှ ပညာရှင်များပါဝင်သည်ဖြစ်သဖြင့် ကိုဗစ်-၁၉ နှင့် ပတ်သက်၍ စုံလင်စွာဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကိစ္စရပ်များနှင့် ပတ်သက်၍ အမျိုးသားအဆင့် ဗဟိုကော်မတီ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ လမ်းညွှန်မှု၊ အကြံပြုမှုတို့အပေါ် မူတည်၍ မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိန်းချုပ်မှု လုပ်ငန်းများကို ပြောင်းလဲလာသော ရောဂါကူးစက်မှု၊ ဖြစ်ပွားမှုအခြေအနေ အပေါ်မူတည်ပြီး မိမိတို့ အတတ်နိုင်ဆုံး အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မှန်ကန်သော စာရင်းဇယားများရရှိမှသာလျှင် မိမိတို့သည် မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေသည် ယခင်လများထက် ကျဆင်းလာသည်ဆိုပြီး ပြည်သူများအနေဖြင့် (လုံးဝ)ပေါ့ဆ၍ မရပါကြောင်း၊ ပေါ့ဆပါက ကိုဗစ်-၁၉ ရောဂါ၏ သဘောသဘာဝအရ ကူးစက်မှုများ ရုတ်ခြည်းမြင့်တက်နိုင်သည် ဆိုသည့်အချက်ကို ပြည်သူများ အားလုံး သတိပြုရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ယခုပျံ့နှံ့နေသည့် ဗိုင်းရပ်စ်ပိုးသည် ကူးစက်မြန်သည့် မျိုးဗီဇပြောင်းလဲမှု ရှိ၊ မရှိကို မိမိတို့ အမြဲတမ်း ခွဲခြမ်းလေ့လာသုံးသပ်လျက်ရှိပြီး ယခုအချိန်အထိ ပြောင်းလဲမှုမရှိသေးသည်ကို တွေ့ရှိရပါကြောင်း။

ဗိုင်းရပ်စ်ပိုး၏ ပုံမှန်သဘော သဘာဝအရ ပွားများအခါတိုင်း မျိုးဗီဇလက္ခဏာ ပြောင်းလဲနိုင်သည်ဆိုသည့် အချက်ကို နှလုံးမူ၍ အချိန်တိုအတွင်း ကူးစက်မှုပမာဏ များပြားသည့် မြို့နယ်များမှ ဗိုင်းရပ်စ်ပိုးခွဲခြမ်း နမူနာများရယူ၍ မိမိတို့ အစဉ်မပြတ် လေ့လာသုံးသပ်လျက် ရှိပါကြောင်း၊ ယခုဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကူးစက်မှုအချိန်ကာလ တိုတောင်းမည် (သို့မဟုတ်) ကြာရှည်မည်နှင့် ကူးစက်ပျံ့နှံ့မှုအတိုင်းအတာ နည်းပါးမည်(သို့မဟုတ်) များပြားလာမည် ဆိုသည်မှာ ပြည်သူတစ်ဦးချင်းစီ၏ ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းများ လိုက်နာမှုအတိုင်းအတာအပေါ် မူတည်နေပါကြောင်း။

### အထူးစီမံချက် ရက်ပိုင်းအတွင်းစမည်

ထိုသို့ ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများကို ပိုမိုသိရှိလိုက်နာစေရန်အတွက် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် "ပါးစပ်နှင့်နှာခေါင်းစည်း (mask) မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက်" ကို (၂၀၂၀) ပြည့်နှစ် နိုဝင်ဘာ (၁၅) ရက်တွင် လည်းကောင်း၊ "ကိုဗစ်-၁၉ ရပ်တန့်ရေး အဝါရောင်လှုပ်ရှားမှု"ကို (၂၀၂၀) ပြည့်နှစ်၊ ဒီဇင်ဘာ (၂၅) ရက်တွင် လည်းကောင်း၊ တစ်နိုင်ငံလုံးတွင် "တစ်ဦးကိုတစ်ဦး အသိပေးခြင်းနှင့် သတိပေးခြင်း မိသားစုစီမံချက်" ကို ယခုနှစ် ဇန်နဝါရီလတွင် စတင်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသေဆုံးသူများ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ ရောဂါအခံရှိသူများ ဖြစ်သဖြင့် ၎င်းတို့ ကိုဗစ်-၁၉ ရောဂါ မရရှိစေရေးအတွက် အထူးစီမံချက်ကို ရက်ပိုင်းအတွင်း စတင်တော့မည် ဖြစ်ပါကြောင်း။

ဤရောဂါ၏ ကူးစက်ပျံ့နှံ့မှုကို ဖြတ်တောက်နိုင်ရန် ပြည်သူ့ကျန်းမာရေးကဏ္ဍမှ ဆောင်ရွက်ရမည် ဖြစ်သဖြင့် ယခုကဲ့သို့သော ဆွေးနွေးပွဲများတွင် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ အခြေခံကျန်းမာရေး တက္ကသိုလ်နှင့် ဆေးတက္ကသိုလ်များရှိ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ ဌာနများမှ ဆရာ၊ ဆရာမများက စိတ်ပါဝင်စားစွာ ဝင်ရောက်ဆွေးနွေး အကြံပြုမှုများကို ပြုလုပ်ရမည် ဖြစ်သည့်အပြင် ပြည်သူ့ကျန်းမာရေးနှင့်ဆိုင်သည့် အသုံးချသုတေသနများကို အချိန်နှင့် တစ်ပြေးညီပြုလုပ်ကာ တွေ့ရှိချက်များကို ဝန်ကြီးဌာနမှ ဤရောဂါထိန်းချုပ်မည့် ကိစ္စရပ်များ၌ အသုံးချမည်ဖြစ်ပါကြောင်း။

ယခု ကိုဗစ်-၁၉ မတိုင်မီက ဆားစ်ရောဂါ (Severe Acute Respiratory Syndrome (SARS))၊ မားစ်ရောဂါ (Middle East Respiratory Syndrome (MERS))၊ အီဘိုလာရောဂါ (Ebola virus disease (EVD)) တို့ကဲ့သို့သော ကူးစက်ရောဂါအသစ်များ ပေါ်ပေါက်ခဲ့ပါကြောင်း၊ လာမည့်ကာလများတွင်လည်း ထိုသို့သော ကူးစက်ရောဂါအသစ်များ ပေါ်ပေါက်လာဦးမည်ဖြစ်သဖြင့် ကြိုတင်ပြင်ဆင်မှုများဖြစ်သော ကျန်းမာရေးစနစ် အခြေခံအဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်များ ပိုမိုခိုင်မာအားကောင်းရေး၊ ပြည်သူ့ကျန်းမာရေး ခွဲစိတ်ခန်းများ အဆင့်မြင့်မားရေး၊ နှင့် ခွဲစိတ်ခန်းများအကြား ကွန်ရက်ချိတ်ဆက်ကာ သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့မှု အားကောင်းရေး၊ စွမ်းဆောင်ရည်မြှင့်သင်တန်းများနှင့် အသုံးချသုတေသနများ ပိုမိုလုပ်ကိုင်ရေးတို့ကို ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ၏ ဖြစ်ပွားမှုပုံသဏ္ဌာန်၊ ပျံ့နှံ့မှုအတိုင်းအတာအပြင် ရောဂါလက္ခဏာတို့သည်လည်း အမြဲပြောင်းလဲလျက် ရှိခြင်းရှိသဖြင့် ထိန်းချုပ်ကုသမှုသည် သိမ်မွေ့နက်နဲခြင်းကြောင့် ကပ်ရောဂါဗေဒပညာရှင်များ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ အဏုဇီဝနှင့် ဗိုင်းရပ်စ်ပိုးပညာရှင်များ၊ ခွဲစိတ်ပညာရှင်များ၊ ဆေးရုံအုပ်ကြီးများနှင့် အမျိုးမျိုးသော ဆေးပညာဘာသာရပ်များမှ ပညာရှင်များအတွက် စိန်ခေါ်မှုများစွာရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ရောဂါထိန်းချုပ်မှုဆိုင်ရာ အဟန့်အတားများကို ချက်ချင်းမလျှော့ချဘဲ တဖြည်းဖြည်းချင်းစီသာ အဆင့်လိုက်၊ အဆင့်လိုက်သာ လျှော့ချလျက်ရှိပါကြောင်း။

ဤရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၌ သက်ဆိုင်ပတ်သက်သူများဖြစ်သည့် ဆေးနှင့်ဆေးပညာနီးနွယ်ဘာသာရပ်ပေါင်းစုံ၊ ဝန်ကြီးဌာနပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ ပါဝင်နေသဖြင့် သာမန်ပေါင်းစပ်ညှိနှိုင်းမှုဖြင့်မရဘဲ ဟန်ချက်ညီ ချိန်သားကိုက် ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်ရပါကြောင်း၊ ရေရှည်တွင် ကျန်းမာရေးစနစ်ကြီးတစ်ခုလုံး ပိုမိုကောင်းမွန်တိုးတက်စေရန်အတွက် ဆေးနှင့်ဆေးပညာနီးနွယ်ပညာရှင်အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ တိုးသီရိအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာလွင်၊ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာထင်အောင်စော၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ပါမောက္ခဒေါက်တာ ဖေသက်ခင်၊ ဆေးတက္ကသိုလ် (၂) အပူပိုင်းနှင့် ကူးစက်ရောဂါဆေးပညာဌာန၊ ပါမောက္ခ/ဌာနမှူးပါမောက္ခ ဒေါက်တာ စံပယ်ဖြူ၊ အပူပိုင်းနှင့်ကူးစက်ရောဂါ ဆေးပညာဌာန ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာ မိုးမိုးစမ်းနှင့် ယခင်က မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူ ပါမောက္ခ ဒေါက်တာရဲမြတို့က ဘာသာရပ်နယ်ပယ်အလိုက် ဆွေးနွေးတင်ပြကြရာ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ လူမှုဖူလုံရေးအဖွဲ့- လင်း အထွေထွေရောဂါကုဆေးခန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၁**

လူမှုဖူလုံရေးအဖွဲ့၏ ပြင်ပလူနာဝန်ဆောင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ပုဂ္ဂလိကဆေးရုံများနှင့် သဘောတူစာချုပ် ချုပ်ဆို၍ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ လင်းဆေးခန်း၌ လူမှုဖူလုံရေးအဖွဲ့-လင်း အထွေထွေရောဂါကုဆေးခန်း ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးနှင့် လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အကျုံးဝင်အာမခံအလုပ်ဌာနများမှ တာဝန်ခံများ၊ လူမှုဖူလုံရေးအဖွဲ့- လင်း အထွေထွေရောဂါကုဆေးခန်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆေးခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လူမှုဖူလုံရေးအဖွဲ့နှင့် လင်းဆေးခန်းတို့ သဘောတူစာချုပ် ချုပ်ဆို၍ ဖွင့်လှစ်ခဲ့သည့် လူမှုဖူလုံရေးအဖွဲ့- လင်း အထွေထွေရောဂါကုဆေးခန်းတွင် လယ်ဝေးမြို့နယ် အာမခံအလုပ်ဌာန ၁၂ ခုမှ အလုပ်သမား ၁၂၅၀ ကျော် အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်မည်ဖြစ်သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်မှတ်ပုံတင်အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အဆင့်မြှင့်တင်ပြောင်းလဲလျက်ရှိရာ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုဝယ်ယူသူ ခွဲခြားသည့်စနစ်ကို ရေရှည်ကျင့်သုံးဆောင်ရွက်မည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ကာ အကျိုးတူပူးပေါင်းသည့်စနစ်ဖြင့် ယခင်စာချုပ် ချုပ်ဆိုဆောင်ရွက်ခဲ့သော စာချုပ်ဆေးခန်း ခုနစ်ခန်းရှိပြီး ယခုအခါ နေပြည်တော်တွင် ဆေးခန်းတစ်ခန်း၊ ရန်ကုန်မြို့တွင် ဆေးခန်းတစ်ခန်း၊ ပဲခူးမြို့တွင် ဆေးခန်းနှစ်ခန်း၊ ကလေးမြို့တွင် ဆေးခန်းတစ်ခန်း စုစုပေါင်း ဆေးခန်းငါးခန်း တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ အာမခံ အလုပ်သမားများ လက်လှမ်းမီသောနေရာများတွင် ဆက်လက်တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။



**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ပြည်တွင်းအလုပ်အကိုင်များကို New Normal နှင့်အညီ ပိုမိုလျင်မြန်ထိရောက်စွာ ရှာဖွေပေးနိုင်ရေးအတွက် ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ အမှုဆောင်များ၊ အေဂျင်စီများနှင့် ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်တွင်း အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်များ၊ ပြည်တွင်း အလုပ်အကိုင် ရှာဖွေရေး အကျိုးဆောင် အေဂျင်စီများမှ မန်နေဂျင်းဒါရိုက်တာများနှင့် ပြည်တွင်းအလုပ်အကိုင်များကို New Nomal နှင့်အညီ ပိုမိုလျင်မြန်ထိရောက်စွာ ရှာဖွေပေးနိုင်ရေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)




## စိန်ခေါ်မှုများ ကြုံတွေ့ရ

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အလုပ်သမားဈေးကွက်များအပေါ် မကြုံစဖူး သက်ရောက်မှုများရှိပြီး မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကြောင့် စက်ရုံပိတ်သိမ်းခြင်း၊ အလုပ်သမားအင်အားလျှော့ချခြင်းများ စသည့်အလုပ်အကိုင်ဆိုင်ရာ ပြဿနာများ၊ စိန်ခေါ်မှုများကို ကြုံတွေ့ရပြီး နိုင်ငံတော်က ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ငွေကြေးအရ ကူညီဆောင်ရွက်ပေးမှုများနှင့် ဖြေလျှော့ပေးမှုများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအပေါ် ရိုက်ခတ်မှုများအား သက်သာမှု ရှိစေရန် အလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး ဝန်ကြီးဌာနရှိ လူမှုဖူလုံရေးအဖွဲ့မှ ကိုဗစ်-၁၉ ကာလအတွင်း ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း၊ Quarantine ဝင်ရောက်သည့် အာမခံအလုပ်သမားများ မကျန်းမာမှု အကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းနှင့် ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများ မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း စုစုပေါင်း အာမခံအလုပ်သမား၊ ဝန်ထမ်းဦးရေ ၁၅၃၄၁၇၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၆၅၉၆၁ ဒသမ ၇၆၈ သန်းအား ခွင့်ပြုထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ခရိုင်နှင့် မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (၈၉) ရုံး ဖွင့်လှစ်၍ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေနှင့်အညီ အလုပ်ရှာဖွေသူများအား အလုပ်သမားမှတ်ပုံတင်ပေးခြင်း၊ အစိုးရဌာန၊ အလုပ်သမား (၅) ဦးနှင့်အထက်ရှိသော သမဝါယမ၊ ဖက်စပ်လုပ်ငန်းနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်တို့ထံမှ အလုပ်သမား လိုအပ်ကြောင်းအကြောင်းကြားစာ(အမှာစာ)များ လက်ခံဆောင်ရွက်ခြင်း၊ အမှာစာအရ သင့်တော်သည့် မှတ်ပုံတင် အလုပ်သမားများအား အလုပ်ရှင်ထံ စုဆောင်းပေးပို့ခြင်း၊ အလုပ်ရှင်များမှ ရွေးချယ်ထားသူများကို အလုပ်ခန့်အပ်နိုင်ရန် အလုပ်ခန့်ထားရေး ကတ်ပြား (အလလခပုံစံ-၇)ထုတ်ပေးခြင်းများကို ကိုဗစ်-၁၉ ကာလအတွင်း၌လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## စိစစ်ခွင့်ပြုပေး

အလုပ်အကိုင်ရရှိရေးကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန် ကုမ္ပဏီမှတ်ပုံတင်ထားသော နိုင်ငံသားပိုင် ကုမ္ပဏီများအား ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ဥပဒေသတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေး အကျိုးဆောင်လိုင်စင်ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး လက်ရှိအချိန်အထိ အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၁၀၁ ခု ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင် လုပ်ငန်း လုပ်ကိုင်ရန် လိုင်စင် လျှောက်ထားခြင်းနှင့် သက်တမ်းတိုးလိုင်စင် လျှောက်ထားခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပြီး အေဂျင်စီများအနေဖြင့် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ အလွန်ကာလတွင်လည်း Digitalization ဖြင့်ဆောင်ရွက်ရမည့် အလုပ်ကိုင်အခွင့်အလမ်းအသစ်များ ပိုမိုများပြားလာမည်ဖြစ်သည့်အတွက် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအနေဖြင့် ကိုဗစ်-၁၉ ကာလနှင့် ကိုဗစ်-၁၉ အလွန်ကာလတို့တွင် လုပ်သားဈေးကွက် သတင်းအချက်အလက်များကို အလုပ်ရှာဖွေသူများနှင့် လုပ်ငန်းရှင်များ လက်လှမ်းမီရရှိရေး မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး လုပ်ဆောင်ရာတွင် နည်းပညာအသုံးပြု၍ ဝန်ဆောင်မှု ဆောင်ရွက်ပေးနိုင်သည့် လမ်းကြောင်းသစ်များကို ရှာဖွေပြီး အလုပ်အကိုင်ဆိုင်ရာ သတင်းအချက်အလက်များကို အလုပ်ရှာဖွေသူများ သိရှိလေ့လာနိုင်ရန် လုပ်ဆောင်ခြင်းများကို အလုပ်အကိုင်ဆိုင်ရာ အွန်လိုင်းဝန်ဆောင်မှု စနစ်များနှင့် ပြင်ဆင်ဆောင်ရွက်ခြင်း၊ အွန်လိုင်းဖြင့် အလုပ်အကိုင်ရရှိရန် ချိတ်ဆက်ပေးခြင်း၊ အလုပ်အကိုင်ပြပွဲများ ကျင်းပပေးခြင်း စသည်တို့ကို ခေတ်ကာလနှင့် လျော်ညီအောင် လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

## စွမ်းဆောင်ရည်မြှင့်တင်

နိုင်ငံတော်၏ စီးပွားရေးပြန်လည်နာလန်ထူရန် လုပ်ဆောင်ရာတွင် အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုကဏ္ဍသည်လည်း အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ကြောင်း၊ အေဂျင်စီများအနေဖြင့် ပုဂ္ဂလိကအလုပ်အကိုင်ဝန်ဆောင်မှုအားဖြင့် အလုပ်ရှာဖွေသူများကို ကူညီရန် မိမိတို့၏ အခန်းကဏ္ဍအတွက် အရည်အချင်း၊ နည်းစနစ်နှင့် စွမ်းဆောင်ရည်တို့ကို ပိုမိုမြှင့်တင် ဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းကို ရည်ရွယ်ချက်ကောင်းမွန်စွာဖြင့် ဖွဲ့စည်းထားပြီးဖြစ်၍ အသင်းအနေဖြင့် မှန်ကန်သည့် ဦးဆောင်မှုနှင့် အေဂျင်စီများအားလုံး အချင်းချင်း စည်းလုံးညီညွတ်စွာ လုပ်ဆောင်ရန်နှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရန်၊ ဂုဏ်သိက္ခာရှိသော အေဂျင်စီများအဖြစ် အလုပ်ရှာဖွေသူများနှင့် အလုပ်ရှင်များ၏ အကျိုးကို သယ်ပိုး၍ အလုပ်အကိုင်နှင့် ပတ်သက်သည့် ဝန်ဆောင်မှုများ ပေးကြရန်နှင့် အေဂျင်စီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာ၌ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အေဂျင်စီများ၏ ယခင်တင်ပြချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲ တက်ရောက်လာသူများက အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းပြောကြား၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်များ၊ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအကျိုးဆောင် အေဂျင်စီများမှ မန်နေဂျင်းဒါရိုက်တာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ်(၇)ကို ဇန်နဝါရီ ၂၂ ရက် ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၇)၏ COVID-19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို သရုပ်ဆောင် ကျော်ကျော်နှင့် ဆုမြတ်နိုးဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါမိသားစုပြိုင်ပွဲများကို ဇန်နဝါရီ ၂၂၊ ၂၃ နှင့် ၂၄ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီသတင်းအပြီးနှင့် MRTV Facebook Page တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့အတွင်းရှိ လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးအဖွဲ့မှ ပုဂ္ဂလိကဆေးခန်းများနှင့် ပူးပေါင်း၍ အခမဲ့ဆေးကုသပေးလျက်ရှိ

**ပဲခူး ဇန်နဝါရီ ၂၁**

လူမှုဖူလုံရေးအဖွဲ့မှ ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအနက် ကျန်းမာရေးဝန်ဆောင်မှုနှင့် ပတ်သက်၍ ဦးစားပေးအစီအစဉ်အရ အာမခံအလုပ်သမားများ ဆေးကုသမှု ထိရောက်၊ မြန်ဆန်၊ လွယ်ကူစေရန်အတွက် ပြင်ပပုဂ္ဂလိကဆေးခန်းများနှင့် စာချုပ် ချုပ်ဆို၍ Provider Purchaser Split စနစ်ဖြင့် ဝန်ဆောင်မှုများ ဝယ်ယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ပဲခူးမြို့ပေါ်မှ ပုဂ္ဂလိကဆေးခန်းနှစ်ခန်းဖြစ်သည့် ညောင်အင်း အထွေထွေရောဂါကု ဆေးခန်းနှင့် ရွှေဟသာ်ာ အထွေထွေရောဂါကု ဆေးခန်းတို့အား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်မှ စတင်၍ စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ရာ ၎င်းဆေးခန်းများနှင့် အနီးတစ်ဝိုက်ရှိ အာမခံအလုပ်သမားများ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ပိတ်ရက်မရှိ အခမဲ့ ဆေးကုသပေးနေခြင်း ဖြစ်သည်။

ပဲခူးမြို့တွင် အကျုံးဝင်အလုပ်ဌာနပေါင်း ၆၅၉ ဌာနမှ အာမခံအလုပ်သမားပေါင်း ၅၆၁၃၉ ဦးရှိသည့်အနက် ညောင်အင်းစက်မှုဇုန်အနီးတစ်ဝိုက်ရှိ အာမခံအလုပ်သမား ၂၀၀၀ ကျော်အတွက် ညောင်အင်း အထွေထွေရောဂါကု ဆေးခန်းနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ရာ ယနေ့အထိ လူနာဦးရေ ၂၄၀ ကို ကုသပေးခဲ့ပြီး သနပ်ပင်အနီးတစ်ဝိုက်ရှိ အာမခံအလုပ်သမား ၃၀၀၀ ကျော်အတွက် ရွှေဟသာ်ာအထွေထွေရောဂါကု ဆေးခန်းနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ရာ ယနေ့အထိ လူနာဦးရေ ၁၄၉ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသော ပုဂ္ဂလိက ဆေးခန်းနှစ်ခန်းအား ယခုသီတင်းပတ်အတွင်း တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး သွားရောက်ကြည့်ရှုစစ်ဆေးပေးခဲ့ပြီး ဆက်လက်၍လည်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ ဆေးကုသမှု ပိုမိုအဆင်ပြေစေရန်အတွက် အာမခံအလုပ်သမားအများစု တည်ရှိရာနေရာများရှိ ပုဂ္ဂလိကဆေးရုံ/ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(တိုင်းဒေသကြီး/လမဖအဖွဲ့)**

# မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းက အောက်ဆီဂျင်များ လှူဒါန်း

**မကွေး ဇန်နဝါရီ ၂၁**

မကွေးမြို့၏ ကရုဏာရှင်များ နာရေးကူညီမှုအသင်းသည် ကရုဏာရှင်အခမဲ့ဆေးခန်း ဖွင့်လှစ်ပေးခြင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင် တစ်ပတ်လျှင် သုံးရက် fever clinic ဆေးခန်းဖွင့်လှစ်ပေးခြင်း၊ အခြေခံ လူတန်းစားများ ဝယ်ယူနိုင်ရန် စားသောက်ကုန်ပစ္စည်းများအား ထက်ဝက်ဈေးဖြင့် ရောင်းချပေးခြင်း၊ နှစ်စဉ်တရားပွဲများ ကျင်းပပေးခြင်း၊ အောက်ဆီဂျင်အိုးများအား ၁၂-၂-၂၀၁၃ ရက်မှ ယနေ့အထိ အောက်ဆီဂျင်လိုအပ်သော မကွေးပြည်သူ့ဆေးရုံကြီး၊ သင်ကြားရေးဆေးရုံကြီး၊ တပ်မတော်စစ်ဆေးရုံနှင့် မကွေးမြို့ပေါ် ရပ်ကွက်များမှ ဆရာဝန်များ၏ ညွှန်ကြားချက်ဖြင့် အောက်ဆီဂျင်လိုအပ်သော လူနာများအား လှူဒါန်းပေးလျက်ရှိသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်တွင် မကွေးမြို့၏ ကရုဏာရှင်များ နာရေးကူညီမှုအသင်းအနေဖြင့် လိုအပ်လျက်ရှိသော အောက်ဆီဂျင်အိုး ၁၀၀ ကျော်ကို ဆေးရုံအသီးသီးသို့ နေ့စဉ်လှူဒါန်းလျက်ရှိသည်။

သို့ဖြစ်ပါ၍ မကွေးမြို့၏ ကရုဏာရှင်များ နာရေးကူညီမှုအသင်းကြီးတွင် အောက်ဆီဂျင်အလှူရှင်များ လိုအပ်လျက်ရှိသဖြင့် အလှူရှင်များအနေဖြင့် အောက်ဆီဂျင်အိုးအသစ် တစ်လုံးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် မကွေးမြို့ ကရုဏာရှင် နာရေးကူညီမှုအသင်းရုံး ဖုန်း-၀၉-၅၃၄၁၉၀၀၊ ဦးသာသန (ဩဝါဒါစရိယ) ၀၉-၅၃၄၀၄၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မေသူလွင်(မကွေး)**

# မင်္ဂလာဒုံမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၁

**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နှင့် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။**

ယင်းသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးများအား အခြားကုန်ပစ္စည်းများနှင့် ရောနှော၍ လွိုင်ကော်-ရန်ကုန် အဝေးပြေးယာဉ်တွင် လူမဲ့တန်ဆာဖြင့်သယ်ဆောင်လာကြောင်း သတင်းအရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရန်ကုန်မြို့ အောင်မင်္ဂလာကားဝင်းကားဂိတ်၌ စောင့်ဆိုင်းနေစဉ် ဇန်နဝါရီ ၂၀ ရက်တွင် လူမဲ့တန်ဆာအိတ်များကို လာရောက်ထုတ်ယူသူ ခူးသီအိုဒေါ်ရီနှင့် မိုင်းမိုင်းလင်းကြည်တို့အား ထိန်းသိမ်း၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ၎င်းတို့နှစ်ဦးမောင်းနှင်လာသော မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆ ပြား၊ အိုက်စ် သုည ဒသမ ရှစ်ဂရမ်တို့ကို သိမ်းဆည်းရမိသည်။

ယင်းတို့အား စစ်ဆေးပေါ်ပေါက်ချက်အရ ညနေပိုင်းတွင် ခူးသီအိုဒေါ်ရီနေထိုင်သည့် ဖယ်ခုံမြို့ ဟိန်ဓမ္မရပ်ကွက် သော်ကလမ်းရှိ နေအိမ်ကို ရှာဖွေရာ ၎င်း၏ဇနီး မမူစကော်လီနာသိန်းအား တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ခူးသီအိုဒေါ်ရီ၊ မိုင်းမိုင်းလင်းကြည်၊ မမူစကော်လီနာသိန်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ



ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

အရေးယူထားကြောင်းနှင့် ခူးသီအိုဒေါ်ရီမှ ၎င်းမူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်မှ ဝယ်ယူပြီး ၎င်း၏ နေအိမ်တွင် သိုလှောင်ထိန်းသိမ်း၍ ရန်ကုန်မြို့သို့ သယ်ယူပို့ဆောင် ဖြန့်ဖြူးသူဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် – CMRS ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အတွင်း သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒူးယားကျွန်းအနီးတွင် စက်လှေတစ်စင်းပေါ်မှ တရားမဝင် ကဒွတ်၊ ကံ့ကော်၊ တောင်ခရဲခွဲသား ၆ ဒသမ ၀၃၈၈ တန်ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် စဉ့်ကူးတိုးချဲ့ကြိုးဝိုင်းအကွက်အမှတ်(၃၁)အတွင်း တရားမဝင် ထောက်ကြံ့၊ ပျဉ်းကတိုး၊ သတီ၊ ဖက်သန်း၊ ဇင်ပြွန်း၊ ခူသန်၊ ကျွန်း ခေါက်နွယ်၊ ဒီဒူး၊ ဝွေး၊ မျောက်ချော၊ နဘဲသစ် ၁၃ ဒသမ ၅၂၄၀ တန်ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပေါင်းလင်းကြိုးဝိုင်း အကွက်အမှတ်(၅၉၊ ၆၂၊ ၆၃၊ ၈၀)အတွင်းမှ တရားမဝင် တောင်သဘော်၊ မျောက်ချော၊ ချဉ်ယုတ်၊ ထောက်ကြံ့၊ သစ်ပုတ်၊ ပျဉ်းကတိုး၊ နဘဲ၊ ပျဉ်းမ၊ မျောက်ငို၊ သစ်ဆိမ့်၊ သဒီ၊ ဖန်ခါး၊ သစ်မန်ကျည်း၊ သစ်ပုတ်၊ လယ်ဇ၊ လျှော်ပြာခွဲသား ၁၉ ဒသမ ၈၅၂၇ တန်တို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျောက်ပန္ဒူကျေးရွာ၏ အနောက်မြောက်ဘက် ၁ ဒသမ ၅ မိုင်ခန့် အကွာနေရာ၌ မှောင်ခိုလှေတစ်စင်းပေါ်မှ တရားမဝင် ကျွန်း၊ ကညင်ခွဲသား ၁၂ ဒသမ ၀၇၁၄ တန်တို့ကို ပြစ်မှုကျူးလွန်သူ လေးဦး၊ ဆက်စပ်ပြစ်မှုကျူးလွန်သူနှစ်ဦးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း**

# လူကုန်ကူးမှုခံရသူ အမျိုးသမီးနှစ်ဦး တရုတ်နိုင်ငံတွင် ယာဉ်တိုက်မှုဖြစ်ပြီးသေဆုံး

**သပိတ်ကျင်း ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာမှ အမျိုးသမီးနှစ်ဦးကို တရုတ်နိုင်ငံတွင် အလုပ်ရရှိမည်ဟုဆိုကာ ခေါ်ဆောင်သွားစဉ် လူကုန်ကူးခံရကာ တရုတ်နိုင်ငံတွင် ယာဉ်တိုက်မှုဖြစ်ပွားပြီး သေဆုံးသွားသဖြင့် ဇန်နဝါရီ ၁၉ ရက်က သပိတ်ကျင်းမြို့ မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ အမှတ်(၂)ရပ်ကွက်မှ မသင်းသင်းနိုင် (၂၂ နှစ်)၊ မမိုးမိုးစန်း (၂၄ နှစ်)တို့နှစ်ဦးအား တစ်ရွာတည်းနေ မဇင်မာအောင်(ခ)မအေးသီတာပိုင်(ခ)ပိုင်ပိုင်၊ ခင်ပွန်းဖြစ်သူ အောင်ဆန်းထွန်းတို့က တရုတ်နိုင်ငံရှိ စက်ရုံတွင် အလုပ်အကိုင်ရရှိအောင် ပို့ဆောင်ပေးမည်ဟု ပြောဆိုခေါ်ဆောင်သွားခဲ့ပြီး မူဆယ်မြို့မှ တရုတ်နိုင်ငံအတွင်း နေထိုင်သူ အလုပ်သမားပွဲစား မချို ထံမှတစ်ဆင့် ပို့ဆောင်ပေးခဲ့ရာ မသင်းသင်းနိုင်နှင့် မမိုးမိုးစန်းတို့မှာ တရုတ်နိုင်ငံတွင် ယာဉ်တိုက်မှုဖြစ်ပွားပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း လွယ်ဂျယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ထံမှ သိရသည်။

တရုတ်နိုင်ငံ စက်ရုံတွင် အလုပ်ရမည်ဟု စည်းရုံးခေါ်ဆောင်သွားပြီး အကျိုးဆောင်ခအဖြစ် ငွေကြေးအကျိုးအမြတ်ရယူသူများဖြစ်သော မချို၊ မဇင်မာအောင်(ခ)မအေးသီတာပိုင်(ခ)ပိုင်ပိုင်နှင့် အောင်ဆန်းထွန်းတို့ သုံးဦးအား သပိတ်ကျင်းမြို့ မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိပြီး မချိုအား ဖမ်းဆီးရမိရေး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(ပြန်/ဆက်)**

# ၂၀၂၁ ရာသီအတွက် ပြင်ဆင်နေသည့် ရန်ကုန်အသင်း ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ခေါ်ယူ

**ရန်ကုန် ဇန်နဝါရီ ၂၁**

၂၀၂၁ ရာသီအတွက် ပြင်ဆင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူခဲ့သည်။

ရန်ကုန်အသင်းသည် ယခုလအတွင်း ကစားသမားသစ်များ ဆက်တိုက်ခေါ်ယူနေပြီး ဇန်နဝါရီ ၂၀ ရက် နှင့် ၂၁ ရက်တွင် ပြည်တွင်းကစားသမားနှစ်ဦး၊ ပြည်ပကစားသမားတစ်ဦးခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန် အသင်းသည် ဒုတိယမြောက် နိုင်ငံခြားသားကစားသမား ခေါ်ယူမှုအဖြစ် တိုက်စစ်မှူး ပက်ထရစ်အား တစ်ရာသီစာချုပ်ဖြင့် ဇန်နဝါရီ ၂၀ ရက်က ခေါ်ယူခဲ့သည်။ ပက်ထရစ်သည် ၂၀၁၈ ခုနှစ်ကတည်းက MNL တွင် လာရောက်ကစားနေသူဖြစ်ပြီး ရှေ့ဝတီ၊ ဇွဲကပင်၊ ဒဂုံနှင့် စစ်ကိုင်းအသင်းတို့တွင် ကစားခဲ့ကာ ပြီးခဲ့သည့်ရာသီက စစ်ကိုင်းအသင်းတွင် ပါဝင်ခဲ့သူဖြစ်သည်။ ရန်ကုန်အသင်းသည် လာမည့်ရာသီအတွက် နိုင်ငံခြားသားကစားသမားနှစ်ဦး ခေါ်ယူထားပြီး ပက်ထရစ်မတိုင်မီက ဘရာဇီးကွင်းလယ် တိုက်စစ်ကစားသမား အီမာဆင်ကို ခေါ်ယူထားသည်။ ထို့ပြင်ရန်ကုန်အသင်းသည် ပြည်တွင်းကစားသမားသစ်များအဖြစ် အသင်းဖျက်သိမ်းသွားသည့် မကွေးအသင်းမှ တိုက်စစ်မှူး ပြည်မိုးနှင့် နောက်ခံလူ ဟိန်းထက်စည်သူတို့ကို နှစ်နှစ်စာချုပ်ဖြင့် ဇန်နဝါရီ ၂၁ ရက်က ခေါ်ယူခဲ့သည်။ ရန်ကုန်အသင်းသည် ပြည်မိုးနှင့် ဟိန်းထက်စည်သူ မတိုင်မီ ပြည်တွင်း ကစားသမားများအဖြစ် လွင်မိုးအောင်၊ စိုးမိုးကျော်၊ ဝင်းနိုင်ထွန်း၊ ကျော်ဖြိုးဝေ၊ ဇော်ဝင်း၊ သီဟတို့အား ခေါ်ယူထားသည်။




ရန်ကုန်အသင်း ခေါ်ယူခဲ့သည့် ကင်မရွန်းတိုက်စစ်မှူး ပက်ထရစ်။

ရန်ကုန်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် ဖလားလက်မဲ့ရာသီနှင့် ကြုံတွေ့ခဲ့သောကြောင့် လာမည့်ရာသီတွင် အောင်မြင်မှုရရန် ပြင်ဆင်နေခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ ပြည်တွင်းကစားသမား ရှစ်ဦး၊ နိုင်ငံခြားသားကစားသမား နှစ်ဦး ခေါ်ယူထားပြီးဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ရန်ကုန်အသင်း**

# မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၈) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီခွဲခန့်တွင် ချမ်းအေးသာစံမြို့နယ် ကဉ္စနမဟီရပ်ကွက် အကွက် (၆၂၂) ၇၉-၈၀၊ ၃၀-၃၁ လမ်းကြားရှိ ရဲလင်းအောင်(ခ) မှတ်ကြီး၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ ရဲလင်းအောင် (ခ) မှတ်ကြီးအား ၎င်း၏နေအိမ် အိပ်ခန်းအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၀ ၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် ဖုန်းနှစ်လုံးတို့နှင့်အတူ တွေ့ရှိရသဖြင့် အမှတ်(၈) မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲပြန်ကြား**

❖ *ကျောဖုံးမှ*

ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ၆၄ မိနစ်တွင် စီရော်နယ်ဒိုက ဂျူဗင်တပ်စ်အတွက် အဖွင့်ဂိုးကို သွင်းယူပေးခဲ့သည်။ စီရော်နယ်ဒိုသည် ယင်းသွင်းဂိုးကြောင့် ပြိုင်ပွဲစုံသွင်းဂိုး ၇၆၀ ပြည့်ခဲ့ပြီး ဂိုးသွင်းအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ နာပိုလီအသင်း သည် ချေပဂိုးရရှိရန် ပွဲချိန် မိနစ်၈၀တွင် ပယ်နယ်တီအခွင့်အရေးရရှိခဲ့ပြီး အင်ဆစ်နီ ကန်သွင်းခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ဂျူဗင်တပ်စ်အတွက် အနိုင်သေချာမည့်ဂိုးကို သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ငါးမိနစ်တွင် မိုရာတာက သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှုမှာ ဂျူဗင်တပ်စ်က အနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၁ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ရာ သုံးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ နာပိုလီအသင်းသည် ရှစ်ကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး သုံးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ယနေ့ပွဲအနိုင်ရရှိသည့် ဂျူဗင်တပ်စ်အသင်းသည် ဗိုလ်လုပွဲသို့ ၁၆ ကြိမ်တက်ရောက်နိုင်ခဲ့ရာ ကိုးကြိမ်ဖလားရရှိခဲ့ပြီး ခုနစ်ကြိမ် ဒုတိယရရှိထားသည့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။ ၂၀၁၉ ချန်ပီယံဟောင်းမှာ လာဇီယိုဖြစ်ပြီး ဖလားငါးကြိမ် ဆွတ်ခူးထားသည်။ ဒုတိယ အအောင်မြင်ဆုံးအသင်းမှာ အေစီမီလန်ဖြစ်ပြီး ခုနစ်ကြိမ် ရရှိထားကာ တတိယနေရာတွင် အင်တာမီလန်က ငါးကြိမ်ဖြင့် လာဇီယိုအသင်းနှင့် အကြိမ်တူညီထားသည်။ ရိုးမားနှင့် နာပိုလီက နှစ်ကြိမ်စီရရှိထားပြီး ဆမ်ဒိုးရီးယား၊ ပါးမား၊ ဖီအိုရင်တီးနားတို့က တစ်ကြိမ်စီရရှိထားသည်။ အီတလီဆူပါဖလားပြိုင်ပွဲကြီးကို ၁၉၈၈ခုနှစ်တွင် စတင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ **သီဟ**

❊ *ကျောဖုံးမှ*

ခေါ်ယူစာချုပ်လိုက်ပြီးနောက် အသင်းတွင် ခြေစွမ်းပြသကာ ဂိုးများစွာသွင်းယူထားနိုင်သည့် လူကာကူကို မန်ယူအသင်းက ၂၀၁၇ ခုနှစ်တွင် ပြောင်းရွှေ့ကြေး မြောက်မြားစွာပေးချေပြီး အသင်းသို့ ခေါ်ယူဆောင်ကြဉ်းနိုင်ခဲ့သည်။ လူကာကူသည် မန်ယူသို့ ပြောင်းရွှေ့ရောက်ရှိသည့်နှစ်မှာပင် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၅၁ ပွဲတွင် ၂၇ ဂိုးအထိ သွင်းယူပေးထားနိုင်သော်လည်း ၂၀၁၈-၁၉ ရာသီ၌ ပြိုင်ပွဲစုံ ၄၅ ပွဲတွင် ၁၅ ဂိုးသာ သွင်းယူထားနိုင်သည်။ ထို့နောက် နည်းပြဆိုးလ်ရှားက အသင်းမှ ဂရင်းဝုဒ်၊ ရပ်ရှ်ဖို့ဒ်နှင့် မာရှယ်တို့ကို အသုံးပြုကာ လူကာကူကို အင်တာမီလန်သို့ ရောင်းထုတ်ခဲ့သည်။ ၎င်းသည် အင်တာမီလန်တွင် ခြေစွမ်းပြသပြီး ပုံစံကောင်းရရှိနေသူဖြစ်သည်။

၎င်းသည် အင်တာမီလန်အတွက် ယခုနှစ် ရာသီ ၂၂ ပွဲတွင် ၁၇ ဂိုးအပါအဝင် ပြိုင်ပွဲအရပ်ရပ် ၇၃ ပွဲ ကစားပြီး ၅၁ ဂိုးအထိ သွင်းယူထားနိုင်ပြီဖြစ်သည်။ ပရီမီယာလိဂ်ကလပ် မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် ရာသီအကုန်တွင် အသင်းမှအလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိနေသည့် အဂူရို၏နေရာကို အင်တာမီလန်တွင် ခြေစွမ်းပြသနေသည့် လူကာကူဖြင့် အစားထိုးရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။ သတင်းများအရ လူကာကူ၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးကြည့်ရာတွင် အသက်(၂၇ နှစ်)အရွယ် လူကာကူအနေဖြင့် အင်တာမီလန်မှ ထွက်ခွာမည် မဟုတ်ကြောင်း သိရသည်။ လက်ရှိထွက်ပေါ်နေသည့် မန်စီးတီးသို့ ပြောင်းရွှေ့မည်ဆိုသည့် သတင်းများနှင့်ပတ်သက်ပြီး မဖြစ်နိုင်ကြောင်း၊ နည်းပြကွန်တီ၏ လက်အောက်တွင် ခြေစွမ်းပြသထားနိုင်ပြီး ပျော်ရွှင်လျက်ရှိကြောင်းလည်း သိရသည်။

အင်တာမီလန်သည် စီးရီးအေ ၁၈ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၄၀ ဖြင့် အမှတ်ပေးဇယားအဆင့် (၂)တွင် ရပ်တည်နေသည့် အသင်း ဖြစ်သည်။ အင်တာမီလန်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၃ ရက်တွင် အူဒီးစ်နိစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အမေရိကန်နုတ်ထွက်ခြင်းကို သမ္မတသစ်ဂျိုးဘိုင်ဒင် ရုပ်သိမ်း

ဝါရှင်တန် ဇန်နဝါရီ ၂၁

**အမေရိကန်သမ္မတသစ် ဂျိုးဘိုင်ဒင်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အမေရိကန်နုတ်ထွက်သည့် အစီအစဉ်ကို ဇန်နဝါရီ ၂၀ ရက်တွင် ပြန်လည်ရုပ်သိမ်းလိုက်သည်။**

၄၆ ယောက်မြောက် အမေရိကန်သမ္မတအဖြစ် ဂျိုးဘိုင်ဒင် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး နာရီပိုင်းအကြာတွင် ယခင်သမ္မတ လက်ထက်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ နုတ်ထွက်ရန် လုပ်ဆောင်ခဲ့သည့်အစီအစဉ်ကို ပြန်လည်ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း လက်မှတ်ရေးထိုးခဲ့သည်။ သမ္မတအဖြစ် ၎င်းတာဝန်ထမ်းဆောင်သည့်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးထဲသို့ အမေရိကန်ကို ပြန်လည်ဝင်ရောက်စေမည်ဖြစ်ကြောင်း တွစ်တာပေါ်၌ ဖော်ပြခဲ့သည်။

သမ္မတ ဂျိုးဘိုင်ဒင်သည် လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်မည့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ရန် အမေရိကန် ကူးစက်ရောဂါကျွမ်းကျင်ပညာရှင် အန်သိုနီဖောင်ချီအား တာဝန်ပေးအပ်ခဲ့သည်။

ထရမ့်အစိုးရအဖွဲ့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပေါ် မကြာခဏ ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ကာ အဖွဲ့ကြီးမှ နုတ်ထွက်ကြောင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် ဒီမိုကရက်တစ်အဖွဲ့ဝင်များက ဒေါ်နယ် ထရမ့်အစိုးရအဖွဲ့သည် နိုင်ငံအတွင်း ဖြစ်ပွားနေသည့် ကပ်ရောဂါကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်း မရှိမှုအပေါ် အပြစ်တင်ခံရခြင်းမှ ရှောင်လွှဲရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ထိုးနှက်တိုက်ခိုက်ခဲ့ခြင်းသာဖြစ်ကြောင်း ဝေဖန်ခဲ့ကြသည်။ **ဆင်ဟွာ**



အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည့် ဂျိုးဘိုင်ဒင်။

## ဂျာမနီနိုင်ငံတွင် ပါးစပ်၊ နှာခေါင်းစည်းမတပ်မနေရ စည်းကမ်းသတ်မှတ်မည်

**မြို့နစ်ချ် ဇန်နဝါရီ ၂၁**

ဂျာမနီနိုင်ငံတွင် ဗီဇပြောင်းကိုဗစ်- ၁၉ မျိုးစိတ်အသစ် ကူးစက်ဖြစ်ပွားမှုကို တားဆီးကာကွယ်ရန် ရည်ရွယ်သည့် လုပ်ငန်းစီမံချက်အသစ်များကို ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ဇန်နဝါရီ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။



ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်။

အစိုးရက လက်ရှိဆောင်ရွက်နေသည့် ကပ်ရောဂါဆိုင်ရာ စီမံဆောင်ရွက်ချက်များကိုလည်း လာမည့် ဖေဖော်ဝါရီ ၁၄ ရက်အထိ အချိန်ထပ်တိုးခဲ့သည်။ ယင်းစီမံချက်များတွင် ဈေးဆိုင်များကို ပိတ်ထားရန် ညွှန်ကြားထားသည်။

ထို့ပြင် ဂျာမနီနိုင်ငံသားများအနေဖြင့် အများပြည်သူသုံး ဆက်သွယ်ရေးလမ်းကြောင်းများတွင် စီးနင်းလိုက်ပါချိန်နှင့် စတိုးဆိုင်များအတွင်း ရှိနေချိန်များတွင် ပါးစပ်၊ နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ထားကြရန် အစိုးရက စည်းကမ်းထုတ်မည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ်က ပြောသည်။

ကုမ္ပဏီလုပ်ငန်းများအနေဖြင့်လည်း ၎င်းတို့၏ ဝန်ထမ်းများကို နေအိမ်မှနေ၍ အလုပ်လုပ်စေရန် ညွှန်ကြားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ပြောကြားခဲ့သည်။**အင်န်အိတ်ချ်ကေ**

## ဂျပန်အစိုးရက တိုကျိုအိုလံပစ်အားကစားပွဲများအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆ ဘီလီယံသုံးမည်

**တိုကျို ဇန်နဝါရီ ၂၁**

ယခုနှစ်နွေရာသီတွင် ကျင်းပမည့် တိုကျိုအိုလံပစ်အားကစားပွဲများနှင့် မသန်စွမ်း အားကစားပြိုင်ပွဲများအတွက် ဂျပန်အစိုးရက ဂျပန်ယန်းငွေ ၃၉၀ ဘီလီယံ ( အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆ ဘီလီယံ)ကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငွေကြေးပမာဏသည် အိုလံပစ်အားကစားပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ဂျပန်နိုင်ငံကို ရွေးချယ်ခဲ့သည့် ၂၀၁၃ ခုနှစ် ဘဏ္ဍာနှစ်မှ စတင်ကာ ၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်မတိုင်မီ အချိန်ကာလအတွက်ဖြစ်သည်။ အစိုးရက အဆိုပါ အသုံးစရိတ်ထဲတွင် ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် အားကစားပွဲများကို တစ်နှစ်ကြာအောင် ရွှေ့ဆိုင်းလိုက်ပြီးနောက် ကူးစက်ရောဂါတိုက်ဖျက်ရေးအတွက် လက်ရှိဘဏ္ဍာနှစ်တွင် ဖြည့်စွက် အသုံးစရိတ်အဖြစ် ထပ်မံထည့်သွင်းခဲ့သည့် အမေရိကန်ဒေါ်လာ ၇၈၁ သန်းပါဝင်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အားကစားသမားများကို လေ့ကျင့်ပေးမည့် အစီအစဉ်များအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ၊ လုံခြုံရေးဆိုင်ရာအတွက် အမေရိကန်ဒေါ်လာ ၅၁၇ သန်းနှင့် အမျိုးသားအားကစားရုံ တည်ဆောက်မှုနှင့် ဆက်စပ်လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၄၉၉ သန်းတို့ အသုံးစရိတ်ထဲတွင် ပါဝင်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါရိုရှီဟိဒဲက ၎င်း၏အစိုးရအဖွဲ့သည် တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၀ ရက်တွင် အောက်လွှတ်တော်အစည်းအဝေး၌ ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**




## သွေးတိုးရောဂါကုသရာတွင် အသုံးပြုသည့်ဆေးဝါးဖြင့် ကိုဗစ်- ၁၉ လူနာများအား ကုသနိုင်မည့်နည်းလမ်းကို အီတလီဆေးပညာရှင်များ တွေ့ရှိ

**ရောမ ဇန်နဝါရီ ၂၁**

သွေးတိုးရောဂါရှိသည့် လူနာများကို ကုသရာတွင် အသုံးပြုသည့် ဆီးရွှင်ဆေး၌ ပါဝင်သည့် ပါဝင်ပစ္စည်းတစ်မျိုးက ကိုဗစ်- ၁၉ လူနာများတွင် နောက်ဆက်တွဲရောဂါလက္ခဏာများကို ရပ်တန့်စေနိုင်သည်ကို ဘာရီတက္ကသိုလ်မှ သုတေသနပညာရှင်တစ်စု၏ လေ့လာမှုရလဒ်များက ပြသခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က MDPI ဂျာနယ်တွင် သုတေသနအဖွဲ့၏ လေ့လာတွေ့ရှိချက်များကို ပုံနှိပ်ဖော်ပြခဲ့သည်။ ကနဦး တွေ့ရှိချက်များသာဖြစ်သော်လည်း ယင်းတွေ့ရှိမှုက ကိုဗစ်-၁၉ ကူးစက်ရောဂါကို တိုက်ဖျက်ရာတွင် အစွမ်းထက်မြက်ထိရောက်သည့် ကုထုံးတစ်ခုဖြစ်စေမည့် တိုးတက်မှုခြေလှမ်းအစဖြစ်နိုင်ကြောင်း အဆိုပါဂျာနယ်တွင် ဆိုထားသည်။




သွေးတိုးရောဂါရှိသူများကို ကုသရာတွင် သွေးတိုးလူနာ၏ သွေးထဲမှ ဆိုဒီယမ်ပမာဏကို လျှော့ချစေခြင်းအားဖြင့် ရောဂါကုသရန် လူနာများအား ဆီးရွှင်ဆေး ပေးလေ့ရှိသည်။ ဘာရီတက္ကသိုလ်မှ အီတလီသိပ္ပံပညာရှင်တစ်ဦးက ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရာတွင် အကူအညီဖြစ်စေရန် လက်ရှိအသုံးပြုနေသည့် ဆေးဝါးများ၏ အလားအလာနှင့် ပတ်သက်၍ သုတေသနပြုလုပ်မှုအတွင်း အဆိုပါ ဆီးရွှင်ဆေးမှ ပါဝင်ပစ္စည်း၏ အကျိုးအာနိသင်ထက်မြက်မှုကို ဇန်နဝါရီ ၂၀ ရက်တွင် ဖော်ထုတ်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လေ့လာမှုကို ၂၀၂၀ ပြည့်နှစ်အတွင်း အီတလီနိုင်ငံတောင်ပိုင်း ဘာရီတက္ကသိုလ် ဆေးသိပ္ပံဌာနနှင့် ရောမမြို့ရှိ ကင်ပတ်စ်ဘိုင်အို မက်ဒီကိုတက္ကသိုလ်တို့ အတူတကွ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံရှိ ကာကွယ်ဆေးထုတ်လုပ်သည့်စက်ရုံ မီးလောင်မှုဖြစ်ပွား

**မွမ်ဘိုင်း ဇန်နဝါရီ ၂၁**

အိန္ဒိယနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး ကာကွယ်ဆေးထုတ်လုပ်သော စက်ရုံဖြစ်သည့် အိန္ဒိယ ဆီရမ်အင်စတီကျု၌ ဇန်နဝါရီ ၂၁ ရက်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။ သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရန် ကာကွယ်ဆေး ထုတ်လုပ်သည့် လုပ်ငန်းကို ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ဆီရမ်အင်စတီကျုသည် အိန္ဒိယနှင့် အခြားနိုင်ငံများအတွက် အက်စ်ထရာဇနီကာနှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့က တီထွင်ထုတ်လုပ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး သန်းချီထုတ်လုပ်လျက်ရှိသည်။ မီးလောင်သည့်နေရာသို့ မီးသတ်ကားခုနစ်စီး ရောက်ရှိခဲ့ပြီး မီးငြိမ်းသတ်ခဲ့ကြောင်း ဒေသမီးသတ်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

မီးလောင်မှုသည် ဆောက်လုပ်ဆဲ စက်ရုံသစ်တစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်မှုကို ထိခိုက်စေခြင်း မရှိကြောင်း ဆီရမ်အင်စတီကျုမှ သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# စင်ကာပူ၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို တပ်မတော်သားများအား စတင်ထိုးနှံပေးလျက်ရှိ

စင်ကာပူ ဇန်နဝါရီ ၂၁

**ကိုဗစ် – ၁၉ ကာကွယ်ဆေးများကို စင်ကာပူ တပ်မတော်သားများအား စတင်ထိုးနှံပေးလျက်ရှိပြီး ၂၀၂၁ ခုနှစ် နှစ်လယ်ခန့်တွင် တပ်မတော်သားအများစုကို ထိုးပေးနိုင်ရန် စီစဉ်ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် သတင်းဖော်ပြရေးသားခဲ့သည်။**

အချိန်ပြည့် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအား ကာကွယ်ဆေးထိုးပေးရန် စီစဉ်ထားသော်လည်း အဆိုပါအစီအစဉ်တွင် ဥပဒေအရ ထမ်းဆောင်သည့် စစ်မှုထမ်းများအတွက် မပါဝင်သေးကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီး ငေ့အန်ဟန်နှင့် ကာကွယ်ရေးဝန်ကြီးဌာန အဆင့်မြင့်ဝန်ကြီး ဇာကီမိုဟာမက်သည် ဇန်နဝါရီ ၁၄ ရက်က ဖိုက်ဇာဘီရွန်တက်ခ် ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုကို ခံယူခဲ့သည်။ ၎င်းတို့သည် ၂၁ ရက်ကြာပြီးနောက် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို ခံယူရမည်ဖြစ်သည်။

ကနဦးအဆင့် စစ်မှုထမ်းများနှင့် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေးထိုးပေးခြင်းသည် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပေးခြင်းအပါအဝင် သီတင်းပတ်ခြောက်ပတ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဒေါက်တာငေ့က နောက်တစ်သုတ် ကာကွယ်ဆေးထိုးပေးမှုကို ရေတပ်လုံခြုံရေး၊ လေကြောင်းကာကွယ်ရေးနှင့် အကြမ်းဖက် တန်ပြန်တိုက်ဖျက်ရေးတွင် တာဝန်ထမ်းဆောင်နေသူများ အပါအဝင် အရေးပါသော ဌာနများတွင် တာဝန်ထမ်းဆောင်နေသူများကို ထိုးပေးရန် ရည်ရွယ်ထားကြောင်း ပြောကြားလိုက်သည်။ **စီအင်န်အေ**



ကာကွယ်ရေးဝန်ကြီး ငေ့အန်ဟန် (ယာ)ပထမအကြိမ်ကာကွယ်ဆေးထိုးမှုကို ခံယူနေစဉ်။

## ထိုင်းနိုင်ငံတွင် ယခုနှစ်ကုန်၌ ချူလာကော့ဗ်၁၉ ကိုဗစ်- ၁၉ ကာကွယ်ဆေး ထုတ်နိုင်တော့မည်

**ဗန်ကောက် ဇန်နဝါရီ ၂၁**

ကမ္ဘာ့အဆင့်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကုသရာတွင် ကာကွယ်ဆေးနည်းစနစ်ပေါင်း မြောက်မြားစွာကို အသုံးပြုလျက်ရှိသည်။

ထိုင်းနိုင်ငံရှိ ချူလာကော့ဗ်၁၉ သည် ကိုဗစ်- ၁၉ ကပ်ရောဂါကို ကုသသည့် နည်းစနစ်များအနက် အမ်အာရ်အင်န်အေစနစ်ကို အသုံးပြုလျက်ရှိပြီး အဆိုပါစနစ်သည် ဗိုင်းရပ်စ်ကို တုံ့ပြန်နိုင်ရန် ခန္ဓာကိုယ်ထဲမှ ပရိုတင်းကို ထုတ်ပေးကြောင်း သိရသည်။

အဆိုပါနည်းစနစ်ကို မော်ဒါနာ၊ ဖိုက်ဇာနှင့် ဘိုင်ရွန်တက်ခ်တို့ကဲ့သို့သော ဦးဆောင်ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများက အသုံးပြုလျက်ရှိသည်။ ၎င်းတို့၏ ကိုဗစ်- ၁၉ ကာကွယ်ဆေး စမ်းသပ်မှုများသည် လူတွင် ဖြစ်ပွားနေသည့် ကိုဗစ်- ၁၉ ကပ်ရောဂါကို ကုသရာတွင် ၉၀ ရာခိုင်နှုန်းကျော် အစွမ်းထက်ထိရောက်ကြောင်း ပြသလျက်ရှိသည်။

တခြားနည်းစနစ်မှာ ဗိုင်ရယ်ဗက်တာနည်းစနစ်ဖြစ်ပြီး အဆိုပါနည်းစနစ်ကို အက်စ်ထရာဇနီကာနှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့က အသုံးပြုလျက်ရှိပြီး အင်အက်တီဘိတ်တက်ခ် ကာကွယ်ဆေးနည်းပညာကို တရုတ်နိုင်ငံ၏ ဆီနိုဗက်ဘိုင်အိုတက်ခ်ကထုတ်လုပ်သော ကိုရိုနာဗက် ကာကွယ်ဆေးက အသုံးပြုထားသည်။

မိမိတို့သည် အမ်အာရ်အင်န်အေ နည်းပညာကို အသုံးပြုပြီး ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ကြိုးစားနေကြောင်းနှင့် အဆိုပါနည်းစနစ်သည် အနာဂတ်အတွက် နည်းစနစ်သစ်ဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ အဆိုပါ နည်းစနစ်သည် လူသားများတွင် ၉၄ သို့မဟုတ် ၉၅ ရာခိုင်နှုန်း အစွမ်းထက် ထိရောက်မှုရှိကြောင်း ချူလာလောင်ကွမ်း တက္ကသိုလ် ကာကွယ်ဆေး သုတေသနဌာန ဆေးဘက်ဆိုင်ရာ ပါမောက္ခနှင့် ညွှန်ကြားရေးမှူး ကီယက်ရုဇ်ရမ်သန်က ပြောကြားလိုက်သည်။

၎င်းတို့အဖွဲ့၏ ကာကွယ်ဆေး စမ်းသပ်မှု ပထမအဆင့်သည် ဇွန်လတွင် ပြီးဆုံးမည်ဖြစ်သည်။ ထို့နောက် အဆင့် ၂ နှင့် အဆင့် ၃ ကို ဆက်လက်စမ်းသပ်မည်ဖြစ်သည်။ စီစဉ်ထားသည့်အတိုင်း ဖြစ်လာမည်ဆိုပါက ချူလာကော့ဗ်၁၉ ကို ယခုနှစ်ကုန်တွင် ထိုင်းနိုင်ငံတွင် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ **စီအင်န်အေ**




ချူလာလောင်ကွမ်းတက္ကသိုလ် ကာကွယ်ဆေးသုတေသနဌာန ဆေးဘက်ဆိုင်ရာ ပါမောက္ခနှင့် ညွှန်ကြားရေးမှူး ကီယက်ရုဇ်ရမ်သန်။

## တရုတ်နိုင်ငံ စီအင်န်ဘီဂျီက ထုတ်လုပ်လိုက်သော ကိုဗစ်- ၁၉ ကာကွယ်ဆေးသည် ဗီဇပြောင်းကိုဗစ်- ၁၉ ကို အားပျော့စေကြောင်း အကြီးတန်းအမှုဆောင်အရာရှိ ပြော

**ပေကျင်း ဇန်နဝါရီ ၂၁**

တရုတ်နိုင်ငံ အမျိုးသားဘိုင်ရွန်တက်ခ်အုပ်စု (စီအင်န်ဘီဂျီ) က ထုတ်လုပ်လိုက်သော ကိုဗစ်–၁၉ ကာကွယ်ဆေးသည် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်နိုင်ပြီး မတူညီသော ကိုဗစ်–၁၉ မျိုးရိုးဗီဇကွဲများကို အားပျော့သွားစေကြောင်း စီအင်န်ဘီဂျီအကြီးတန်းအမှုဆောင်အရာရှိတစ်ဦးက ဇန်နဝါရီ ၂၀ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ကုမ္ပဏီက ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် အခြားနိုင်ငံများတွင် တွေ့ရသော ကိုဗစ်– ၁၉ ဗိုင်းရပ်စ်များကို စုဆောင်းခဲ့ပြီး စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း ဆီနိုဖမ်းနှင့် မိတ်ဖက်ဖြစ်သော စီအင်န်ဘီဂျီအုပ်စု ဒုတိယဥက္ကဋ္ဌ ကျောင်းရန်တောင်းက ပြောကြားလိုက်သည်။

စမ်းသပ်မှုရလဒ်များအရ ကာကွယ်ဆေးသည် ကမ္ဘာပေါ်ရှိ မည်သည့်နေရာမှ မျိုးရိုးဗီဇကွဲမဆို ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်ပေးနိုင်ကြောင်း ပြသသည်ဟု ကျောင်းက ပြောကြားလိုက်သည်။

ထို့အပြင် မိမိတို့သည် တောင်အာဖရိက၊ ဗြိတိန်နှင့် နိုင်ဂျီးရီးယားနိုင်ငံများမှ ဗီဇပြောင်း ကိုဗစ် – ၁၉ မျိုးကွဲသစ်တစ်မျိုး၏ သတင်းများကိုလည်း လေ့လာစောင့်ကြည့်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ကုမ္ပဏီအနေဖြင့် ပြောင်းလဲမှုများအပေါ် အနီးကပ်အာရုံစိုက်လျက်ရှိကာ ဗိုင်းရပ်စ်အားပျော့မှုနှင့် ဆက်စပ်သော စမ်းသပ်မှုများကို ဆက်လက်ပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ **ဆင်ဟွာ**

## တရုတ် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ချီလီနိုင်ငံတွင် အရေးပေါ်သုံးစွဲခွင့်ပေး

**ဆန်တီယာဂို ဇန်နဝါရီ ၂၁**

တရုတ်နိုင်ငံ ဆီနိုဗက်ဘိုင်ရွန်တက်ခ်က ထုတ်လုပ်သော ကိုဗစ်–၁၉ ကာကွယ်ဆေးကို ချီလီနိုင်ငံတွင် အရေးပေါ်သုံးစွဲခွင့်ပေးလိုက်ကြောင်း ကျန်းမာရေးဝန်ကြီး အန်းရစ်ပဲရစ်က ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားလိုက်သည်။

ဗိုင်းရပ်စ်ကိုထိန်းချုပ်နိုင်ရန် ပြည်သူများကို အဆိုပါ ကာကွယ်ဆေးထိုးနှံခွင့်ပြုထားသည်ဖြစ်ရာ အဆိုပါသတင်းသည် အလွန်အရေးကြီးသောသတင်းဖြစ်ကြောင်း ပဲရစ်က ဌာနချုပ်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ဆီနိုဗက် ကိုရိုနာဗက် ကိုဗစ်–၁၉ ကာကွယ်ဆေးသည် ယခုလအကုန်တွင် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ကာကွယ်ဆေးထိုးခံပြီးသူများအနေဖြင့်လည်း တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## သီရိလင်္ကာတွင် ၁၀ လနီးပါး ပိတ်ဆို့မှုများပြုလုပ်ပြီးနောက် နိုင်ငံခြားသားခရီးသွားများကို လာရောက်ခွင့်ပြု

**ကိုလံဘို ဇန်နဝါရီ ၂၁**

အိန္ဒိယသမုဒ္ဒရာကျွန်း နိုင်ငံတစ်နိုင်ငံဖြစ်သော သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ထိခိုက်စေခဲ့သော ၁၀ လနီးပါး ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက်ပိုင်းတွင် သီရိလင်္ကာနိုင်ငံသည် ဇန်နဝါရီ ၂၁ ရက်က နိုင်ငံခြားခရီးသွားများကို ပြန်လည်ခွင့်ပြုလိုက်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အပြည့်အဝလုပ်ငန်း ပြန်လည်လည်ပတ်ခြင်းများကို သီရိလင်္ကာနိုင်ငံ၏ နိုင်ငံတကာလေဆိပ်နှစ်ခုတွင် ဇန်နဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့ခြင်းကို တားဆီးရန် စီမံချက်အနေဖြင့် လေကြောင်းခရီးဖြင့် ထွက်ခွာခြင်း မပြုမီ ၇၂ နာရီအတွင်း နိုင်ငံခြားသားများအနေဖြင့် ၎င်းတို့၏ တိုင်းပြည်များတွင် ကိုဗစ်– ၁၉ ကင်းစင်ကြောင်း စစ်ဆေးထားရမည်ဖြစ်သည်။



သီရိလင်္ကာနိုင်ငံရှိ လှပသော ကမ်းခြေတစ်ခုကို တွေ့ရစဉ်။

ထို့နောက် သီရိလင်္ကာနိုင်ငံရှိ နားခိုရာဟိုတယ်သို့ ရောက်လာပြီး ခုနစ်ရက်ကြာပြီးနောက် ထပ်မံစစ်ဆေးရမည်ဖြစ်သည်။

နိုင်ငံခြားသား ခရီးသွားများအနေဖြင့် ပြည်တွင်းနေ ပြည်သူလူထုနှင့် ရောနှောနေထိုင်သွားလာခြင်း မပြုမီ သတ်မှတ်ထားသည့် ခရီးသွားလာရေးဆိုင်ရာ ဇုန် ၁၄ ခုတွင် နေထိုင်ရမည်ဖြစ်သည်။

ဟိုတယ်ပေါင်း ၁၈၀ ကို နိုင်ငံခြားသားခရီးသွားများ နေထိုင်ရန်အတွက် ပြင်ဆင်ထားကြောင်း သိရသည်။ **စီအင်န်အေ**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အမေရိကန်တို့ ပြန်လည်ချိတ်ဆက်မိခြင်း

ခြူးစန္ဒီနွေး

**အခုဆိုရင် အမေရိကန်ရဲ့ ၄၆ ယောက်မြောက် သမ္မတအဖြစ် ဂျိုးဘိုင်ဒင် ကျမ်းသစ္စာဆို ပြီးသွားပါပြီ။ ဂျိုးဘိုင်ဒင် သမ္မတ မဖြစ်ခင်က ပြောခဲ့တဲ့စကားကတော့ သူသာ သမ္မတဖြစ်လာခဲ့ရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှာ ပြန်လည်ပါဝင်လာမယ်ဆိုတဲ့စကားပါပဲ။ ဂျိုးဘိုင်ဒင်ရဲ့အစိုးရအဖွဲ့ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ ပြန်လည်ချိတ်ဆက်မှုတွေ လုပ်ဆောင်ပါတော့မယ် ။**

### လက်မှတ်ရေးထိုး

ကမ္ဘာအနှံ့ ကာကွယ်ဆေး ဖြန့်ဝေပေးတဲ့လုပ်ငန်းထဲကို ပြန်လည်ဝင်ရောက်လာပါတော့မယ်။ သမ္မတဟောင်းထရမ့် လက်ထက်က ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကြောင့် ကပ်ရောဂါဖြစ်ပွားနေစဉ်မှာ အမေရိကန်ဟာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးနဲ့ ဝေးကွာခဲ့ရပါတယ်။ သမ္မတ ဘိုင်ဒင်ဟာ အိမ်ဖြူတော်မှာ စတင်တာဝန်ယူလိုက်ပြီဆိုတဲ့ အချိန်က စလို့ ညွှန်ကြားချက်တွေ တသီတတန်းကြီးလက်မှတ် ရေးထိုးနေရပါတယ်။ အဲဒီထဲမှာ ကုလသမဂ္ဂကျန်းမာရေး အေဂျင်စီကနေ အမေရိကန် နုတ်ထွက်တာကို ရပ်နားတဲ့ အကြောင်းလည်း ပါဝင်ပါတယ်။

### ပြောင်းလဲမှုများ

ဂျိုးဘိုင်ဒင် အိမ်ဖြူတော်မှာ စတင်တာဝန်ထမ်းဆောင်တဲ့အခါ သမ္မတဟောင်း ထရမ့်လက်ထက်က လုပ်ခဲ့တဲ့အရာတွေကို ပြောင်းလဲပစ်တာတွေ အများကြီးပါပဲ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအတွင်းကို ပြန်လည်ချိတ်ဆက်မယ့် အစီအစဉ်အပြင် နောက်ထပ်အမိန့်ထုတ်ခဲ့တဲ့အရာတွေကတော့ ပြည်ထောင်စုအစိုးရလက်အောက်ရှိ နယ်နိမိတ်အားလုံးမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ဖို့နဲ့ လူမှုဝေးကွာအစီအစဉ်တွေကို လိုက်နာဖို့ပါပဲ။ နောက်ပြီးတော့ သမ္မတဟောင်း ထရမ့် ၂၀၁၇ ခုနှစ်တုန်းက နုတ်ထွက်ခဲ့တဲ့ ပါရီရာသီဥတုပြောင်းလဲရေး သဘောတူညီမှုမှာလည်း အမေရိကန်ပြန်ပါလာဖို့ ဂျိုးဘိုင်ဒင် လက်မှတ်ရေးထိုးခဲ့ပါတယ်။ ထရမ့်လက်မှတ်ရေးထိုးခဲ့တဲ့ အမေရိကန် -မက္ကဆီကို နယ်စပ်တံတိုင်းဆောက်လုပ်မှုကိုလည်း ရပ်ဆိုင်းခဲ့ပါတယ်။ ပြီးတော့ တားမြစ်ထားတဲ့ နိုင်ငံအချို့ကို ပြည်ဝင်ခွင့် ပိတ်ပင်ထားတဲ့ ထရမ့်ရဲ့အမိန့်ကိုလည်း ပြောင်းပြန်လှန်ပစ်ခဲ့ပါတယ်။

### ကိုဗက် အစီအစဉ်မှာပါဝင်မယ်

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကနေ နိုင်ငံခြားရေးဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းထားတဲ့ တိုနီဘလင်ကင် ကတော့ အမေရိကန်ပြည်ထောင်စုဟာ ကိုဗက်အစီအစဉ်မှာ ပါဝင်မယ်လို့ ပြောကြားခဲ့ပါတယ်။ ကိုဗက်အစီအစဉ် ဆိုတာကတော့ ကိုဗစ် -၁၉ ကာကွယ်ဆေး ဖြန့်ဝေတဲ့နေရာ မှာ အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှု အရင်းအမြစ်ပဲ ဖြစ်ပါတယ်။ အသစ်တက်လာတဲ့ အမေရိကန် အစိုးရအနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ကိစ္စတွေမှာ လျင်လျင်မြန်မြန် လုပ်ဆောင်လာတာကို ကြည့်မယ်ဆိုရင် ကမ္ဘာအနှံ့ လူပေါင်း နှစ်သန်းကျော်ရဲ့အသက်ကို ဆုံးရှုံးစေခဲ့တဲ့ ကပ်ရောဂါကို တိုက်ဖျက်ဖို့ အရင်ကထက်ပိုပြီး ပိုမို ပူးပေါင်းဆောင်ရွက်မှုတွေ ရှိလာမယ်ဆိုတာ ပြသလျက် ရှိပါတယ်။

### မေးခွန်းထုတ်စရာဖြစ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအတွင်းကနေ အမေရိကန် နုတ်ထွက်သွားတာလည်း ပြည်တွင်းကိစ္စရပ်တွေကြောင့်ပါ။ အနာဂတ်မှာ အမေရိကန်ရဲ့ ကမ္ဘာကြီးကို လွှမ်းမိုးနိုင်မှု အင်အားဟာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် အမေရိကန် ပြန်လည်ပါဝင်လာပြီးတဲ့နောက် ဂျိုးဘိုင်ဒင်ရဲ့စွမ်းဆောင်ရည်ဟာ ဦးဆုံး စမ်းသပ်ခံရမယ့် ကိစ္စဖြစ်လာပါတယ်။ အမေရိကန်သာ ပထမဦးစားပေးဆိုပြီး နိုင်ငံခြားရေးမူဝါဒကို လေးနှစ်ကြာ ကျင့်သုံးပြီးတဲ့နောက် ကျန်ကမ္ဘာ့အစိတ်အပိုင်းတွေနဲ့ ဘယ်လိုမျိုး ပြန်လည်ပူးပေါင်းမလဲဆိုတာကလည်း ဂျိုးဘိုင်ဒင်အတွက် နောက်ထပ်စမ်းသပ်မှုတစ်ခုပါပဲ။



အမေရိကန်ပြည်ထောင်စု ၏၄၆ယောက်မြောက်သမ္မတ ဂျိုးဘိုင်ဒင် စတင်တာဝန်ထမ်းဆောင်နေစဉ်။

> **"အမေရိကန်ပြည်ထောင်စု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ ပြန်လည်ပြီး ချိတ်ဆက်တဲ့အခါ နောက်ထပ်မေးခွန်းတစ်ခုကတော့ နောက်ထပ်ဘဏ္ဍာရေးထောက်ပံ့မှုတွေ ပြုလုပ်မှာလား ဆိုတာရယ်၊ ဘယ်လိုမျိုး အားပေးထောက်ပံ့မှုတွေကို ပြသမှာလဲဆိုတာပါပဲ။ ဘိုင်ဒင်ရဲ့ အစိုးရအဖွဲ့ကတော့ ကိုဗက်အစီအစဉ်မှာ ပါဝင်ဖို့ မျှော်လင့်ထားကြပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာတော့ သမ္မတဟောင်းဒေါ်နယ်ထရမ့် အစိုးရအဖွဲ့ဟာ ကိုဗက် အစီအစဉ်မှာ ပါဝင်ခဲ့ခြင်း မရှိပါဘူး။ အဓိကအကြောင်းပြချက်ကတော့ အဲဒီအစီအစဉ်ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ ချိတ်ဆက်မှုရှိနေလို့ပါပဲ။ အမေရိကန်နဲ့ရုရှားတို့ဟာ ဒီအစီအစဉ်ကနေ ဘေးထွက်နေကြတဲ့ နိုင်ငံကြီးတွေပါပဲ"**

### အကြီးဆုံးအလှူရှင်

အကြီးဆုံးအလှူရှင်နိုင်ငံဖြစ်တဲ့ အမေရိကန်နဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ပြန်လည်လက်တွဲမယ်ဆိုတာကတော့ မေးခွန်းထုတ်နေစရာကို မလိုပါဘူး။ ဒါပေမယ့်လည်း အမေရိကန်ရဲ့ ဦးဆောင်မှုကတော့ အရင်လိုပဲ ရှိနေဦးမလားဆိုတာကတော့ စဉ်းစားစရာအဖြစ် ကျန်ရှိနေပါတယ်။ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့ရဲ့ အစောပိုင်းနေ့တွေမှာပဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ နှစ်စဉ်ပြုလုပ်နေကျ အစည်းအဝေးနဲ့ တိုက်ဆိုင်နေပါတယ်။ အမေရိကန်ရဲ့ ထောက်ခံအားပေးမှုကို ပြသတဲ့အနေနဲ့ ဘိုင်ဒင်ဟာ ကူးစက်ရောဂါကျွမ်းကျင်သူ ထိပ်တန်းပညာရှင် အန်သိုနီဖောင်ချီ ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဆီ စေလွှတ်ခဲ့ပါတယ်။

### ပြုပြင်ပြောင်းလဲမှုတွေ လိုအပ်

တိုနီဘလင်ကင်ကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ ပြည့်စုံမှုမရှိဘဲ ပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ လိုအပ်နေတယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် အသေးစိတ် အချက်အလက်တွေကို ပြောပြခဲ့ခြင်း မရှိပါဘူး။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး ပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်လို့ကတော့ အမေရိကန်နဲ့အတူ နောက်ထပ်အင်အားကြီးနိုင်ငံတွေ ဖြစ်ကြတဲ့ ဂျာမနီနဲ့ပြင်သစ်နိုင်ငံတို့က ဦးဆောင်ဆွေးနွေး သွားကြမှာပါ။ လတ်တလော အငြင်းပွားမှုရဲ့ အဓိက အကြောင်းအရာကတော့ ကိုဗစ်- ၁၉ တုံ့ပြန်ရေးနဲ့ ပတ်သက်ပြီး ဘာတွေ မှားနေကြတာလဲ၊ နောက်ထပ် ကျန်းမာရေးဆိုင်ရာ ကြီးမားတဲ့ ခြိမ်းခြောက်မှုကြီး ဖြစ်မလာမီ ဘာတွေအပြောင်းအလဲလုပ်ဖို့ လိုအပ်သလဲ ဆိုတာပါပဲ။

### ဘဏ္ဍာရေးထောက်ပံ့မှုတွေ ပြုလုပ်မှာလား

အမေရိကန်ပြည်ထောင်စု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ ပြန်လည်ပြီး ချိတ်ဆက်တဲ့အခါ နောက်ထပ်မေးခွန်းတစ်ခုက တော့ နောက်ထပ်ဘဏ္ဍာရေးထောက်ပံ့မှုတွေ ပြုလုပ်မှာ လား ဆိုတာရယ်၊ ဘယ်လိုမျိုး အားပေးထောက်ပံ့မှုတွေကို ပြသမှာလဲဆိုတာပါပဲ။ ဘိုင်ဒင်ရဲ့အစိုးရအဖွဲ့ကတော့ ကိုဗက် အစီအစဉ်မှာ ပါဝင်ဖို့ မျှော်လင့်ထားကြပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာတော့ သမ္မတဟောင်း ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့ဟာ ကိုဗက်အစီအစဉ်မှာ ပါဝင်ခဲ့ခြင်းမရှိပါဘူး။ အဓိက အကြောင်းပြချက်ကတော့ အဲဒီအစီအစဉ်ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ ချိတ်ဆက်မှု ရှိနေလို့ပါပဲ။ အမေရိကန်နဲ့ ရုရှားတို့ဟာ ဒီအစီအစဉ်ကနေ ဘေးထွက်နေကြတဲ့ နိုင်ငံကြီးတွေပါပဲ။

### ပိုက်ဆံတွေ လိုအပ်ဦးမယ်

ဘိုင်ဒင်ရဲ့အစိုးရအဖွဲ့ကတော့ ဒီကိစ္စကိုပြောင်းလဲပစ် ပါလိမ့်မယ်။ အမေရိကန်နိုင်ငံသားတိုင်း ကာကွယ်ဆေး သေချာပေါက်ရရှိရမယ်လို့ အာမခံသလို၊ ကမ္ဘာ့အခြားသော အစိတ်အပိုင်းက လူတွေအတွက်လည်း ကာကွယ်ဆေးရရှိ အောင် အကူအညီပေးနိုင်ရမယ်လို့ ယုံကြည်ကြောင်း တိုနီဘလင်ကင်က ဇန်နဝါရီ ၁၉ ရက်က ပြောခဲ့ပါတယ်။ ၂၀၂၁ခုနှစ် နှစ်ကုန်ပိုင်းကိုရောက်တဲ့အခါ တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် -၁၉ ကာကွယ်ဆေးကို အချိုးကျ ဖြန့်ဖြူးပေးနိုင်ဖို့ဆိုရင် ကိုဗက် အစီအစဉ်အတွက် ပိုက်ဆံတွေ ပိုပြီးတော့ လိုအပ်ဦး မှာပါလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။

### အသိပေးခြင်း မရှိသေး

အမေရိကန်သမ္မတ အပြောင်းအလဲနဲ့အတူ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့လက်ထက်မှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှာ ရန်ပုံငွေတွေ ပြန်ပြီးထောက်ပံ့လာလိမ့်မယ်လို့ မျှော်လင့် လာကြပါတယ်။ ဒါပေမယ့် ယခုအချိန်ထိတော့ ဂျိုးဘိုင်ဒင် ရော တိုနီဘလင်ကင်ပါ တိကျတဲ့ အစီအစဉ်တွေ အသိပေး ခြင်းမရှိသေးပါဘူး။ ။

ကိုးကား – ဝါရှင်တန်ပို့စ်

---

## နိုင်ငံတကာသတင်းတိုထွာ

### အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူ ၁၁၇၀၃ ဦးရှိ

**ဂျကာတာ ဇန်နဝါရီ ၂၁**

အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၂၀ ရက်က ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူ ၁၁၇၀၃ ဦး ထပ်တိုးခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသည့် အတည်ပြုလူနာအရေအတွက် ၉၅၁၆၅၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ဖော်ပြသည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၃၄၆ ဦး ထပ်မံပေါ်ထွက်ခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက်စုစုပေါင်း ၂၇၂၀၃ ဦးအထိ ရှိလာခဲ့သည်။ ရောဂါပျောက်ကင်းပြီးနောက် ဆေးရုံမှပြန်ဆင်းလာသူ ၉၀၈၇ ဦးရှိရာ တစ်နိုင်ငံလုံးရှိ ရောဂါပျောက်ကင်းသွားသူအရေအတွက်စုစုပေါင်း ၇၇၂၇၉၀ အထိ ရှိပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်– ၁၉ ကူးစက်ရောဂါသည် အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ပြည်နယ်ပေါင်း ၃၄ ခုလုံးအထိ ပျံ့နှံ့လျက်ရှိသည်။

ဆင်ဟွာ

### အီရတ်မြို့တော် ဘဂ္ဂဒက်၌ အသေခံဗုံးခွဲမှုနှစ်ခုအတွင်း သေဆုံးသူ အရေအတွက် တိုးလာ

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၁**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ဖြစ်ပွားသည့် အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ခုအတွင်း သေဆုံးသူများရှိခဲ့ရာ ယခုအခါ သေဆုံးသူအရေအတွက် ၂၁ ဦးအထိ တိုးလာခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အသေခံဗုံးခွဲသမားတစ်ဦးက ဘဂ္ဂဒက်မြို့ ဘက်အယ်လ်ရှာရီရေယာရှိ လူထူထပ်သည့် ဈေးတစ်ခု၌ ဗုံးထောင်ထားခဲ့ပြီး မိနစ်အနည်းငယ်အကြာတွင် အဆိုပါဈေး၌ပင် နောက်ထပ်ဗုံးခွဲတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။ဗုံးပေါက်ကွဲမှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူ ၅၃ ဦးထက်မနည်းရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ အမြန်ရောက်ရှိလာခဲ့ပြီး ထိခိုက်ဒဏ်ရာရသူများကို နီးစပ်ရာ ဆေးရုံများနှင့် ဆေးပေးခန်းများသို့ ပို့ဆောင်ခဲ့သည်။ တိုက်ခိုက်မှုကို မည်သည့်အဖွဲ့အစည်းက လုပ်ဆောင်ခဲ့သည်ကို မသိရသေးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဆင်ဟွာ

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ၂၀၂၀ အလွန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်



အခုဆိုရင် ၂၀၂၀ အလွန် ရှေ့ဆက်သွားမယ့် လမ်းကြောင်းအထင်အရှား၊ အဆင်သင့်ရှိနေပြီဖြစ်တဲ့အချိန်မှာ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေအပြင် NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပူးပေါင်းပါဝင်လာဖို့အတွက် ၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ကျွန်မတို့ ချဉ်းကပ်မှုအသစ်တွေနဲ့ ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်သွားမှာပါ။ ၂၀၂၀ အလွန် ငြိမ်းချမ်းရေးမှာ လုပ်ငန်းစဉ်ပိုင်းလို့ ဆိုလိုက်တာနဲ့ တရားဝင်အစည်းအဝေးတွေ ရှိသလို၊ အလွတ်သဘောဆွေးနွေးမှုတွေ အရေးပါတာကိုလည်း ကျွန်မတို့ လက်တွေ့ကြုံခဲ့ပြီး ဖြစ်ပါတယ်။ အလားတူပါပဲ၊ အများပြည်သူပါ ပါဝင်ပတ်သက်ခွင့်ရှိရမယ့် လူထုအခန်းကဏ္ဍကိုလည်း အလေးထားပါတယ်။ ဒါဟာ ပါဝင်ရမယ့်သူတွေအားလုံး အကျုံးဝင်ပါဝင်နိုင်အောင် လမ်းဖွင့်ပေးနိုင်ခြင်းနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်ရာမှာလည်း မူဘောင်လမ်းညွှန်မှု၊ လိုအပ်တဲ့စုဖွဲ့မှု၊ စနစ်နဲ့ယန္တရား တည်ဆောက်မှုစတဲ့ ဒီဇိုင်းပိုင်းကိုလည်း ကျွန်မတို့ အာရုံစိုက်ရပါတယ်။

**(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၁-၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူး အထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄၅ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၁-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

(၂၀-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၉,၁၄၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄၄၅) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၁-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၆၅) ခု | (၄၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၁,၀၄၀) ခု | (၇၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၅၁) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၁၇၇) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၂၈၁) ခု | (၄) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၄၇) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၃) ခု | (၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၉) ခု | (၅) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၃) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၇) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၈၈) ခု | (၄၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၄၃၆) ခု | (၂၃၅) ဦး |
| **စုစုပေါင်း** | **(၁၉,၁၄၇) ခု** | **(၄၄၅) ဦး** |

COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| | ၁၂-၁-၂၁ | ၁၃-၁-၂၁ | ၁၄-၁-၂၁ | ၁၅-၁-၂၁ | ၁၆-၁-၂၁ | ၁၇-၁-၂၁ | ၁၈-၁-၂၁ | ၁၉-၁-၂၁ | ၂၀-၁-၂၁ | ၂၁-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၂၁,၇၃၉ | ၁၇,၈၂၇ | ၁၈,၈၂၀ | ၂၂,၇၅၅ | ၁၈,၀၀၅ | ၁၇,၆၅၆ | ၁၈,၈၃၅ | ၂၀,၆၉၄ | ၂၀,၄၇၆ | ၁၉,၁၄၇ |
| ပိုးတွေ့လူနာ | ၅၅၁ | ၅၂၃ | ၆၀၅ | ၅၁၃ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ | ၄၄၅ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၂.၅ | ၂.၉ | ၃.၂ | ၂.၃ | ၂.၇ | ၂.၅ | ၂.၅ | ၂.၂ | ၂.၃ | ၂.၃ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌ လည်း မူတည်နေပါသည်။ (၁၂-၁-၂၀၂၁)ရက်နေ့မှ (၂၁-၁-၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှ အရေအတွက်မှာ (၁၉,၅၉၅) ခု ဖြစ်ပါသည်။

*** ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။**

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၂၁-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၉,၁၄၇) ဦး | (၂,၂၁၂,၁၄၅) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၄၄၅) ဦး | (၁၃၆,၁၆၆) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၆၅၉) ဦး | (၁၁၉,၉၇၃) ဦး |
| သေဆုံးလူနာ | (၁၆) ဦး | (၃,၀၁၃) ဦး |

- ယနေ့ **သေဆုံးသူ (၁၆) ဦး**အနက် ရောဂါအခံရှိသူ (၉) ဦးပါရှိပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော် ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၆၅၉) ဦးတွင် –
  - o ဆေးရုံများ – (၅၂၈) ဦး
  - o COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၃၁) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ အနက်မှဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၂၆၁) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၁-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၂၀-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၅,၇၂၁) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၂၀-၁-၂၁) အထိ | (၇-၁-၂၀၂၁) ရက်နေ့မှ (၂၀-၁-၂၀၂၁) ရက်နေ့အထိ ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ | ၁၅-၀၁-၂၁ | ၁၆-၀၁-၂၁ | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ | ၂၀-၀၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | အလုံ | ၁၁၁၄ | ၂ | ၃ | ၂ | ၁ | ၁ | ၃ | ၄ | ၁ | ၄ | ၂ | ၂ | ၇ | ၁ | ၁၀ |
| ၂ | လှိုင် | ၂၉၇၁ | ၈ | ၅ | ၄ | ၂ | ၄ | ၅ | ၀ | ၄ | ၂ | ၂ | ၂ | ၁ | ၀ | ၉ |
| ၃ | မင်္ဂလာဒုံ | ၆၀၅၀ | ၂၂ | ၁၈ | ၆ | ၂၅ | ၁၄ | ၁၃ | ၁၂ | ၈ | ၆ | ၃ | ၅ | ၅ | ၆ | ၈ |
| ၄ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၂၀၇ | ၁၇ | ၂ | ၇ | ၃ | ၃ | ၅ | ၃ | ၁၁ | ၃ | ၃ | ၄ | ၁၃ | ၄ | ၈ |
| ၅ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၀၇၂ | ၄ | ၃ | ၃၄ | ၆၁ | ၁၄ | ၅ | ၁၅ | ၆ | ၂ | ၄ | ၉ | ၀ | ၆ | ၇ |
| ၆ | မင်္ဂလာတောင်ညွန့် | ၁၈၇၀ | ၃ | ၁ | ၃ | ၄ | ၂ | ၃ | ၆ | ၄ | ၉ | ၁၀ | ၄ | ၃ | ၁ | ၇ |
| ၇ | လှိုင်သာယာ | ၄၈၂၁ | ၁၅ | ၇ | ၉ | ၄ | ၅ | ၉ | ၇ | ၄ | ၉ | ၃ | ၃ | ၁ | ၄ | ၆ |
| ၈ | လမ်းမတော် | ၁၃၀၂ | ၄ | ၁ | ၂ | ၂ | ၃ | ၃ | ၄ | ၀ | ၁ | ၇ | ၂ | ၃ | ၆ | ၆ |
| ၉ | မြောက်ဥက္ကလာပ | ၅၈၅၁ | ၇ | ၁၈ | ၉ | ၁၂ | ၈ | ၁၄ | ၆ | ၁၂ | ၅ | ၁၃ | ၂ | ၁ | ၄ | ၅ |
| ၁၀ | အင်းစိန် | ၄၆၂၅ | ၄ | ၁၀ | ၉ | ၇ | ၄ | ၀ | ၉ | ၂ | ၁၁ | ၁ | ၂ | ၁၀ | ၀ | ၃ |
| ၁၁ | တာမွေ | ၃၀၂၅ | ၁၂ | ၈ | ၁ | ၁၁ | ၇ | ၁၀ | ၁ | ၂ | ၅ | ၁ | ၄ | ၁၁ | ၀ | ၃ |
| ၁၂ | တောင်ဥက္ကလာပ | ၂၉၉၆ | ၃ | ၁၀ | ၁၁ | ၃ | ၁ | ၆ | ၁၀ | ၇ | ၃ | ၁၃ | ၈ | ၃ | ၅ | ၃ |
| ၁၃ | သာကေတ | ၂၄၀၃ | ၈ | ၄ | ၃ | ၀ | ၉ | ၀ | ၆ | ၃ | ၅ | ၁ | ၅ | ၃ | ၁ | ၃ |
| ၁၄ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၃၃၇ | ၉ | ၁၁ | ၅ | ၁၅ | ၁၀ | ၆ | ၇ | ၁၇ | ၃ | ၁၃ | ၁ | ၂ | ၇ | ၃ |
| ၁၅ | မှော်ဘီ | ၂၁၆၂ | ၇ | ၂၈ | ၃ | ၁၀ | ၁၁ | ၇ | ၃ | ၅ | ၇ | ၃၃ | ၆ | ၀ | ၆ | ၃ |
| ၁၆ | သန်လျင် | ၂၈၆၆ | ၆ | ၅ | ၁၂ | ၄ | ၆ | ၃ | ၄ | ၃ | ၇ | ၁ | ၃ | ၄ | ၁ | ၂ |
| ၁၇ | ကြည့်မြင်တိုင် | ၂၀၄၆ | ၃ | ၈ | ၁ | ၈ | ၁ | ၇ | ၂ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၂ |
| ၁၈ | စမ်းချောင်း | ၂၀၄၁ | ၁၀ | ၅ | ၆ | ၇ | ၃ | ၄ | ၇ | ၃ | ၃ | ၁ | ၅ | ၆ | ၀ | ၂ |
| ၁၉ | ဒလ | ၁၄၁၄ | ၁ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၀ | ဒေါပုံ | ၁၁၀၈ | ၁ | ၃ | ၃ | ၂ | ၂ | ၀ | ၂ | ၁ | ၁ | ၀ | ၂ | ၀ | ၁ | ၂ |
| ၂၁ | လသာ | ၈၀၉ | ၂ | ၁ | ၄ | ၂ | ၂ | ၆ | ၁ | ၀ | ၁ | ၄ | ၂ | ၂ | ၃ | ၂ |
| ၂၂ | ကျောက်တံတား | ၆၄၅ | ၀ | ၂ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၀ | ၅ | ၀ | ၁ | ၂ | ၂ |
| ၂၃ | မရမ်းကုန်း | ၃၈၆၈ | ၁၅ | ၇ | ၃ | ၁၃ | ၉ | ၁၁ | ၂ | ၅ | ၁၀ | ၁၄ | ၅ | ၂ | ၇ | ၁ |
| ၂၄ | ရွှေပြည်သာ | ၃၈၀၄ | ၉ | ၃ | ၆ | ၆ | ၁ | ၃ | ၆ | ၃ | ၄ | ၃ | ၀ | ၁ | ၃ | ၁ |
| ၂၅ | ရန်ကင်း | ၁၃၀၈ | ၇ | ၄ | ၆ | ၄ | ၄ | ၅ | ၇ | ၄ | ၃ | ၀ | ၆ | ၁ | ၃ | ၁ |
| ၂၆ | ဗိုလ်တထောင် | ၁၁၇၆ | ၆ | ၂ | ၂ | ၁ | ၁ | ၂ | ၂ | ၁ | ၀ | ၂ | ၀ | ၂ | ၂ | ၁ |
| ၂၇ | လှည်းကူး | ၁၁၂၅ | ၁၈ | ၄ | ၅ | ၂ | ၆ | ၂ | ၂ | ၇ | ၁ | ၁ | ၁ | ၁ | ၂ | ၁ |
| ၂၈ | ပုဇွန်တောင် | ၈၃၄ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၃ | ၄ | ၂ | ၃ | ၀ | ၁၈ | ၁ | ၁ |
| ၂၉ | ဒဂုံ | ၇၀၆ | ၂ | ၀ | ၁ | ၁ | ၂ | ၃ | ၃ | ၃ | ၁ | ၃ | ၀ | ၁ | ၀ | ၁ |
| ၃၀ | တိုက်ကြီး | ၆၆၂ | ၄ | ၁ | ၂ | ၄ | ၀ | ၂ | ၃ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၁ |
| ၃၁ | သင်္ဃန်းကျွန်း | ၄၅၅၃ | ၂၁ | ၁၂ | ၁၇ | ၇ | ၁၃ | ၁၆ | ၆ | ၁၀ | ၃ | ၄ | ၆ | ၈ | ၄ | ၀ |
| ၃၂ | ကမာရွတ် | ၂၄၉၃ | ၄ | ၃ | ၁၃ | ၈ | ၂ | ၂ | ၆ | ၁ | ၇ | ၂ | ၀ | ၃ | ၁ | ၀ |
| ၃၃ | ဗဟန်း | ၁၅၅၃ | ၂ | ၉ | ၂ | ၂ | ၅ | ၇ | ၂ | ၁ | ၂ | ၀ | ၂ | ၃ | ၀ | ၀ |
| ၃၄ | ဒဂုံဆိပ်ကမ်း | ၁၂၅၉ | ၀ | ၄ | ၀ | ၀ | ၁ | ၁ | ၁ | ၂ | ၂ | ၁ | ၅ | ၀ | ၀ | ၀ |
| ၃၅ | ကျောက်တန်း | ၉၅၉ | ၁၀ | ၂ | ၄ | ၇ | ၂ | ၆ | ၄ | ၃ | ၃ | ၂ | ၂ | ၁ | ၂ | ၀ |
| ၃၆ | တွံတေး | ၉၂၉ | ၀ | ၀ | ၁ | ၂ | ၀ | ၃ | ၀ | ၀ | ၀ | ၂ | ၂ | ၂ | ၀ | ၀ |
| ၃၇ | ပန်းဘဲတန်း | ၈၈၃ | ၃ | ၅ | ၄ | ၁ | ၀ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၁ | ၁ | ၀ |
| ၃၈ | ထန်းတပင် | ၆၄၁ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၃၉ | ဆိပ်ကြီးခနောင်တို | ၄၄၁ | ၀ | ၅ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၄၀ | ခရမ်း | ၄၃၉ | ၀ | ၂ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ |
| ၄၁ | သုံးခွ | ၄၂၁ | ၀ | ၂ | ၀ | ၀ | ၁ | ၃ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၄၂ | ကော့မှူး | ၃၂၁ | ၀ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၄၃ | ကွမ်းခြံကုန်း | ၃၀၁ | ၁ | ၁ | ၀ | ၄ | ၃ | ၀ | ၁ | ၄ | ၀ | ၀ | ၁ | ၁ | ၁ | ၀ |
| | စုစုပေါင်း | ၈၆၄၁၁ | ၂၅၂ | ၂၂၃ | ၂၀၃ | ၂၄၆ | ၁၆၅ | ၁၈၃ | ၁၅၉ | ၁၄၈ | ၁၃၁ | ၁၆၂ | ၁၀၅ | ၁၂၅ | ၈၆ | ၁၀၆ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၄၄ | အောင်မြေသာစံ | ၂၅၇၂ | ၂၁ | ၂၂ | ၁၅ | ၁၁ | ၉ | ၁၇ | ၁၈ | ၁၄ | ၂၇ | ၁၅ | ၂၈ | ၂၂ | ၈ | ၂၃ |
| ၄၅ | တောင်သာ | ၂၈၄ | ၇ | ၁၂ | ၃ | ၆ | ၇ | ၉ | ၀ | ၁၃ | ၁၂ | ၃ | ၅ | ၀ | ၁ | ၁၇ |
| ၄၆ | စဉ့်ကိုင် | ၃၂၁ | ၀ | ၂ | ၄ | ၁ | ၁ | ၁ | ၁ | ၁၃ | ၄ | ၀ | ၆ | ၀ | ၀ | ၁၄ |
| ၄၇ | ပုသိမ်ကြီး | ၆၉၈ | ၃ | ၆ | ၆ | ၁၀ | ၄ | ၃ | ၁၈ | ၄ | ၇ | ၆ | ၄ | ၁၃ | ၆ | ၁၂ |
| ၄၈ | ချမ်းမြသာစည် | ၁၉၉၈ | ၁၄ | ၂၄ | ၂၃ | ၂၀ | ၂၆ | ၁၄ | ၁၈ | ၁၇ | ၂၂ | ၁၇ | ၈ | ၁၀ | ၁၄ | ၁၁ |
| ၄၉ | ချမ်းအေးသာစံ | ၂၇၁၁ | ၁၅ | ၂၄ | ၁၂ | ၁၃ | ၂၀ | ၂၀ | ၉ | ၁၀ | ၁၅ | ၁၀ | ၁၂ | ၁၀ | ၃ | ၁၀ |
| ၅၀ | ကျောက်ဆည် | ၂၁၄ | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၄ | ၂ | ၆ | ၂ | ၇ | ၃ | ၁၃ | ၁၀ |
| ၅၁ | မဟာအောင်မြေ | ၂၅၁၅ | ၄ | ၁၅ | ၁၄ | ၁၆ | ၁၀ | ၁၅ | ၂ | ၁၃ | ၂၁ | ၇ | ၁၃ | ၁၄ | ၁၁ | ၉ |
| ၅၂ | အမရပူရ | ၁၆၂၁ | ၉ | ၂၀ | ၉ | ၁၀ | ၁၈ | ၆ | ၉ | ၂ | ၁၁ | ၄ | ၇ | ၆ | ၇ | ၇ |
| ၅၃ | ပြည်ကြီးတံခွန် | ၉၉၃ | ၁၁ | ၁၇ | ၁၂ | ၁၁ | ၁၄ | ၁၁ | ၈ | ၇ | ၄ | ၁၀ | ၇ | ၇ | ၁၄ | ၇ |
| ၅၄ | ငါန်းဇွန် | ၈၉ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၁၀ | ၁ | ၃ |
| ၅၅ | မတ္တရာ | ၁၂၄ | ၁ | ၂ | ၁ | ၀ | ၃ | ၉ | ၀ | ၁ | ၅ | ၀ | ၁ | ၀ | ၀ | ၂ |
| ၅၆ | ညောင်ဦး | ၁၄၀ | ၀ | ၀ | ၃ | ၀ | ၁ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၃ | ၁ |
| ၅၇ | သာစည် | ၁၁၉ | ၁ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ |
| ၅၈ | တံတားဦး | ၁၁၈ | ၀ | ၆ | ၃ | ၂ | ၁ | ၅ | ၂ | ၅ | ၂ | ၁ | ၂ | ၆ | ၀ | ၁ |
| ၅၉ | ဝမ်းတွင်း | ၉၉ | ၀ | ၃ | ၁ | ၁ | ၂ | ၁ | ၂ | ၂ | ၂ | ၁ | ၅ | ၂ | ၁ | ၁ |
| ၆၀ | မိုးကုတ် | ၅၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၇ | ၀ | ၀ | ၁ |
| ၆၁ | မြင်းခြံ | ၄၈၈ | ၀ | ၁၂ | ၅ | ၁၁ | ၁ | ၀ | ၅ | ၉ | ၂ | ၁၀ | ၀ | ၁ | ၇ | ၀ |
| ၆၂ | မိတ္ထီလာ | ၂၃၃ | ၆ | ၀ | ၁ | ၁ | ၀ | ၃ | ၂ | ၁ | ၀ | ၁ | ၁ | ၁ | ၁ | ၀ |
| ၆၃ | ပြင်ဦးလွင် | ၂၀၇ | ၃ | ၄ | ၆ | ၂ | ၄ | ၃ | ၀ | ၀ | ၆ | ၀ | ၂ | ၁၁ | ၁ | ၀ |
| ၆၄ | ကျောက်ပန်းတောင်း | ၁၈၂ | ၁ | ၁ | ၀ | ၃ | ၁၁ | ၀ | ၈ | ၇ | ၉ | ၂ | ၁ | ၅ | ၈ | ၀ |
| ၆၅ | ပျော်ဘွယ် | ၁၁၅ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁ | ၁ | ၂ | ၀ | ၁ | ၃ | ၀ |
| ၆၆ | နွားထိုးကြီး | ၁၀၃ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၄ | ၀ | ၁ | ၀ | ၁ | ၀ |
| ၆၇ | ရမည်းသင်း | ၉၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ |
| ၆၈ | မြစ်သား | ၁၁၂ | ၀ | ၀ | ၀ | ၂ | ၄ | ၂ | ၂ | ၂ | ၀ | ၇ | ၂ | ၄ | ၄ | ၀ |
| ၆၉ | မလှိုင် | ၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၂ | ၀ |
| ၇၀ | သပိတ်ကျင်း | ၄၈ | ၁ | ၀ | ၁ | ၀ | ၅ | ၀ | ၀ | ၁ | ၀ | ၄ | ၀ | ၀ | ၀ | ၀ |
| ၇၁ | စဉ့်ကူး | ၂၃ | ၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၃ | ၀ |
| | စုစုပေါင်း | ၁၆၃၂၅ | ၁၀၅ | ၁၇၈ | ၁၂၂ | ၁၂၅ | ၁၄၃ | ၁၂၄ | ၁၁၁ | ၁၃၁ | ၁၆၂ | ၁၀၅ | ၁၂၂ | ၁၃၀ | ၁၁၆ | ၁၃၀ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇၂ | ပဲခူး | ၃၂၅၇ | ၂၈ | ၅၂ | ၂၈ | ၂၉ | ၂၀ | ၂၆ | ၁၀ | ၂၁ | ၁၆ | ၁၂ | ၁၅ | ၁၅ | ၅ | ၁၅ |
| ၇၃ | ဖြူး | ၅၀၁ | ၁ | ၁၄ | ၄ | ၆ | ၀ | ၄ | ၃၂ | ၁၄ | ၁၉ | ၁ | ၄ | ၁ | ၄ | ၅ |
| ၇၄ | ကဝ | ၃၉၄ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၆ | ၀ | ၁ | ၂ | ၅ | ၀ | ၄ |
| ၇၅ | ရေတာရှည် | ၁၇၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ |
| ၇၆ | ကြို့ပင်ကောက် | ၁၂၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၄ |
| ၇၇ | မိုးညို | ၁၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၄ |
| ၇၈ | အုတ်ဖို | ၂၀၅ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၇ | ၀ | ၀ | ၀ | ၂ | ၂ |
| ၇၉ | သာယာဝတီ | ၅၂၃ | ၀ | ၀ | ၁၁ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၄ | ၁ |
| ၈၀ | ဝေါ | ၄၄၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၇ | ၁ | ၁ |
| ၈၁ | ဒိုက်ဦး | ၂၂၄ | ၅ | ၄ | ၂ | ၀ | ၂ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၈၂ | ပြည် | ၂၃၆ | ၁ | ၀ | ၀ | ၀ | ၅ | ၂ | ၇ | ၁ | ၄ | ၃ | ၆ | ၄ | ၂ | ၁ |
| ၈၃ | ဇီးကုန်း | ၈၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၈၄ | လက်ပံတန်း | ၄၆၈ | ၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၅ | ကျောက်တံခါး | ၃၅၉ | ၁ | ၂ | ၀ | ၀ | ၀ | ၁၁ | ၁ | ၁၀ | ၀ | ၇ | ၃ | ၀ | ၄ | ၀ |
| ၈၆ | မင်းလှ | ၂၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၈၇ | ညောင်လေးပင် | ၂၅၉ | ၁ | ၀ | ၀ | ၁၃ | ၀ | ၀ | ၄ | ၄ | ၂ | ၀ | ၄ | ၁ | ၂ | ၀ |
| ၈၈ | တောင်ငူ | ၁၉၆ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၁ | ၁ | ၅ | ၀ |
| ၈၉ | သနပ်ပင် | ၁၉၆ | ၀ | ၁၅ | ၀ | ၀ | ၁ | ၁ | ၁ | ၇ | ၁ | ၀ | ၀ | ၁ | ၃ | ၀ |
| ၉၀ | ရွှေတောင် | ၁၇၁ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၉၁ | နတ်တလင်း | ၁၄၃ | ၁ | ၀ | ၃ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၈ | ၁ | ၀ | ၀ |
| ၉၂ | ပေါင်းတည် | ၁၁၉ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၀ |
| ၉၃ | အုတ်တွင်း | ၁၁၂ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၄ | ပန်းတောင်း | ၁၀၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ |
| ၉၅ | သဲကုန်း | ၉၈ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၉၆ | ရွှေကျင် | ၇၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၇ | ထန်းတပင် | ၅၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၉၈ | ပေါက်ခေါင်း | ၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၉၉ | ကျောက်ကြီး | ၄၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၈၉၆၁ | ၄၇ | ၉၄ | ၅၇ | ၅၆ | ၃၀ | ၅၁ | ၆၇ | ၈၂ | ၅၃ | ၂၇ | ၄၄ | ၃၉ | ၃၆ | ၄၃ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | ဒေးဒရဲ | ၄၃၃ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၁၇ |
| ၁၀၁ | ဖျာပုံ | ၂၄၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၁၆ |
| ၁၀၂ | ဘိုကလေး | ၂၇၇ | ၁၃ | ၄ | ၀ | ၁ | ၀ | ၂၈ | ၁ | ၂ | ၀ | ၁ | ၀ | ၁ | ၁ | ၁၁ |
| ၁၀၃ | ပုသိမ် | ၇၉၅ | ၂၁ | ၆ | ၄ | ၃ | ၁၀ | ၉ | ၁၇ | ၁၇ | ၇ | ၃ | ၂ | ၆ | ၁၃ | ၈ |
| ၁၀၄ | ဟင်္သာတ | ၇၅၃ | ၃ | ၇ | ၇ | ၃၂ | ၆၉ | ၁၀ | ၄ | ၅ | ၂၂ | ၁၂ | ၁၆ | ၁၆ | ၉ | ၇ |
| ၁၀၅ | အင်္ဂပူ | ၁၅၉ | ၂၈ | ၃ | ၀ | ၇ | ၀ | ၇ | ၀ | ၁၀ | ၇ | ၁ | ၂၆ | ၇ | ၁ | ၂ |
| ၁၀၆ | မော်လမြိုင်ကျွန်း | ၅၀၁ | ၁ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၄ | ၁ |
| ၁၀၇ | ကျိုက်လတ် | ၂၅၇ | ၁ | ၀ | ၄ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၃ | ၅ | ၀ | ၀ | ၁ |
| ၁၀၈ | မအူပင် | ၅၀၆ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၀၉ | ကျုံပျော် | ၂၇၅ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၁၀ | လပွတ္တာ | ၂၄၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၁၁ | ညောင်တုန်း | ၂၄၄ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၁၂ | မြောင်းမြ | ၂၁၆ | ၄ | ၀ | ၂ | ၀ | ၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၁၃ | ရေကြည် | ၁၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၄ | ဝါးခယ်မ | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ |
| ၁၁၅ | ဓနုဖြူ | ၁၁၀ | ၀ | ၀ | ၅ | ၂ | ၀ | ၃ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၂ | ၀ |
| ၁၁၆ | ကျောင်းကုန်း | ၈၃ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၇ | ကန်ကြီးထောင့် | ၆၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၁၈ | အိမ်မဲ | ၆၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၉ | လေးမျက်နှာ | ၆၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၁၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ |
| ၁၂၀ | မြန်အောင် | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၁ | ဇလွန် | ၄၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၂၂ | ပန်းတနော် | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၃ | ကြံခင်း | ၃၇ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ |
| ၁၂၄ | သာပေါင်း | ၂၄ | ၀ | ၀ | ၀ | ၀ | | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၂၅ | ငပုတော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၇၂၂ | ၇၇ | ၂၂ | ၂၅ | ၅၂ | ၈၇ | ၆၅ | ၃၅ | ၅၂ | ၄၈ | ၂၆ | ၅၇ | ၃၄ | ၃၅ | ၆၃ |
| ၅။ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂၆ | စစ်တွေ | ၁၅၅၉ | ၀ | ၅ | ၀ | ၀ | ၅ | ၅ | ၄ | ၀ | ၀ | ၁ | ၀ | ၁ | ၄ | ၄ |
| ၁၂၇ | မြေပုံ | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ |
| ၁၂၈ | မောင်တော | ၃၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၂၉ | သံတွဲ | ၁၁၉ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၃၀ | ကျောက်ဖြူ | ၄၄၇ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၃၁ | ကျောက်တော် | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၃၂ | မြောက်ဦး | ၂၆၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၃ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၄ | တောင်ကုတ် | ၁၈၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၅ | အမ်း | ၁၇၂ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၃၆ | ရသေ့တောင် | ၁၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၇ | ပေါက်တော | ၁၂၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၃၈ | ပုဏ္ဏားကျွန်း | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၉ | မင်းပြား | ၉၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၀ | ဂွ | ၃၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၄၁ | ရမ်းဗြဲ | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၂၅၄ | ၀ | ၉ | ၂ | ၁ | ၅ | ၆ | ၁၀ | ၁၄ | ၁ | ၁ | ၀ | ၃ | ၇ | ၁၀ |
| ၆။ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၄၃ | ချောက် | ၁၅၈ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၃ | ၂ | ၈ | ၁ | ၃ | ၂ | ၁၂ |
| ၁၄၄ | မကွေး | ၄၂၄ | ၈ | ၆ | ၀ | ၂ | ၀ | ၂ | ၁ | ၄ | ၃ | ၅ | ၁ | ၄ | ၉ | ၇ |
| ၁၄၅ | ဂန့်ဂေါ | ၇၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၄ |
| ၁၄၆ | မြိုင် | ၉၆ | ၀ | ၀ | ၄ | ၀ | ၁ | ၂ | ၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၃ |
| ၁၄၇ | ဆိပ်ဖြူ | ၅၆ | ၀ | ၆ | ၅ | ၁ | ၂ | ၁ | ၀ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၃ |
| ၁၄၈ | တောင်တွင်းကြီး | ၂၅၅ | ၁ | ၁ | ၃ | ၁ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၂ | ၁ | ၀ | ၁ |
| ၁၄၉ | မင်းဘူး | ၂၃၉ | ၁ | ၀ | ၄ | ၃ | ၀ | ၀ | ၁၄ | ၁ | ၀ | ၃ | ၃ | ၄ | ၂ | ၁ |
| ၁၅၀ | ရေနံချောင်း | ၁၅၅ | ၀ | ၀ | ၅ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၇ | ၁ | ၁ | ၁ | ၁ |
| ၁၅၁ | အောင်လံ | ၆၁၀ | ၄ | ၀ | ၁၂ | ၂ | ၁ | ၈ | ၅ | ၀ | ၁၁ | ၂ | ၃ | ၀ | ၀ | ၀ |
| ၁၅၂ | စလင်း | ၂၈၀ | ၁ | ၀ | ၁၂ | ၁၁ | ၀ | ၂ | ၃ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ |
| ၁၅၃ | မြို့သစ် | ၂၄၂ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၄ | ၃ | ၁ | ၀ | ၀ |
| ၁၅၄ | နတ်မောက် | ၂၀၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၅၅ | ပခုက္ကူ | ၁၃၇ | ၀ | ၁ | ၁ | ၀ | ၁ | ၂ | ၁ | ၀ | ၀ | ၂ | ၁ | ၀ | ၂ | ၀ |
| ၁၅၆ | ပွင့်ဖြူ | ၉၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ |
| ၁၅၇ | သရက် | ၆၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၈ | ဆင်ပေါင်ဝဲ | ၄၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၁၅၉ | ရေစကြို | ၃၇ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၂၀-၁-၂၁) အထိ | (၇-၁-၂၀၂၁) ရက်နေ့မှ (၂၀-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ | ၁၅-၀၁-၂၁ | ၁၆-၀၁-၂၁ | ၁၇-၀၁-၂၁ | ၁၈-၀၁-၂၁ | ၁၉-၀၁-၂၁ | ၂၀-၀၁-၂၁ |
| ၁၆၀ | မင်းလှ | ၃၇ | ၀ | ၀ | ၄ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၁ | ပေါက် | ၃၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၆၂ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၃ | ငဖဲ | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ |
| ၁၆၄ | ဆော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၆၅ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၃၀၃ | ၁၇ | ၁၆ | ၆၂ | ၂၃ | ၆ | ၂၀ | ၄၁ | ၈ | ၁၈ | ၄၅ | ၁၈ | ၁၆ | ၂၀ | ၃၂ |
| ၇။ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၆၈ | မော်လမြိုင် | ၁၄၈၉ | ၂၉ | ၄၂ | ၂၉ | ၉ | ၃၉ | ၂၆ | ၂၃ | ၅၂ | ၂၂ | ၉ | ၁၉ | ၂၂ | ၃၆ | ၁၈ |
| ၁၆၉ | မုဒုံ | ၈၈ | ၁ | ၁ | ၀ | ၀ | ၂ | ၃ | ၀ | ၈ | ၁ | ၁ | ၃ | ၄ | ၀ | ၅ |
| ၁၇၀ | ချောင်းဆုံ | ၆၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၄ | ၃ | ၀ | ၀ | ၀ | ၅ |
| ၁၇၁ | ရေး | ၁၁၅ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၃ | ၂ | ၁ | ၃ | ၀ | ၁ | ၂ |
| ၁၇၂ | ပေါင် | ၁၄၃ | ၁ | ၂ | ၂ | ၁ | ၁ | ၀ | ၀ | ၄ | ၁ | ၀ | ၂ | ၁ | ၂ | ၁ |
| ၁၇၃ | သထုံ | ၄၈၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၀ |
| ၁၇၄ | ကျိုက်ထို | ၃၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၂ | ၁ | ၀ | ၀ |
| ၁၇၅ | ဘီးလင်း | ၁၆၆ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇၆ | သံဖြူဇရပ် | ၆၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၇၇ | ကျိုက်မရော | ၇၅ | ၀ | ၃ | ၁ | ၀ | ၀ | ၁ | ၀ | ၇ | ၁ | ၀ | ၀ | ၂ | ၁ | ၀ |
| | စုစုပေါင်း | ၂၉၉၄ | ၃၆ | ၄၉ | ၃၄ | ၁၀ | ၄၂ | ၃၂ | ၂၇ | ၇၇ | ၃၃ | ၁၅ | ၃၀ | ၃၁ | ၄၂ | ၃၁ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၇၈ | မုံရွာ | ၂၁၂ | ၀ | ၂ | ၇ | ၅ | ၃ | ၇ | ၈ | ၃ | ၀ | ၉ | ၁ | ၉ | ၀ | ၁၀ |
| ၁၇၉ | မင်းကင်း | ၃၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၅ |
| ၁၈၀ | ဟုမ္မလင်း | ၃၈ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၃ |
| ၁၈၁ | ကနီ | ၃၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၃ |
| ၁၈၂ | ကလေး | ၄၆၆ | ၀ | ၉ | ၂ | ၂ | ၆ | ၄ | ၇ | ၇ | ၇ | ၁၀ | ၀ | ၄ | ၁၃ | ၂ |
| ၁၈၃ | ရွှေဘို | ၂၂၅ | ၂ | ၅ | ၃ | ၀ | ၆ | ၀ | ၁ | ၃ | ၄ | ၁ | ၁ | ၀ | ၁ | ၂ |
| ၁၈၄ | တမူး | ၁၁၄ | ၄ | ၁ | ၄ | ၄ | ၀ | ၄ | ၀ | ၄ | ၁ | ၄ | ၂ | ၁ | ၄ | ၁ |
| ၁၈၅ | ယင်းမာပင် | ၈၈ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၈၆ | ကန့်ဘလူ | ၁၃၀ | ၀ | ၂ | ၀ | ၀ | ၄ | ၁ | ၃ | ၀ | ၁ | ၇ | ၁၇ | ၁၅ | ၈ | ၁ |
| ၁၈၇ | တန့်ဆည် | ၅၇ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၄ | ၁ |
| ၁၈၈ | ပုလဲ | ၃၈ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ |
| ၁၈၉ | မြောင် | ၂၃ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁ |
| ၁၉၀ | ကလေးဝ | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၉၁ | စစ်ကိုင်း | ၅၄၃ | ၁၁ | ၁ | ၃ | ၆ | ၂ | ၄ | ၅ | ၃ | ၁၂ | ၅ | ၄ | ၁၆ | ၉ | ၀ |
| ၁၉၂ | ဆားလင်းကြီး | ၈၄ | ၀ | ၆ | ၁ | ၀ | ၀ | ၂ | ၂ | ၁ | ၃ | ၃ | ၀ | ၄ | ၄ | ၀ |
| ၁၉၃ | အင်းတော် | ၄၅ | ၀ | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၁ | ၀ | ၀ |
| ၁၉၄ | ဒီပဲယင်း | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၉၅ | ချောင်းဦး | ၄၄ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၃ | ၃ | ၁ | ၀ | ၀ | ၀ |
| ၁၉၆ | ရေဦး | ၃၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၉၇ | ဝက်လက် | ၄၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၄ | ၀ |
| ၁၉၈ | ကောလင်း | ၃၆ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၈ | ၁ | ၀ | ၀ | ၀ |
| ၁၉၉ | မြင်းမူ | ၂၉ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၀၀ | ကသာ | ၂၇ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၁ | ခင်ဦး | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၂ | ဘုတလင် | ၂၇ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၂၀၃ | ကျွန်းလှ | ၂၂ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၀၄ | အရာတော် | ၁၆ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၅ | ဝန်းသို | ၉ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၀၉ | ခန္တီး | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဗန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | ပင်လည်ဘူး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၅၁၈ | ၂၀ | ၃၅ | ၂၅ | ၂၁ | ၂၅ | ၂၈ | ၃၅ | ၂၄ | ၄၁ | ၆၄ | ၃၃ | ၅၅ | ၅၂ | ၃၂ |
| ၉။ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၁၄ | မြဝတီ | ၄၀၁ | ၁၂ | ၃ | ၀ | ၀ | ၁၁ | ၀ | ၀ | ၁၁ | ၁ | ၂ | ၄ | ၀ | ၃ | ၂ |
| ၂၁၅ | ဘားအံ | ၅၆၉ | ၁ | ၃၀ | ၂ | ၀ | ၁ | ၀ | ၁ | ၇ | ၂ | ၂၄ | ၃ | ၁ | ၀ | ၀ |
| ၂၁၆ | ကော့ကရိတ် | ၂၁၉ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၁၇ | လှိုင်းဘွဲ့ | ၇၈ | ၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၈ | ကြာအင်းဆိပ်ကြီး | ၁၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၁၉ | သံတောင်ကြီး | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | ဖာပွန် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၂၉၄ | ၁၅ | ၃၇ | ၂ | ၀ | ၁၃ | ၀ | ၂ | ၂၁ | ၃ | ၂၇ | ၈ | ၁ | ၃ | ၂ |
| ၁၀။ | နေပြည်တော် | | | | | | | | | | | | | | | |
| ၂၂၁ | ဇေယျာသီရိ | ၅၀၆ | ၈ | ၀ | ၆ | ၂ | ၂၅ | ၁၉ | ၁ | ၉ | ၂ | ၄ | ၀ | ၀ | ၈ | ၁၀ |
| ၂၂၂ | ဇမ္ဗူသီရိ | ၂၃၉ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၃ | ၃ | ၀ | ၂ |
| ၂၂၃ | တပ်ကုန်း | ၅၁ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ |
| ၂၂၄ | ပျဉ်းမနား | ၉၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၂၅ | ဥတ္တရသီရိ | ၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ |
| ၂၂၆ | ပုဗ္ဗသီရိ | ၁၁၄ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၇ | လယ်ဝေး | ၁၀၃ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၁၉၁ | ၁၀ | ၆ | ၆ | ၅ | ၂၇ | ၁၉ | ၃ | ၁၁ | ၄ | ၅ | ၅ | ၅ | ၉ | ၁၆ |
| ၁၁။ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၂၉ | ဖားကန့် | ၄၆၇ | ၄ | ၁ | ၂ | ၂ | ၂ | ၆ | ၅ | ၈ | ၅ | ၀ | ၁ | ၂ | ၁၂ | ၂ |
| ၂၃၀ | မိုးညှင်း | ၄၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၁ | ၁ |
| ၂၃၁ | မြစ်ကြီးနား | ၁၂၉ | ၀ | ၁ | ၀ | ၀ | ၃ | ၂ | ၅ | ၃ | ၀ | ၁ | ၁ | ၂ | ၁၃ | ၀ |
| ၂၃၂ | ရွှေကူ | ၂၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၃၃ | ဗန်းမော် | ၂၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၃၄ | မိုးကောင်း | ၁၆ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၅ | ဝိုင်းမော် | ၁၆ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၃၆ | မိုးမောက် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၇ | ပူတာအို | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ |
| ၂၃၈ | တနိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၇၃၄ | ၇ | ၂ | ၄ | ၂ | ၈ | ၁၀ | ၁၃ | ၁၁ | ၅ | ၂ | ၆ | ၆ | ၂၈ | ၃ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၂၄၀ | မြိတ် | ၃၁၉ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၀ | ၇ | ၆ | ၀ |
| ၂၄၁ | ထားဝယ် | ၁၁၉ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၃ | ၁ | ၀ |
| ၂၄၂ | လောင်းလုံ | ၄၅ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၃ | ပုလော | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၄ | ရေဖြူ | ၂၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၄၅ | ကော့သောင်း | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၆ | သရက်ချောင်း | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၂၄၇ | ကျွန်းစု | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၈ | ဘုတ်ပြင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၉ | တနင်္သာရီ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၆၂၄ | ၄ | ၁ | ၁ | ၁ | ၀ | ၁ | ၃ | ၇ | ၀ | ၂ | ၀ | ၁၁ | ၇ | ၀ |
| ၁၃။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | | | | | | | | | | | | | | | |
| ၂၅၀ | ကလော | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၁ |
| ၂၅၁ | တောင်ကြီး | ၂၃၆ | ၁ | ၀ | ၁၃ | ၁ | ၀ | ၀ | ၅ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၅၂ | ရွာငံ | ၅၅ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၅၃ | ရပ်စောက် | ၃၁ | ၁ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၄ | ပင်လောင်း | ၂၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၅ | လွိုင်လင် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၅၆ | ဆီဆိုင် | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၇ | ပင်းတယ | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၂၅၈ | ညောင်ရွှေ | ၁၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၉ | ဟိုပုံး | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၀ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၁ | ဖယ်ခုံ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၂ | မိုးနဲ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၃ | မိုင်းရှူး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၄ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၅ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၆ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၅၂ | ၂ | ၉ | ၁၄ | ၁ | ၁ | ၁ | ၁၂ | ၁ | ၄ | ၂ | ၁ | ၁ | ၆ | ၁ |
| ၁၄။ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၂၆၈ | တီးတိန် | ၁၄၄ | ၀ | ၉ | ၁ | ၀ | ၂၀ | ၁ | ၁ | ၃ | ၃ | ၀ | ၅ | ၇ | ၁ | ၁ |
| ၂၆၉ | မင်းတပ် | ၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၇၀ | မတူပီ | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၇၁ | ပလက်ဝ | ၃၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂၇၂ | တွန်းဇံ | ၂၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | ဟားခါး | ၂၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ဖလမ်း | ၂၇ | ၀ | ၀ | ၁ | ၁ | ၂ | ၃ | ၀ | ၀ | ၂ | ၀ | ၂ | ၂ | ၀ | ၀ |
| ၂၇၅ | ကန်ပက်လက် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | ထန်တလန် | ၅ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၃၅ | ၀ | ၉ | ၂ | ၂ | ၂၅ | ၅ | ၁ | ၆ | ၅ | ၄ | ၈ | ၉ | ၁ | ၁ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | | | | | | | | | | | | | | | |
| ၂၇၇ | တန့်ယန်း | ၈ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ |
| ၂၇၈ | လားရှိုး | ၅၂ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၀ | ၂ | ၁ | ၁ | ၄ | ၃ | ၀ | ၂ |
| ၂၇၉ | ကျောက်မဲ | ၃၅ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၂ |
| ၂၈၀ | မူဆယ် | ၆၉ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၂ | ၀ | ၂ | ၂ | ၀ | ၃ | ၀ | ၀ |
| ၂၈၁ | နောင်ချို | ၃၅ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၂ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၃ | သီပေါ | ၁၄ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၈၄ | ကွတ်ခိုင် | ၁၉ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၅ | မိုးမိတ် | ၁၂ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၈၆ | နမ့်ခမ်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၇ | နမ္မတူ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၈၈ | မဘိမ်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၈၉ | ၀ | ၄ | ၅ | ၈ | ၃ | ၃ | ၃ | ၁၁ | ၃ | ၃ | ၁၀ | ၇ | ၀ | ၈ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | | | | | | | | | | | | | | |
| ၂၉၂ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၃ | မိုင်းယောင်း | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ |
| ၂၉၄ | ကျိုင်းတုံ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၅ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၆ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းဆတ် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ |
| ၁၇။ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၂၉၉ | လွိုင်ကော် | ၆၄ | ၂ | ၂ | ၂ | ၂ | ၀ | ၃ | ၁ | ၁ | ၁ | ၁ | ၂ | ၀ | ၀ | ၀ |
| ၃၀၀ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | ဒီမောဆို | ၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၇၀ | ၂ | ၂ | ၂ | ၂ | ၁ | ၃ | ၁ | ၁ | ၂ | ၁ | ၂ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၃၅၇၂၁ | ၅၉၄ | ၆၉၆ | ၅၆၆ | ၅၅၅ | ၅၈၂ | ၅၅၁ | ၅၂၃ | ၆၀၅ | ၅၁၃ | ၄၉၁ | ၄၄၉ | ၄၇၇ | ၄၄၈ | ၄၇၈ |

**မှတ်ချက်။** - (၂၀-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၁) မြို့နယ် ရှိပြီဖြစ်ပါသည်။

- အထက်ဖော်ပြပါ စာရင်းတွင် မပါဝင်သောမြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ခေတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ ပေးပို့သော တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လူမှုဖူလုံရေးအဖွဲ့မှ COVID–19 ကာလအတွင်း ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ထုတ်ပေးထားရှိမှုအခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၁

COVID–19 ကာလအတွင်း လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးအကျိုးဝင် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေများအား ခွင့်ပြုထုတ်ပေးလျက်ရှိရာ **COVID–19 1st Wave** အတွက် ၁၃-၅-၂၀၂၀ ရက်နေ့မှ ၁၉-၁-၂၀၂၁ ရက်နေ့အထိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန စုစုပေါင်း **(၇,၂၆၂) ဌာနမှ** အာမခံ အလုပ်သမား **(၈၂၅,၁၀၆) ဦးအတွက်** ထောက်ပံ့ငွေ**ကျပ်သန်း (၂၀,၇၆၃ . ၈၆၆)** အားလည်းကောင်း။

**COVID–19 2nd Wave** အတွက် ၂-၁၀-၂၀၂၀ ရက်နေ့မှ ၁၉-၁-၂၀၂၁ ရက်နေ့အထိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနစုစုပေါင်း **(၇,၀၅၁) ဌာနမှ** အာမခံအလုပ်သမား **(၇၀၄,၆၅၂) ဦးအတွက်** ထောက်ပံ့ငွေ**ကျပ်သန်း (၄၄,၅၇၄ . ၈၀၁)** အားလည်းကောင်း။

Quarantine ဝင်ရောက်လျက်ရှိသည့် အာမခံအလုပ်သမား **(၇,၉၆) ဦး** အတွက် မကျန်းမာမှုအကျိုးခံစားခွင့် (၆၀ %) ခွင့်ပြုငွေ**ကျပ်သန်း (၆၇ . ၅၈၆)** အားလည်းကောင်း၊ COVID–19 ကာလအတွင်း အာမခံ အလုပ်သမား၊ ကိုယ်ဝန်ဆောင်မိခင် **(၃,၆၂၀) ဦးအတွက်** မကျန်းမာမှုအကျိုးခံစားခွင့် (၆၀ %) ခွင့်ပြုငွေ**ကျပ်သန်း (၅၅၅ . ၅၁၅)** အားလည်းကောင်း **စုစုပေါင်း (၁,၅၃၄,၁၇၄) ဦးအတွက်** ငွေကျပ်**သန်းပေါင်း (၆၅,၉၆၁ . ၇၆၈)** အား ခွင့်ပြု ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လူမှုဖူလုံရေးအဖွဲ့မှ COVID–19 ကာလအတွင်း ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ထုတ်ပေးထားရှိမှုအခြေအနေ

| စဉ် | ထောက်ပံ့သည့်အကြောင်းအရာ | ခွင့်ပြုသည့် | | ခွင့်ပြုခဲ့သည့် |
|---|---|---|---|---|
| | | လူဦးရေ | ငွေ(ကျပ်သန်း) | ကာလ |
| ၁ | ပထမအကြိမ်လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုး ခံစားခွင့် (၄၀%) | ၈၂၅,၁၀၆ | ၂၀,၇၆၃.၈၆၆ | ၁၃-၅-၂၀၂၀ မှ ၁၉-၁-၂၀၂၁ ထိ |
| ၂ | ဒုတိယအကြိမ် လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုး ခံစားခွင့် (၄၀%) | ၇၀၄,၆၅၂ | ၄၄,၅၇၄.၈၀၁ | ၂-၁၀-၂၀၂၀ မှ ၁၉-၁-၂၀၂၁ ထိ |
| ၃ | Quarantine ဝင်ရောက်သည့် အာမခံအလုပ်သမား များ မကျန်းမာမှုအကျိုးခံစားခွင့် (၆၀%) | ၇၉၆ | ၆၇.၅၈၆ | ၂၈-၃-၂၀၂၀မှ ၁၉-၁-၂၀၂၁ ထိ |
| ၄ | ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများ မကျန်းမာမှု အကျိုးခံစားခွင့် (၆၀%) | ၃,၆၂၀ | ၅၅၅.၅၁၅ | ၂၂-၄-၂၀၂၀မှ ၁၉-၁-၂၀၂၁ ထိ |
| | စုစုပေါင်းထုတ်ပေးပြီးငွေ | ၁,၅၃၄,၁၇၄ | ၆၅,၉၆၁.၇၆၈ | |

## ၂၁-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၅၀၁၃၉၄၅ | ၁၄၉၇၁၉၀၃ | ၄၁၆၁၉၁ |
| ၂။ | အိန္ဒိယ | ၁၀၆၁၈၀၆၂ | ၁၀၂၇၁၃၉၂ | ၁၅၂၉၂၇ |
| ၃။ | ဘရာဇီး | ၈၆၃၉၈၆၈ | ၇၅၆၄၆၂၂ | ၂၁၂၈၉၃ |
| ၄။ | ရုရှား | ၃၆၅၅၈၃၉ | ၃၀၅၄၂၁၈ | ၆၇၈၃၂ |
| ၅။ | ဗြိတိန် | ၃၅၀၅၇၅၄ | ၁၅၇၁၅၁၉ | ၉၃၂၉၀ |
| ၆။ | ပြင်သစ် | ၂၉၆၅၁၁၇ | ၂၁၃၂၄၂ | ၇၁၆၅၂ |
| ၇။ | အီတလီ | ၂၄၁၄၁၆၆ | ၁၈၀၆၉၃၂ | ၈၃၆၈၁ |
| ၈။ | စပိန် | ၂၄၁၂၃၁၈ | စိစစ်ဆဲ | ၅၄၆၃၇ |
| ၉။ | တူရကီ | ၂၄၀၆၂၁၆ | ၂၂၈၃၉၁၉ | ၂၄၄၈၇ |
| ၁၀။ | ဂျာမနီ | ၂၀၉၄၆၇၁ | ၁၇၆၂၂၀၀ | ၅၀၄၆၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁- ၁ - ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၅၁၆၅၁ | ၇၇၂၇၉၀ | ၂၇၂၀၃ |
| ဖိလစ်ပိုင် | ၅၀၇၇၁၇ | ၄၆၇၄၇၅ | ၁၀၁၁၆ |
| မလေးရှား | ၁၇၂၅၄၉ | ၁၃၀၁၅၂ | ၆၄၂ |
| မြန်မာ | ၁၃၆၁၀၆ | ၁၁၉၉၇၃ | ၃၀၁၃ |
| စင်ကာပူ | ၅၉၂၃၅ | ၅၈၉၅၉ | ၂၉ |
| ထိုင်း | ၁၂၇၉၅ | ၉၈၄၂ | ၇၁ |
| ဗီယက်နမ် | ၁၅၄၆ | ၁၄၁၁ | ၃၅ |
| ကမ္ဘောဒီးယား | ၄၅၃ | ၃၉၆ | ၀ |
| ဘရူနိုင်း | ၁၇၄ | ၁၆၉ | ၃ |
| လာအို | ၄၁ | ၄၁ | ၀ |

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျပန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအပါအဝင် မြန်မာနိုင်ငံသား စုစုပေါင်း ၇၁ ဦးအား တိုကျိုမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် All Nippon Airways (ANA) လေကြောင်းလိုင်း၊ ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့အဆင်ပြေ ချောမွေ့စွာပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား လုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၈၂ ဦး၊ အီဂျစ်မှ ၂၄ ဦး၊ တောင်အာဖရိကမှ တစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ နှစ်ဦး၊ ဖိလစ်ပိုင်မှ ခုနစ်ဦး၊ ဂျပန်မှ ခုနစ်ဦး၊ ဘယ်လ်ဂျီယံမှ တစ်ဦး၊ ဗီယက်နမ်မှ နှစ်ဦး၊ စင်ကာပူမှ ၁၁ ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၃၇ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## မုဒုံမြို့နယ်ရှိ သက်မွေးပညာသင်တန်းကျောင်း ဆောက်လုပ်မည့်မြေနေရာ ရှင်းလင်းမှု မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မုဒုံ ဇန်နဝါရီ ၂၁**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် သက်မွေးပညာသင်တန်းကျောင်းဆောက်လုပ်မည့်မြေနေရာကို ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြေနေရာရှင်းလင်းနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

သင်တန်းကျောင်းကို မုဒုံမြို့နယ် မြို့မ(၄)ရပ်ကွက် ဂျုံးဂျုံးကျတောရကျောင်းလမ်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းပိုင် မြေနေရာဧက ၃၀ တွင် စုန်ရေရှင်းနီးမြုပ်နှံမှုကုမ္ပဏီနှင့် ရာမညမေတ္တာဆောက်လုပ်ရေးကုမ္ပဏီတို့ပူးပေါင်း၍ တာဝန်ယူဆောက်လုပ်မည်ဖြစ်ပြီး လုပ်ငန်းစဉ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် ဝန်ရှိသူများများက ရှင်းလင်းတင်ပြခဲ့ရာ လိုအပ်သည်များကို ပြည်နယ်ဝန်ကြီးချုပ်က မှာကြားကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ သင်တန်းကျောင်းဆောက်လုပ်မည့် မြေနေရာရှင်းလင်းမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူနိုင်ရေး ချင်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သို့ အလှူငွေများလှူဒါန်း

**ဟားခါး ဇန်နဝါရီ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သို့ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ဇန်နဝါရီ ၂၁ ရက်က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ အလှူငွေကျပ် ၁၀ သိန်းနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ အလှူငွေကျပ် ၁၀သိန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းတို့က လက်ခံယူကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၁ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၇၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ ကျပ် | ၆၉၀/၇၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ ကျပ် | ၇၀၅/၇၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ ကျပ် | ၆၉၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၇၀ ကျပ် | ၈၁၅/၈၃၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၃၄ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၁၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၈ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၁ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၉ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၆ . ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၆ . ၅၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၂၉၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၁ . ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၁ . ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၄ . ၅၅၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၇၀၀ | ၉၇၀၀ | ၁၀၇၅ | ၁၀၄၃၁၂၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၂၂၂၉ | ၈၂၇၆၂၀၀ |
| MCB | ၈၂၀၀ | ၈၁၀၀ | ၂ | ၁၆၃၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁ | ၂၂၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၉၈၆ | ၂၆၆၀၅၅၀ |
| EFR | ၃၆၅၀ | ၃၆၀၀ | ၁၆၈ | ၆၀၅၀၀၀ |

ခင်ရတနာ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


# ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးဆိုတာ...

ဖြူလူသစ်

**ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေး (Moral Right) ဆိုတာကို မပြောခင်အရင်ဦးစွာအားလုံးသိကြတဲ့ Copyright Law အကြောင်းလေးကို နိဒါန်းပျိုးလို့ ပြောချင်ပါတယ်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ (Copyright Law) သည် ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် ဖန်တီးပြုလုပ်ထားသည့် စာပေအနုပညာလက်ရာ (မူလလက်ရာများ)အပေါ် မူပိုင်ခွင့်အခွင့်အရေးနဲ့ ဆက်နွယ်တဲ့အခွင့်အရေးများ ရရှိစေဖို့အတွက် အကာအကွယ်ပေးတဲ့ ဥပဒေပဲဖြစ်ပါတယ်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေအရ မူလလက်ရာရှင် (သို့) မူပိုင်ခွင့်ပိုင်ရှင်တို့ဟာ စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေး (Economic Right)အပြင် ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးကိုလည်း ရရှိနိုင်ပါတယ်။**

ဒီသီးသန့်အခွင့်အရေးနှစ်ခုအနက် Economic Right လို့ခေါ်တဲ့ စီးပွားရေးဆိုင်ရာအခွင့်အရေးဟာ ကာကွယ်ပေးမှု သက်တမ်းအမျိုးအစားအလိုက် နှစ်အကန့်အသတ် ရှိပါတယ်။ သက်တမ်းအရ မူလလက်ရာရှင် သက်ရှိထင်ရှား ရှိစဉ် ကာလအပြင် ကွယ်လွန်ပြီး နှစ် ၅၀ အထိ အကျုံးဝင်ပါတယ်။ လက်ရာအလိုက် အကာအကွယ်ပေးခြင်းခံရတဲ့ သက်တမ်းဟာလည်း အမျိုးမျိုးကွာခြားပါတယ်။ ဒီလို အကာအကွယ်ပေးမှုခံရတဲ့ စာပေနှင့် အနုပညာမူပိုင်ခွင့် သက်တမ်းများကို ဥပဒေရဲ့ အခန်း(၉)မှာ အသေးစိတ် လေ့လာနိုင်ပါတယ်။

(ပုံ-၁)



အခန်း (၉)

စာပေနှင့် အနုပညာမူပိုင်ခွင့်သက်တမ်း

၁၇။ စာပေ သို့မဟုတ် အနုပညာလက်ရာများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိစေကာမူ-

(က) စီးပွားရေးဆိုင်ရာအခွင့်အရေးအတွက် အကာအကွယ်ပေးမှုသက်တမ်းသည် အောက်ပါအတိုင်းဖြစ်သည်-

(၁) မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နှစ်မှ နှစ် ၅၀၊

(၂) ပူးတွဲမူလလက်ရာရှင်၏ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက နောက်ဆုံး မူလလက်ရာရှင်သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ၎င်းကွယ်လွန်ပြီးသည့်နှစ်မှ နှစ် ၅၀၊

(၃) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာဖြစ်ပါက မူလလက်ရာရှင်၏ ခွင့်ပြုချက်ဖြင့် အများပြည်သူ ရရှိခံစားနိုင်စေရန် ဆောင်ရွက်ပြီးသည့်နှစ်မှ နှစ် ၅၀ သို့မဟုတ် ထိုသို့ ဆောင်ရွက်ခဲ့ခြင်းမရှိပါက လက်ရာကို ပြုလုပ်ပြီးသည့် နှစ်မှ နှစ် ၅၀၊

(၄) အမည်မဖော်ပြဘဲဖြစ်စေ၊ အမည်ဝှက်၊ အမည်ပွားဖြင့်ဖြစ်စေ ထုတ်ဝေပြီးဖြစ်သည့် စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက အများပြည်သူ ရရှိခံစားနိုင်ရန် တရားဝင် စတင်ဆောင်ရွက်ပြီးသည့် နှစ်မှ နှစ် ၅၀၊ သို့ရာတွင် အဆိုပါ သက်တမ်း မကုန်ဆုံးမီ မူလလက်ရာရှင်သည် မည်သူမည်ဝါဖြစ်ကြောင်း ပေါ်ပေါက်လာပါက ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့တွင် ဖော်ပြသည့်ကာလ၊


(၅) ပုဒ်မ ၁၆ ပါ အကာအကွယ်မရရှိသည့် ကိစ္စရပ်များမှအပ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၏ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက ယင်းအစိုးရ ဌာန၊ အစိုးရ အဖွဲ့အစည်းသည် ပထမမူပိုင်ခွင့် ပိုင်ရှင်အဖြစ် စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးပြုလုပ်ထားခြင်း၊ အများပြည်သူရရှိခံစားနိုင်ရန် တရားဝင် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်း တစ်ရပ်ရပ်အနက် နောက်ကျရာ နှစ်မှ နှစ် ၅၀၊

(၆) အသုံးချအနုပညာလက်ရာဖြစ်ပါက ယင်းလက်ရာ ပြုလုပ်ပြီးသည့် နှစ်မှ ၂၅ နှစ်။

(ခ) ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှု သက်တမ်းသည် မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နေ့ရက်မှ အကန့်အသတ်မရှိ ကာလအထိ ဖြစ်သည်။

(ဂ) ပုဒ်မခွဲ (က) ပါ အကာအကွယ်ပေးမည့် သက်တမ်းအား ရေတွက်ရာတွင် မူလ လက်ရာရှင် ကွယ်လွန်သည့်နှစ် သို့မဟုတ် လက်ရာကိုဖန်တီးပြုလုပ်ထားခြင်း၊ အများပြည်သူ ရရှိခံစားနိုင်ရန် တရားဝင်စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်း တို့ကို ပြုလုပ်သည့်နှစ်နှင့် တစ်ဆက်တည်းနှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင် ရေတွက်ရမည်။

(ပုံ -၂)



၁၇

၂၀။ မူလလက်ရာရှင်သည် စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၈ ပါ အခွင့်အရေးများကို ပိုင်ဆိုင်ခြင်းမရှိစေကာမူ အောက်ဖော်ပြပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ရရှိစေရမည်-

(က) မူလလက်ရာရှင်ဖြစ်ကြောင်း တောင်းဆိုနိုင်သည့် အခွင့်အရေးနှင့် အများပြည်သူ အသုံးပြုသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ မိတ္တူများပေါ်တွင် မူလလက်ရာရှင် အဖြစ် မိမိ၏အမည်ကို ဖော်ပြခွင့်၊

(ခ) အများပြည်သူရရှိခံစားနိုင်ရန် တရားဝင်ပြုလုပ်ထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ မိတ္တူများပေါ်တွင် မူလက အမည်ဝှက်၊ အမည်ပွားဖြင့် ဖော်ပြထားပြီးဖြစ်လျှင် ယင်း အမည်ဝှက်၊ အမည်ပွားဖော်ပြခွင့်၊

(ဂ) စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ မိမိ၏ဂုဏ်သိက္ခာနှင့် ထင်ရှား ကျော်ကြားမှုကို ထိခိုက်စေရန် တစ်နည်းနည်းဖြင့် လက်ရာကို ချို့ယွင်းစေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပျက်စေခြင်းကိုသော်လည်းကောင်း၊ ယုတ်လျော့သေးသိမ်စေရန် အခြား တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကိုသော်လည်းကောင်း ကန့်ကွက်ပိုင်ခွင့်။

၂၁။ မူလလက်ရာရှင်သည် -

(က) ကွယ်လွန်ပြီးဖြစ်ပါက သေတမ်းစာဖြင့် တရားဝင်အမွေဆက်ခံသူကဖြစ်စေ၊ မူလ လက်ရာရှင်နှင့် သက်ဆိုင်သည့် ဥပဒေအရ အမွေဆက်ခံသူကဖြစ်စေ၊ ယင်းမကွယ်လွန်မီက ဥပဒေအရ လွှဲအပ်ခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင် တည်ထောင်ထားသော အဖွဲ့အစည်းကဖြစ်စေ ပုဒ်မ ၂၀ ပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေး တစ်ရပ်ရပ်ကို ဆက်ခံပိုင်ခွင့်ရှိသည်။

(ခ) သီးသန့်အသုံးပြုမှုများအတွက် ကိုယ်ကျင့်သိက္ခာဆိုင်ရာအခွင့်အရေးကို စွန့်လွှတ် နိုင်သည်။ ယင်းသို့ စွန့်လွှတ်ကြောင်းကို စာဖြင့်ရေးသားလက်မှတ်ရေးထိုး၍ ပြုလုပ် ရမည်။

Copyright (စာပေနှင့် အနုပညာမူပိုင်ခွင့်) မှာ အများစုက စီးပွားရေးဆိုင်ရာ အခွင့်အရေးသာရှိတယ်လို့ သိမှတ်နေတာ များပါတယ်။ တကယ်တော့ မူလလက်ရာရှင်တစ်ယောက်ဟာ အထက်ပါ စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးအပြင် ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေး ပါရရှိနိုင်ပါတယ်။ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးအရ အကာအကွယ်ပေးမှု သက်တမ်းကတော့ ခုနက ရှေ့မှာပြောခဲ့တဲ့ စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးလိုမျိုး ကာကွယ်ပေးခံရမှု နှစ်အကန့်အသတ်မရှိပါဘူး။ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးအရ မူလလက်ရာရှင် သက်ရှိထင်ရှား ရှိစဉ်အပြင် ကွယ်လွန်ပြီးသည့်နေ့ရက်မှ အကန့်အသတ်မရှိကာလအထိ ကာကွယ်ပေးရမယ်လို့ ဥပဒေမှာ ဖော်ပြထားပါတယ်။ ဆိုလိုတာက ဖန်တီးသူတစ်ယောက်ရဲ့ အမည်နဲ့ ၎င်း ဖန်တီးထားတဲ့ စာပေအနုပညာလက်ရာတစ်ခုရဲ့ ယှဉ်တွဲဖော်ပြခံရမှုဟာ ဖန်တီးသူ သက်ရှိထင်ရှားရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ကွယ်လွန်ပြီး နှစ်ဘယ်လောက်ပင်ကြာကြာ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးအရ မူလလက်ရာရှင်ရေးထားတဲ့ စာပေအနုပညာဖန်တီးမှု လက်ရာနဲ့ ဖန်တီးသူရဲ့အမည်ဟာ အတူတကွ ဖော်ပြခွင့်ရှိရပါမယ်။ ဒါဟာ ဥပဒေအရ မူလလက်ရာရှင်ကို ပေးထားတဲ့ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးပါ။ ဒီလိုပဲ နိုင်ငံအများစုရဲ့ စာပေအနုပညာမူပိုင်ခွင့် ဥပဒေတွေမှာလည်း ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးကို အလားတူ ထည့်သွင်းပေးထားပါတယ်။ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးအောက်မှာ “ The Right of Paternity ” လို့ခေါ်တဲ့ “ဖန်တီးမှုမှာ ဖန်တီးသူ၏ အမည်ဖော်ပြရန်” ဆိုတာနဲ့ “ The Right of Integrity” လို့ ခေါ်တဲ့ “မူလဖန်တီးသူရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေရင်၊

မူလလက်ရာကို ပျက်စီးစေရင် ကန့်ကွက်နိုင်ရန် ” ဆိုတဲ့ အခွင့်အရေးအမျိုးအစားနှစ်မျိုး ရှိပါတယ်။

ဒါကြောင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးအရ လက်ရာတစ်ခုခုကို ပြန်လည်အသုံးပြုတော့မယ်ဆိုရင် မူရင်းဖန်တီးသူရဲ့ အမည်ကို ချန်လှပ်ထားခဲ့လို့မရဘဲ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးအရ ဖန်တီးသူတစ်ယောက်ရဲ့ အမည်ကို ယင်းလက်ရာနဲ့အတူ ယှဉ်တွဲဖော်ပြပေးရမှာ ဖြစ်ပါတယ်။ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးဟာ စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးလိုမျိုး ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ငှားရမ်းခြင်း၊ မေတ္တာဖြင့် ပေးခြင်းမျိုးနဲ့ တစ်ပါးသူကို လွှဲပြောင်းပေးလို့ မရပါဘူး။ ဖန်တီးသူမဟုတ်တဲ့ အခြားသူ၏နာမည်ကိုလည်း စာပေအနုပညာလက်ရာတစ်ခုခုမှာ အမည်ပြောင်းလဲတပ်၍ ဖော်ပြခွင့်မရှိပါဘူး။ ဥပမာ- ကိုယ်ကိုးကား ဖော်ပြလိုက်တဲ့ ကူးယူဖော်ပြလိုက်တဲ့စာဟာ သူများရေးသားထားတဲ့ စာဖြစ်ပါက မူရင်းစာရေးသူရဲ့ အမည်ကို Credit ပေးပြီး ဖော်ပြပေးရမှာ ဖြစ်ပါတယ်။ မူရင်းစာရေးသူရဲ့အမည်မှာ မိမိ၏အမည်အား အစားထိုး ဖော်ပြခြင်း၊ မူရင်းစာရေးသူရဲ့အမည်အား ဖြုတ်ပယ်ပစ်ခြင်းမျိုး လုပ်ခွင့်မရှိပါဘူး။ ဒီနေရာမှာ တချို့က မူရင်း စာရေးသူကို သိလျက်နှင့်ပင် မူရင်းရေးသူ၏ အမည်အား ဖျောက်ပစ်တတ်ကာ Credit.. Original Writer ဟုသာ ပြုပြင်ရေးသား၍ မူရင်းလက်ရာရှင်၏ ကလောင်နာမည်ကို ဖျောက်ပစ် တတ်ခြင်းများဟာ မူပိုင်ခွင့်ဥပဒေပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးကို ချိုးဖောက်နေခြင်း ဖြစ်တယ်ဆိုတာ သတိပြုသင့်ပါတယ်။

ဒါ့အပြင် မူပိုင်ခွင့်ဥပဒေပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးအရ မူလက အမည်ဝှက်၊ အမည်ပွားဖြင့် ဖော်ပြပြီးသားဖြစ်နေပါက ယင်းမူလလက်ရာရှင်ရဲ့ အမည်ဝှက်၊ အမည်ပွားနဲ့ ၎င်း၏ဖန်တီးမှုလက်ရာကို ယှဉ်တွဲဖော်ပြခွင့်ပေးရမှာ ဖြစ်ပါတယ်။ ဥပမာ ကာတွန်း လက်ရာများကို ကာတွန်းဆရာ၏ အမည်ဝှက် / အမည်ပွား၊ ကလောင်နာမည်ကို နည်းပညာအရ ပြုပြင်ခြင်း၊ ကလောင်အမည်အား ကာတွန်းလက်ရာမှ crop လုပ်ခြင်းများသည်လည်း ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးကို ချိုးဖောက်နေခြင်းဖြစ်တယ်ဆိုတာ သတိပြုဆင်ခြင်သင့်ပါတယ်။

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ (၂၀၁၉) ပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးအရ နောက်ဆုံးပေးထားတဲ့အခွင့်အရေးကတော့ မိမိဖန်တီးထားတဲ့ စာပေ သို့မဟုတ် အနုပညာလက်ရာနှင့် စပ်လျဉ်း၍ မူလဖန်တီးသူအနေနဲ့ မိမိ၏ဂုဏ်သိက္ခာနှင့် ထင်ရှားကျော်ကြားမှုကို ထိခိုက်စေရန်အတွက် တစ်နည်းနည်းဖြင့် စာပေအနုပညာလက်ရာကို ချို့ယွင်းစေတာ၊ ပြုပြင်တာ ဒါမှမဟုတ် ပျက်စေခြင်းနဲ့ ယုတ်လျော့သေးသိမ်စေရန် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းအပေါ်တွင် မကျေနပ်ပါက ကန့်ကွက်ပိုင်ခွင့်ရှိတယ်လို့ ဥပဒေမှာ အပြည့်အဝ ကာကွယ်ပေးထားပါတယ်။ မူလလက်ရာရှင်တစ်ယောက်အနေနဲ့ မိမိဖန်တီးထားတဲ့လက်ရာတစ်ခုကို စီးပွားရေးဆိုင်ရာ အခွင့်အရေးအား တစ်ပါးသူကို လွှဲပြောင်းရောင်းချပြီး ဖြစ်ရင်တောင် အထက်ဖော်ပြထားသလို ကိုယ့်လက်ရာကို ပြုပြင်ခြင်း၊ ပြောင်းလဲတင်ဆက်လိုက်ခြင်းဖြင့် မိမိဖန်တီးထားတဲ့လက်ရာနှင့် ရည်ရွယ်ချက်ကို ထိခိုက်စေပါက ကန့်ကွက်ခြင်းဖြင့် မူလဖန်တီးသူက မိမိလက်ရာကို ထိန်းသိမ်းနိုင်ခွင့် ရှိပါတယ်။ ဒီနေရာမှာ ဂီတနဲ့ပတ်သက်၍ ဥပမာပြစရာတစ်ခု ရှိပါတယ်။ တေးသီချင်း အဆိုပြိုင်ပွဲများမှာ မူလဖန်တီးသူ၏ တေးသီချင်းလက်ရာကို ပိုမိုဆန်းသစ်အောင် ပြုပြင်ဖန်တီး သီဆိုခြင်းများအတွက် မူလဖန်တီးသူက မိမိဖန်တီးထားတဲ့ တေးသီချင်းရဲ့ အနှစ်သာရကို ယုတ်လျော့သေးသိမ်စေတယ်(ဒါမှမဟုတ်) ချို့ယွင်းစေတယ်လို့ ယူဆရင် မူရင်းဖန်တီးသူက ကိုယ်ကျင့်သိက္ခာဆိုင်ရာသီးသန့်အခွင့်အရေးအရ အသစ်ပြုပြင် သီဆိုမှုအပေါ် ကန့်ကွက်ပိုင်ခွင့်ရှိတယ်ဆိုတာ သိရှိထားစေချင်ပါတယ်။

တစ်ပါးသူ ဖန်တီးထားတဲ့ စာပေအနုပညာလက်ရာများကို ခွင့်မတောင်းဘဲ စီးပွားဖြစ်အသုံးချမှု မှန်သမျှဟာ စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးအရ ငြိစွန်းတာဖြစ်လို့ ယင်းပြစ်မှုများနှင့် ပတ်သက်၍ ပြစ်ဒဏ်များသည် ဥပဒေမှာ ပါဝင်သလို တစ်ဖက်မှာလည်း အခုလို ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးအရ ကူးယူအသုံးချမှု မှန်သမျှဟာ သာမန်အသုံးပြုမှုနဲ့ မဆန့်ကျင်စေဖို့ မူလလက်ရာရှင်ရဲ့ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးကို သတိပြုမိကြဖို့ လိုအပ်လှပါတယ်။ သူတစ်ပါး ရေးသားထားတဲ့စာတစ်ကြောင်း၊ ကဗျာတစ်ပိုဒ်ကို ကိုးကားယူသုံးမိရင်လည်း ယူသုံးတဲ့အလျောက် ဖန်တီးသူကို ကျင့်ဝတ်အရ လေးစားမှုရှိစွာ Credit ပေးရမှာပဲ ဖြစ်ပါတယ်။

မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများကို လေ့လာသူတစ်ယောက်အနေနဲ့ လေ့လာနေဆဲကာလမှာတင် မူပိုင်ခွင့်ဥပဒေများသည် များစွာကျယ်ပြန့်ပြီး လေ့လာစရာ မကုန်အောင် များစွာ နက်နဲလွန်းတာကို တွေ့ရပါတယ်။ ၂၀၁၉ ခုနှစ် မေလ ၂၄ ရက်နေ့တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း ဥပဒေအာဏာ သက်ဝင်ခြင်း မရှိသေးမီ ယနေ့အချိန်သည် မူပိုင်ခွင့်ကို လေ့လာရန် အကောင်းဆုံးဖြစ်သည်ဟု မိမိအနေနဲ့ ယူဆမိပါတယ်။ နောက်ပိုင်း ဥပဒေအာဏာသက်ဝင်ပြီးမှ၊ မိမိအနေဖြင့် ဥပဒေကိုမသိ၍ ကျူးလွန်မိပါသည်ဟု လျှောက်လဲချက်ပေးလို့ မရတော့သည့်အချိန်ရောက်မှ ကိုယ်မသိမိလိုက်တဲ့ အရာတစ်ခုဟာ မူပိုင်ခွင့် ချိုးဖောက်မိတဲ့ကိစ္စများ ဖြစ်ပေါ်စေခဲ့ပြီး အရေးယူခံ မထိစေဖို့ အခုတည်းက မူပိုင်ခွင့် ဥပဒေပါ အခွင့်အရေးနှင့်တာဝန်များကို သိရှိလိုက်နာဖို့ အရေးကြီးပါတယ်။ ကိုယ့်ဖန်တီးမှုကို ကိုယ်ကာကွယ်နိုင်ဖို့ လိုအပ်သလို တစ်ပါးသူရဲ့ ဖန်တီးမှုကို အသိအမှတ်ပြုတတ်တဲ့ အလေ့အကျင့်ကောင်းများကို မွေးမြူကြဖို့လိုပါတယ်။ ဖန်တီးမှုမှန်သမျှဟာ ဖန်တီးသူရဲ့ ဉာဏ (Intellectual ) ကလာတဲ့ပစ္စည်း Property များဖြစ်လို့ အသိဉာဏ်ပစ္စည်း လို့ခေါ်တဲ့ (Intellectual Property – IP) ကို တန်ဖိုးထား ကာကွယ်ပေးသင့်ပါတယ်။

ဒီလို စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပါ ဖန်တီးသူများအတွက် အခွင့်အရေးနဲ့ အသုံးပြုသူများဘက်က လိုက်နာစရာများကို တစ်ယောက်နဲ့ တစ်ယောက် လက်ဆင့်ကမ်းမျှဝေရင်း မူပိုင်ခွင့် အသိပညာပေးခြင်းကို ဝိုင်းဝန်းတိုးမြှင့် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီလို မူပိုင်ခွင့်ဥပဒေအရ ဖန်တီးသူ၊ မူလလက်ရာရှင်တွေနဲ့ မူပိုင်ခွင့်ပိုင်ရှင်များကို စီးပွားရေးဆိုင်ရာသီးသန့်အခွင့်အရေး၊ ကိုယ်ကျင့် သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးများပေးကာ ကာကွယ်ပေးခြင်းများကြောင့် မူပိုင်ခွင့်ဥပဒေအရ စာပေအနုပညာမူလလက်ရာပေါင်းမြောက်မြားစွာ နိုင်ငံအတွင်း ထပ်မံပေါ် ထွက်လာစေဖို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁၅ ရက်နေ့က ၂၀၁၉ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုချီးမြှင့်ပွဲ အခမ်းအနား မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က “ **နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတာတွေ အချိုးအစားညီမျှစွာ တိုးတက်ထွန်းကားမှသာ စာပေအနုပညာနယ်ပယ် ကြီးပွားထွန်းကားလာမှာဖြစ်သလို အပြန်အလှန်အားဖြင့် စာပေအနုပညာ နယ်ပယ် ကြီးပွားထွန်းကားလာတာနဲ့အမျှ အသိပညာ မြင့်မားတဲ့ ခေတ်မီလူ့စွမ်းအားအရင်းအမြစ်တွေ ကြွယ်ဝလာပြီး မိမိတို့ရဲ့ နိုင်ငံဟာလည်း တိုးတက်ပြည့်စုံလာမှာ ဖြစ်ပါတယ်။ စာပေအနုပညာကဏ္ဍအသီးသီးက ပညာရှင်တွေအနေနဲ့ မိမိတို့ရဲ့ အနုပညာကို အရည်အသွေးမြင့်မားစွာနဲ့ လွတ်လပ်စွာ ဖန်တီးပုံဖော်နိုင်အောင် နိုင်ငံတော်ကလည်း တတ်စွမ်းသမျှ ကူညီဖြည့်ဆည်းပေးလျက် ရှိပါတယ်။ မိမိတို့ရဲ့ ဖန်တီးမှုလက်ရာကို ကာကွယ်စောင့်ရှောက်နိုင်မယ့် စာပေအနုပညာ မူပိုင်ခွင့်ဥပဒေကိုလည်း ၂၀၁၉ ခုနှစ်မှာ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ဉာဏပစ္စည်းမူပိုင်ခွင့်တွေကို စနစ်တကျ ကာကွယ်စောင့်ရှောက်နိုင်ခြင်းဟာ နိုင်ငံရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှု တိုးတက်ထွန်းကားရေးကိုပါ အထောက်အကူပြုမှာဖြစ်ပါတယ်**” လို့ ဉာဏပစ္စည်းမူပိုင်ခွင့်တွေကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ရနိုင်တဲ့ အကျိုးကျေးဇူးများကို ထည့်သွင်းပြောကြားသွားပါတယ်။ စာပေအနုပညာ ဖန်တီးသူတွေရဲ့ အခွင့်အရေးဆုံးရှုံးနေသမျှ ကာလတစ်လျှောက်လုံး တန်ဖိုးရှိတဲ့ မူလလက်ရာ ထုတ်လုပ်နိုင်မှု စွမ်းရည်တွေကလည်း ကျဆင်းလာမှာ ဖြစ်ပါတယ်။ နေ့စဉ်လူမှုဘဝမှာ စာပေအနုပညာလက်ရာတစ်ခုခုကို အသုံးပြုမှု မှန်သမျှဟာ သူတစ်ပါး၏ ဖန်တီးမှုကို အလေးထားတတ်သော၊ ကိုးကားဖော်ပြမှုတိုင်းတွင် ကျင့်ဝတ်လိုက်နာတတ်သော၊ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးကို အလေးထားတတ်သော လူ့အဖွဲ့အစည်းဖြစ်ဖို့ လိုအပ်ပါတယ်။ တစ်ဖက်မှာ စီးပွားဖြစ် အသုံးချမှုမှန်သမျှ စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးများကို ဂရုပြုလိုက်နာရန်လိုသလို တစ်ဖက်က ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးကို မချိုးဖောက်မိအောင် အားလုံးသတိပြုမိစေဖို့ ရည်ရွယ်ရေးသားလိုက်ရပါတယ်။ ။

**ကိုးကား – စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ (၂၀၁၉)**

# ကသာမြို့နယ် ဧရာဝတီမြစ် ရေစီးလမ်းကြောင်း ကောင်းမွန်ရေး ရေလွှဲမြောင်းတန်းများဆောင်ရွက်ရန် စီမံထားရှိ



ကသာမြို့နယ်အနီး ဧရာဝတီမြစ်ကို တွေ့ရစဉ်။

**ကသာ ဇန်နဝါရီ ၂၁**

ကသာမြို့နယ်အနီး ကုန်စည်စီးဆင်းရာ အသက်သွေးကြော ဖြစ်သည့် ဧရာဝတီမြစ်အား ရေစီးလမ်းကြောင်းကောင်းမွန်ရေး ဘတ်ဂျက်ငွေကျပ် သန်း ၅၀၀ ဖြင့် ရေလွှဲမြောင်းတန်းများ ပြုလုပ်ဆောင်ရွက်ရန် စီမံထားရှိကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ဧရာဝတီရေလမ်းကောင်းမွန်ရေး ရရှိဘတ်ဂျက်ပေါ်မူတည်ပြီး ရေလွှဲအုန်းတိုးနှစ်တန်းရေကာ၊ ပိုမြောကတစ် နှစ်တန်းရေကာ ပြုလုပ်ဆောင်ရွက်ခဲ့လို့ အခု ၂၀၂၁ မှာ သဲသောင်ထု ထူထပ်မှု လျော့ကျသွားတာတွေ့ရတယ်။ ဒီနှစ်မှာ ဧရာဝတီမြစ်ရေစီးလမ်းကြောင်း ကောင်းမွန်ဖို့ ပြည်ထောင်စုဘတ်ဂျက်ငွေကျပ်သန်း ၅၀၀ နဲ့ သဲသောင်ထုများ လျော့နည်းကျဆင်းရေး စီမံချက်ဖြင့် ကုန်စည်စီးဆင်းရာ ရေစီးလမ်းကြောင်းကောင်းမွန်လာအောင် သက်ဆိုင်ရာပညာရှင်တွေနဲ့ တွက်ချက်တိုင်းထွာထားတဲ့နေရာတွေမှာ ပိုမြောကတစ်တန်းတွေ စီမံဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရာသီဥတုပြောင်းလဲခြင်း၏ ဒဏ်ကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းပိုမိုဖြစ်ပေါ်လာခြင်းရှိခဲ့ပြီး မြစ်ချောင်းများတိမ်ကောလာခြင်း၊ လူတို့၏ပယောဂကြောင့် မြစ်ချောင်း ပြတ်ရွှေ့ခြင်း၊ ရေစီးရေလမ်းကြောင်း ပျောက်ဆုံးခြင်း၊ မိုးရွာမှုပုံစံမမှန်ခြင်း စသည့် အခြေအနေများကြောင့် မြန်မာနိုင်ငံတွင် တည်ရှိနေသည့် ကုန်စည်စီးဆင်းမှု အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ရေစီးလမ်း ကျဉ်းမြောင်းလာခြင်း၊ သဲသောင်ထုများ များပြားလာကြောင်း မှတ်တမ်းများအရ သိရသည်။

**ပြုပြင်ထိန်းသိမ်း**

ယမန်နှစ်များက ဧရာဝတီမြစ်ရေလမ်းကြောင်းကောင်းမွန်ရေး ပြည်ထောင်စုဘတ်ဂျက်၂၀၁၈-၁၉ အုန်းတိုးရေလွှဲရေကာ-အုန်းတိုးရေလွှဲရေကာ ငွေကျပ် ၁၆၅ သန်း၊ ၂၀၁၉-၂၀ နှစ်တွင် ပိုမြောတိုင်ရေလွှဲရေကာ ငွေကျပ် ၂၂၂ ဒသမ ၇ သန်း အသုံးပြု၍ ရေလမ်းကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ထားရှိကြောင်း ကသာမြို့နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးအရာရှိရုံးမှ သိရသည်။ **ငွေအိုး (ကသာ)**

# ရန်ကုန်ဘုရင့်နောင်ကုန်တင်ယာဉ်ရပ်နားစခန်းမှ အဝေးပြေးယာဉ်ကြီးများ တစ်ရက်စီးရေ ၄၀၀ ခန့်ထွက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများမှ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်မြို့များသို့ အဝေးပြေးကုန်စည်ပို့ဆောင်ပေးနေသောယာဉ်ကြီးများသည် တစ်ရက်လျှင် အစီးရေ ၄၀၀ ခန့်ထွက်ရှိနေပြီး ကိုဗစ်ကာလ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ၏ ကိုဗစ်-၁၉ စစ်ဆေးပြီး ပိုးမတွေ့ရှိကြောင်း ရရှိထားသော ဆေးထောက်ခံစာအား ခုနစ်ရက်အထိ ဖြေလျှော့ပေးစေလိုကြောင်းနှင့် နယ်မြို့ကြီးများ၏အဝင် ကိုဗစ်စစ်ဆေးရေးစခန်းများတွင် ကိုဗစ်စစ်ဆေးသော ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာ ထားရှိပေးစေလိုကြောင်းဖြင့် မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"အခုလို ကုန်စည်စီးဆင်းမှုတွေ များလာတဲ့အခါမှာ ကျွန်တော်တို့ဘုရင့်နောင်အဝေးပြေးကုန်စည်ကနေ တစ်နေ့ကိုထွက်တဲ့ကားအစီးရေက ၄၀၀ လောက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ကိုဗစ်စစ်ဆေးမှုကပြဿနာမရှိပေမယ့်လည်း နယ်မြို့တွေကိုသွားလာခွင့်မှာ ကိုဗစ်စစ်ပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ ထပ်တိုးစေလိုပါတယ်။ အခုက ဆေးစာရွက်စစ်ဆေးပြီး လမ်းခရီးမှာ သွားရင်းလာရင်းနဲ့ သုံးရက်ကြာခဲ့ရင် တစ်ခေါက်ပြန်စစ်ရတယ်။ ဒါကိုလည်း ရက်သတ္တပတ်လောက်အထိ တိုးမြှင့်ပေးစေလိုပါတယ်။ တချို့ကားသမားတွေက ကိုဗစ်စစ်ရမှာ ကြောက်ကြတဲ့အတွက် ကိုယ်မောင်းတဲ့အခေါက်ရေနဲ့ အကြိမ်ရေနည်းနည်းစစ်ရအောင်၊ အသွားအလာကန့်သတ်ခြင်း မခံရအောင် နယ်မြို့အဝင်တွေရောက်အောင် အလုအယက်မောင်းကြတာတွေလည်း ရှိတယ်။

လမ်းခရီးကြန့်ကြာမှုကြောင့် ကုန်စည်တွေကို မပျက်စီးအောင်အလုအယက်မောင်းရတာတွေနဲ့ ကိုဗစ် စစ်ဆေးတဲ့နေရာတွေမှာ တန်းစီစောင့်ဆိုင်းနေရတာတွေ နည်းအောင် ကျွန်တော်တို့ ကားသမားတွေက ဒီကာလမှာခက်ခက်ခဲခဲနဲ့သွားနေရတာပါ။ဒါကို သက်ဆိုင်ရာ တာဝန်ခံများအနေနဲ့လည်း ကျွန်တော်တို့ရဲ့ အဝေးပြေးကုန်စည်ပို့ဆောင်ရေးရဲ့ ကိုဗစ်စစ်ဆေးမှုအပိုင်းတွေကို ယခင်စစ်ဆေးနေတာထက်ကို ဖြေလျှော့ပေးစေလိုပါတယ်။ အခုရန်ကုန်မြို့မှာဆိုရင်လည်း စားသောက်ဆိုင်တွေ၊ စက်ရုံအလုပ်ရုံတွေက သတ်မှတ်စည်းမျဉ်းစည်းကမ်းနဲ့ လုပ်ငန်းတွေ လည်ပတ်နေပြီဖြစ်လို့ကျွန်တော်တို့ အဝေးပြေးကုန်စည် ကဏ္ဍရဲ့ မှန်မှန်နဲ့မြန်မြန်ဖြစ်စေဖို့ ကိုဗစ် စစ်ဆေးမှုအကြိမ်ရေတွေ ရက်သတ်မှတ်တာတွေကိုလည်း ဖြေလျှော့ပေးစေလိုပါတယ်" ဟု မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျင်သိန်းက ပြောသည်။

ယခုအခါတွင် ရန်ကုန်မြို့မှ နယ်မြို့အသီးသီးသို့ထွက်ခွာမည့်မော်တော်ယာဉ်များ၏ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ရန်ကုန်မြို့မင်းဓမ္မလမ်းရှိ MCC ခန်းမတွင်လည်းကောင်း၊ ရန်ကုန်- ပဲခူးလမ်းရှိ ရန်ကုန်မြို့ အဝင်တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစပ် မင်းလွင်ကုန်းရှိ ၃၂ မိုင် ၇ ဖာလုံတွင်လည်းကောင်း သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးအဖွဲ့များက ကိုဗစ်စစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးစစ်ဆေးပြီးကြောင်း ရောဂါပိုးမရှိသည့် ဆေးထောက်ခံစာထုတ်ပေးကြောင်း သိရသည်။

ထိုမှတစ်ဆင့် သွားလိုရာ နယ်မြို့များသို့ ဆက်လက်ထွက်ခွာကြပြီး သုံးရက်ပြည့်သည့်အချိန်ထိ မိမိသွားလိုရာ မြို့သို့မရောက်လျှင် တန်းစီကာ ထပ်မံပြန်စစ်ရကြောင်း သိရသည်။ ပုံမှန်အားဖြင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များသည် တစ်ခေါက်ပြေးဆွဲလျှင် ကိုးကြိမ်ခန့် ကိုဗစ်စစ်ဆေးမှုခံယူနေရကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# ပြင်ဦးလွင်မြို့၌ ချယ်ရီပန်းများကို ခူးယူခြင်းမပြုကြရန် မေတ္တာရပ်ခံ

**ပြင်ဦးလွင် ဇန်နဝါရီ ၂၁**

ပြင်ဦးလွင်မြို့၏အလှ အမှတ်သင်္ကေတတစ်ခုဖြစ်သည့် ချယ်ရီပန်းများသည် ယခုအခါတစ်မြို့လုံး၌ မြိုင်မြိုင်ဆိုင်ဆိုင် လှလှပပ ပွင့်ဖူးလျက်ရှိနေရာ အဆိုပါ ချယ်ရီပန်းများကို ခူးယူခြင်းမပြုကြဘဲ မြို့၏ အလှအဖြစ်သာ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်သွားကြရန် မေတ္တာရပ်ခံထားကြောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးလေးမြင့်အောင်ထံမှ သိရသည်။

ပြင်ဦးလွင်မြို့၌ ပွင့်ဖူးနေကြသည့် ချယ်ရီပန်းပင်များအား ၁၈၉၆ ခုနှစ်တွင် မေမြို့မြို့ပြစီမံကိန်းအဖြစ် ဖော်ဆောင်မြို့တည်ခဲ့သည့် အင်္ဂလိပ်တို့က အင်္ဂလန်မှ အထူးမှာယူတင်ပို့ခဲ့သည့် အပင်များစွာထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ယခုအခါ မျိုးဆက်ပြန့်ပွားကာ ပြင်ဦးလွင်တစ်မြို့လုံး၌ နေရာအနှံ့ စိုက်ပျိုးထားပြီး ရာသီချိန်များ၌ အချိန်မှန်မှန် ပွင့်လန်းလျက်ရှိကြောင်း သိရသည်။

ချယ်ရီပန်းများသည် နှစ်စဉ် ဒီဇင်ဘာနှင့် ဇန်နဝါရီလများမှ စတင်၍ ဖူးပွင့်လျက်ရှိကြပြီး ဖေဖော်ဝါရီနှင့် မတ်လအထိ အပင်ပေါ်တွင် အပွင့်များ တင်ကျန်ကာ ဆက်လက်ပြီး ချယ်ရီသီးများ သီးလေ့ရှိသည်။ ချယ်ရီပန်း၏ မူလမျိုးရင်းမှာ နှင်းဆီမျိုးရင်းဖြစ်ပြီး ပရုနပ်အဗီယမ်အချိုမျိုးနှင့်ပရုနပ်စီရာဆပ် အချဉ်မျိုးဟူ၍ နှစ်မျိုးနှစ်စားရှိကာ ပြင်ဦးလွင်မြို့၌ပေါက်ရောက်နေသည့်ချယ်ရီပင်များသည် ပရုနပ်အဗီယမ်အချိုမျိုးဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့၌ ချယ်ရီပင်များ ပိုမိုများပြားစွာ ရှင်သန်ပေါက်ရောက်ဖူးပွင့်စေရေးအတွက် နှစ်စဉ် ချယ်ရီပင်များကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ပြည်ပငါးဝယ်လိုအား ကျဆင်းနေချိန် ရေထွက်ကုန်များကို ဈေးကားများဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ချိတ်ဆက်ရောင်းချလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ကိုဗစ်- ၁၉ ကြောင့် ပြည်ပငါးဝယ်လိုအား ကျဆင်းနေချိန် ပြည်တွင်းငါးစားသုံးမှု မြင့်တက်ရန်အတွက် ရေထွက်ကုန်များကို ဈေးကားများဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ချိတ်ဆက်ရောင်းချလျက်ရှိကြောင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က ပြောသည်။

သမဝါယမဦးစီးဌာနအနေဖြင့် ဇန်နဝါရီလဆန်းမှ စ၍ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ အသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး ရေထွက်ကုန်များကို အကျိုးအမြတ်မယူ၊ အရှုံးမပေါ်ရေးမူဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ရောင်းချလျက်ရှိသည်။

" အဓိကကတော့ ငါးမွေးမြူတဲ့ လုပ်ငန်းရှင်တွေသူတို့က ငါးဖော်တဲ့အခါမှာ ပြည်ပပို့ကုန်ဆိုလည်း အိမ်နီးချင်းနိုင်ငံ ထိုင်းတို့၊ တရုတ်တို့ ၅၄ နိုင်ငံကျော်ကို ပို့တယ်။ ပို့တဲ့အခါမှာ ကိုဗစ်ကာလဖြစ်တဲ့အတွက်ကြောင့် ပြည်ပပို့ကုန်မှာလည်း ငါးလုပ်ငန်းရှင်တွေအတွက် အခက်အခဲရှိတယ်။ နောက်တစ်ခါ ပြည်သူတွေအနေနဲ့လည်း ငါးစားသုံးမှုက တွက်ချက်လိုက်တဲ့အခါမှာ ပြီးခဲ့တဲ့ ၂၀၂၀ ဒီဇင်ဘာလအတွင်း ၆၅ ရာခိုင်နှုန်းလောက်ပဲ စားသုံးတဲ့အနေအထားဆိုတော့ ပြည်တွင်းစားသုံးမှုကလည်း အကြောင်းအမျိုးမျိုးကြောင့်၊ လမ်းပန်းဆက်သွယ်မှုသွားရေးလာရေးကြောင့်၊ နောက်တစ်ခါ စားသောက်ဆိုင်တွေ၊ အလှူမင်္ဂလာပွဲတွေ ဒါတွေမလုပ်တဲ့အတွက်ကြောင့် ပြည်သူတွေရဲ့ ယခင်စားသုံးနှုန်းတွေ လျော့ကျတယ်။ ပြည်ပပို့ကုန်ကိုလည်းပဲ တင်ပို့ဖို့အတွက် သူတို့မှာ အခက်အခဲတွေ ရှိနေတာကြောင့် ငါးမွေးမြူတဲ့ လုပ်ငန်းရှင်တွေ ထုတ်လိုက်တဲ့ငါးတွေက သူတို့မှာ စိန်ခေါ်မှုသဘောမျိုး ဖြစ်နေတယ်။ အဲဒါတွေကို ကျွန်တော်တို့က ကုစားဖို့ပါ" ဟု ဦးမျိုးအောင်က ပြောသည်။ " ဥပမာ လက်ကားဈေးက တစ်ပိဿာ ငွေကျပ် ၅၀၀၀ ရှိသော်လည်း အပြင်စားသုံးသူလက်ထဲ ရောက်ရင် ငွေကျပ် ၁၀၀၀၀ ကျော်ရှိနေတာ၊ လက်လီဈေးနှုန်းမှာ စားသုံးသူပြည်သူတွေလည်း ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရေးဆိုတဲ့ အဓိက ရည်ရွယ်ချက်ပါ။ ကျွန်တော်တို့ သမဝါယမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အကုန်လုံး ကွန်ရက်ချိတ်ဆက်မှုတွေရှိတဲ့အတွက် သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနတို့၊ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့နဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရေထွက်ကုန်များကို ဈေးကားများဖြင့် ရောင်းချသည့်အပြင် ဝယ်ယူလိုသည့် ကုန်သည်များအနေဖြင့် သမဝါယမဦးစီးဌာနသို့ ချိတ်ဆက်ပြီး ဝယ်ယူဖြန့်ဖြူးသည့်စနစ်ဖြင့် လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ငြိမ်းငြိမ်း**




**အမည်ပြောင်း**

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်နေ ဦးစိုးအောင် ၅/စကန(နိုင်) ၁၉၃၉၀၆ ၏သား အလက(ခွဲ)ပါရမီ ၂၀၁၉–၂၀၂၀ ပညာသင်နှစ် စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ကျော်စိုးထွန်းအား ယနေ့မှစ၍ မောင်ကျော်စိုးသန်းဟု ပြောင်းလဲခေါ်ပါရန်။

**မီးသတိပြုပါ**

## အရည်အသွေးစစ်ဆေးရေးအဖွဲ့များ (Quality Control Team) ကို တာဝန်ပေးအပ်နိုင်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအား ဒီဇိုင်းပုံစံ/ သတ်မှတ်စံချိန်စံညွှန်း၊ ဆောက်လုပ်ရေးလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခြင်း၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိတို့ကို စစ်ဆေးရန်၊ အရည်အသွေးစစ်ဆေး ရေးအဖွဲ့များ (Quality Control Team)ငှားရမ်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အရည်အသွေးစစ်ဆေးရေး(Q.C)လုပ်ငန်းများအား လျှောက်ထားဆောင်ရွက် လိုသည့် (Quality Control Team) အဖွဲ့အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ၂၁–၁–၂၀၂၁ရက်မှစ၍ ၂၂–၂–၂၀၂၁ရက် ၁၆:၃၀နာရီအတွင်း လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် သိရှိလိုသောအချက် အလက်များရှိပါက စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း–၀၇၁–၂၃၇၆၄သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**Quality Control Team စိစစ်ရွေးချယ်ရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်း ပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်း ကျောင်းများ၊ သင်တန်းဌာနများနှင့် သင်တန်းကျောင်းများတွင် Digital Learning Management Systemအား လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် Laptop Computer များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို ၁၈–၁–၂၀၂၁ ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှု လက်မှုသိပ္ပံ(အင်းစိန်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)တို့တွင် တစ်စုံလျှင် ကျပ်(၁၀၀၀၀/–)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၆–၂– ၂၀၂၁ ရက် ညနေ ၄:၀၀ နာရီနောက်ဆုံးထား၍ Tender ပုံစံဝယ်ယူခဲ့သော ကျောင်းသို့ တင်ဒါများ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါ Laptop Computer များအား သက်ဆိုင်ရာကျောင်းများ၊ သင်တန်း ဌာနများနှင့် သင်တန်းကျောင်းများသို့ အရောက်ပေးပို့နိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း–၀၆၇၃–၄၀၄၀၂၀/၀၆၇၃–၄၀၄၃၈၉/၀၆၇၃–၄၀၄၄၅၆ နှင့် website ဖြစ်သော www.dtvet.gov.mm တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**




## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ်–2T(C/RB)/PROCUREMENT/REINFORCED STEEL BAR/2020–2021**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေး လုပ်ငန်းများအတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော သံချောင်းလုံး (Reinforced Steel Bar)အရွယ်စုံ ၁၇၅၇ မက်ထရစ်တန်ကို ရန်ကုန်မြို့ရှိ တံတားလေး သိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** – ၂၅–၁–၂၀၂၁ရက် (ရုံးချိန်အတွင်း)

၃။ **သံချောင်းလုံး နမူနာ နောက်ဆုံးပေးပို့ရမည့်ရက်** – ၂–၂–၂၀၂၁ ရက် (၁၆:၀၀)နာရီ

၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – ၂–၂–၂၀၂၁ ရက် (၁၆:၀၀)နာရီ

၅။ **တင်ဒါဖွင့်မည့်ရက်** – ၂၄–၂–၂၀၂၁ ရက် (တင်ဒါ ဖွင့်လှစ်မည့်အချိန်အား အကြောင်းကြားပါမည်။)

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါ လိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံ စဉ်းစားမည်မဟုတ်ပါ။

**တင်ဒါကော်မတီ**
**တံတားဦးစီးဌာန**
**ဖုန်း–၀၉–၈၆၃၄၅၃၄၊**
**၀၆၇–၄၀၇၄၅၂**



## သစ်တောဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့
## ဖမ်းဆီးရမိ ပုံစံ(၈)ဝင်သစ်များ ရောင်းချရန် လေလံကြော်ငြာ
## လေလံအမှတ်စဉ် (၁/၂၀၂၀-၂၀၂၁)

ကလေးခရိုင်၊ သစ်တောဦးစီးဌာန၊ ကလေးဝမြို့နယ်ရှိ ဖမ်းဆီးရမိပုံစံ(၈)ဝင် တမလန်းခွဲသား ၇၂ ဒသမ ၇၄၇၄ တန်အား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်စက်ကြီး၊ စက်သေး၊ အချောထည်စက်/လွှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်/ပရိဘောဂလုပ်ငန်းရှင်များ၊ သစ်အခြေခံအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ(လိုင်စင်မိတ္တူပူးတွဲ)၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသခံပြည်သူများ နေအိမ်ဆောက်လုပ်ရန် အစိုးရဌာနအဆောက်အဦများ/လမ်းတံတားများဆောက်လုပ်ရန် သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်ပါက Covid-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်လေလံဆွဲဝယ်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချမည့်အစီအစဉ်**

(၁) ရက် - ၃-၂-၂၀၂၁ ရက်(ဗုဒ္ဓဟူးနေ့)
(၂) အချိန် - နံနက် ၉:၀၀ နာရီ
(၃) နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကလေးခရိုင်၊ ကလေးမြို့

၂။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များ(၁)စုံလျှင် (၅၀၀၀ိ/-) နှုန်းဖြင့် ၂၅-၁-၂၀၂၁ ရက်မှ ၁-၂-၂၀၂၁ ရက်အတွင်း ကလေးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၃-၂၂၀၅၉၊ ၀၉-၅၄၀၈၆၅၅၊ ၀၉-၂၀၄၆၃၆၀ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ**
**ကလေးခရိုင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၃)တိုးချဲ့ရပ်ကွက်၊ မြလမ်းသွယ်၊ အမှတ်(၇၈၂)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၃)တိုးချဲ့၊ မြေကွက်အမှတ်(၇၈၂)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဒေါ်ခင်မိုးဝင်း ၁၀/မလမ(နိုင်)၁၃၁၅၁၉ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုလာသူ ဒေါ်ခင်မိုးဝင်း ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဝင်းမောင် ၁၁/ကဖန(နိုင်)၀၀၀၄၅၅ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စိုးသီတာအေး (အထက်တန်းရှေ့နေ) (စဉ်-၄၈၁၇၀)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)၊ လမ်း၊ (၁၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈-U10)၊ မြေကွက်အမှတ်(၁၈)၊ မြေဧရိယာ ၀ ဒသမ ၁၁ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်အေးသက်မွန် ၈/ငဖန(နိုင်)၀၂၀၈၈၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် LL.B (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၄၁၁)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၂၂၉၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကျိုင်းတုံခရိုင်တရားမရုံး၌
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၁

| | | |
|---|---|---|
| ဒေါ်လင်းမေ | နှင့် | ၁။ ဦးစိုင်းဝူး<br>၂။ ဒေါ်မြတ်ဝတ်ရည် |
| **တရားလို** | | **တရားပြိုင်များ** |

ကျိုင်းတုံမြို့၊ အမှတ်(၃)ရပ်ကွက်၊ လွိုင်မွေလမ်း (အမေ့အိမ်-အိုး/ခွက်.ပန်းကန်) အရောင်းဆိုင်၊ ပါလှုံရပ် (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင်များဖြစ်ကြသော ဦးစိုင်းဝူးနှင့် ဒေါ်မြတ်ဝတ်ရည်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း(၉၆၂၅၀၀၀၀)တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၉ ရက် (၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်စံ)**
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာန၊လှည်းကူးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာန (လှည်းကူး)တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ လုပ်ငန်းဆောင်ရွက်လိုသော တရားဝင်အသိအမှတ်ပြုလိုင်စင်ရ (အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ) များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ခေါ်ယူအပ်ပါသည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းများ**

လုပ်ငန်း(၁) ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာန (လှည်းကူး)သင်တန်းဝင်း၊ ရုံးဝင်းအတွင်းရှိ ပြုပြင်ရန်ကျန်ရှိသော ခြံစည်းရိုးများကို ဟင်ဂလန်တိုင်နှင့် သွပ်ဆူးကြိုးများ တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်း
လုပ်ငန်း(၂) ရုံးဝင်းအတွင်းရှိ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာကြမ်းခင်းနှင့် တံခါးများ ပြုလုပ်ခြင်းလုပ်ငန်း
လုပ်ငန်း(၃) (၃)ထပ်စာသင်ဆောင် (ရုံးဝင်းတောင်ဘက်အခြမ်း) ခြံစည်းရိုးအုတ်တံတိုင်းပြုလုပ်ခြင်း (၂၈၇')၊(၃)ထပ်စာသင်ဆောင်(ရုံးဝင်းအနောက်ဘက်ခြမ်း) ခြံစည်းရိုးအုတ်တံတိုင်းပြုလုပ်ခြင်း(၆၆၀')နှင့် ဆက်စပ်လုပ်ငန်း
လုပ်ငန်း(၄) သင်တန်းဝင်း အလုပ်သင်ဆရာဝန် အိပ်ဆောင်(အလယ်ဆောင်)၊ သွပ်အမိုးနှင့် မျက်နှာကြက်များ ပြုလုပ်ခြင်းလုပ်ငန်း

တင်ဒါလျှောက်လွှာများနှင့်တင်ဒါစည်းကမ်းများကို ၂၁-၁-၂၀၂၁ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၂၂-၂-၂၀၂၁ ရက် ၁၆:၃၀ နာရီ ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၆၂၉၀၁၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာန**
**လှည်းကူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ယာယီမြေပေးမိန့်အမှတ်(၄၉၉၁/၂၀၂၀)အရ ပြန်လည်နေရာချထားသည့်အုပ်စု (RA)-(RA-1)၊ အကွက်အမှတ် (တ-၀၆)၊ မြေကွက်အမှတ် (၀၅၂၂)၊ မြေအကျယ်အဝန်း (၁၀၀ပေx၁၀၀ပေ)ရှိ မြေကွက်နှင့် တွံ့တေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ယာယီမြေပေးမိန့် အမှတ် (၄၉၉၀/၂၀၂၀)အရ ပြန်လည်နေရာချထားသည့် အုပ်စု (RA)-(RA-1)၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၅၂၁)၊ မြေဧရိယာ (၈၀၇၂) စတုရန်းပေရှိ ဒေါ်ကျင်မြ ၁၂/တတန(နိုင်)၀၉၁၆၇၇ အမည်ပေါက် မြေကွက်များနှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးမျိုးမင်းဦး ၁၂/တတန(နိုင်)၁၉၃၁၈၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ်(၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ ယုဝတီလမ်း၊ မြေကွက်အမှတ် ၃၉၁၊ မူလပိုင်ဆိုင်သူ ဦးကျော်ဝင်း ၁၂/ဒပန(နိုင်)၀၀၆၅၈၅၊ အကျယ်အဝန်းပေ (၄၀x၆၀)သည် အမည်ပေါက်ပါမစ်မြေကွက်မှ အကျယ်အဝန်းပေ(၂၀x၆၀)ပါမစ်မိတ္တူခြမ်းကို အရပ်ကတိစာချုပ်ဖြင့် နောက်ဆုံးတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းရီ ၁၂/ဥကတ(နိုင်)၀၉၅၇၇ ထံမှ ကျွန်ုပ် ဒေါ်နီနီဝင်း ၁၂/ဥကတ(နိုင်)၁၃၈၆၉၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၂၇-၁-၂၀၂၁ ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီဝင်း ၁၂/ဥကတ(နိုင်)၁၃၈၆၉၄**
**အမှတ် ၄၉၇၊ မင်းရဲကျော်စွာ(၂)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၆၇၂၃၈၇၁၀၃၊ ၀၉-၄၂၀၁၂၂၀၂၆**

## ကန့်ကွက်နိုင်ပါသည်

Royal, Galaxy, Luck 7 အမည်- (၃)မျိုးနှင့် သောက်ရေသန့် ထုတ်လုပ်မည်ဖြစ်ပါ၍ အမည်တူရှိပါက (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်၍ ကန့်ကွက်အကြောင်းကြားနိုင်ပါသည်။

**အမည်- သင်းစုနန္ဒမျိုး**
**၇/ဇကန(နိုင်)၀၀၀၇၃၈**
**ဖုန်း-၀၉-၅၃၆၃၂၂၉၊ ၀၉-၇၉၀၂၀၃၆၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ ကွင်းအမှတ် (၅၅၇-က)၊ ပုမေမြောက်အကွက်၊ မြေကွက်အမှတ် (၇/၅ /၄/၅)ရှိ မြေဧရိယာ ၀ ဒသမ ၀၂၇၅ ဧကအား မင်းဂံရပ်ကွက်နေ ဦးစောသိန်း ၁၁/ပတန(နိုင်)၁၃၄၆၂၆ မှ ၎င်းမြေနေရာအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်းအထောက်အထားများဖြင့် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉ လမ်း၊ ၈၀x၈၁ လမ်း၊ အမှတ်(၁၀၁)နေ
ဦးအောင်ခိုင်စိန်-ဒေါ်အေးအေးငြိမ်း (Ginza Store)တို့၏ တစ်ဦးတည်းသောသား

**မောင်ဟိန်းကိုကို**

**A.G.T.I (PE), Mandalay Technological University, Director, Drama Series (Forever Group)**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ပိတောက်လမ်း၊ အမှတ် ၉၃(E-1) နေ
ဒုတိယဗိုလ်မှူးကြီးမြင့်နိုင်(ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန)-
ဒေါ်မေသီသီထွန်းတို့၏ တစ်ဦးတည်းသောသမီး

**မခင်မြတ်နိုး**

**(MSc International Finance, University of Glasgow, UK) Assistant Manager (OCBC Bank)**

တို့သည် ၂၁-၁-၂၀၂၁ ရက်တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်းနှင့် ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဟိန်းကိုကို-မခင်မြတ်နိုး**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၄
## ကွယ်လွန်သူခင်ပွန်း ဦးဆင့်တင် ကျန်ရစ်သော ဘဏ်စုငွေကိစ္စ

ဒေါ်နွယ်နွယ်ဝင်း

တိုက်အမှတ် ၅၉၊ မြေညီ(ဘီ)၊ မိုးမခလမ်း၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ မိုးမခလမ်း၊ မြေညီ(ဘီ)၊ တိုက်အမှတ် ၅၉ နေ လျှောက်ထားသူသည် ကွယ်လွန်သူ ဦးဆင့်တင် ကျန်ရှိရစ်သောပစ္စည်းများနှင့် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိစေကြစေခြင်းငှာ ကြော်ငြာသည်မှာ ကွယ်လွန်သူ ဦးဆင့်တင်ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (၁၃၈၂ ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်)တွင် လာရောက်ရမည်။ ၎င်းရက်တွင် လျှောက်ထားသူ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဇော်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆-အေ)၊ မြေကွက်အမှတ် V - ၈၄၊ အမှတ်(၄၇)၊ ၂ခန်းတွဲ(၆)ထပ်တိုက်၊ ၆-လွှာ ခြေရင်းခန်း၊ အကျယ်အဝန်း (၂၃-၀ × ၄၈-၀)ရှိ ရေမီးပါတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသော ဒေါ်သန်းသန်းနွဲ့ (၁၂/ကမတ(နိုင်)၀၆၄၇၇၁)က (၂၀.၁.၂၀၂၁)ရက်နေ့တွင် စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးသီနိုင် (၁၂/စခန(နိုင်)၀၆၄၇၇၁)**
**၀၉ - ၄၂၀၉၁၀၆၅၆**

## ကန့်ကွက်နိုင်ပါသည်

KiwiGo Co.,Ltd (ကီဝီဂိုး ကုမ္ပဏီလီမိတက်) ခရီးသွားလိုင်စင် အမှတ် T/I(YGN- 2521) ၏ ယခင် မန်နေးဂျင်းဒါရိုက်တာ ဦးသော်ဇင် ၁၂/မဂတ(နိုင်)၀၉၀၇၇၅ မှ ယခု ဦးအောင်သန်းကိုကို ၁၂/မရက(နိုင်) ၁၂၆၄၅၉ အမည်သို့လွှဲပြောင်းခြင်းအတွက် ကန့်ကွက်လိုပါက အောက်ပါ အမည်ပိုင်ရှင်လိပ်စာအား (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်သန်းကိုကို**
**အမှတ် (L-206)၊ မနော်ဟာရီရိပ်သာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့**

## မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈(င)အရ ကြော်ငြာစာ "ဒရပ်ဂွမ် ဂိတ်(မြန်မာ)ကုမ္ပဏီလီမိတက်" "DRAGON GATE (MYANMAR) COMPANY LIMITED" အား အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၂-၂-၂၀၂၁ ရက်
**ကျင်းပမည့်အချိန်** - နံနက် (၁၀:၃၀)နာရီ
**ကျင်းပမည့်နေရာ** - အမှတ် (၁၆၂/၁၆၄)၊ ၈ လွှာ(ဘီ)၊ ၅၁ လမ်း (အပေါ်ဘလောက်)၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

**DAW SAN KYI**
**B.Com(Q), C.P.A**
**Certified Public Accountant**
**AUDITOR & FINANCIAL CONSULTANT**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ အလယ်ရွာနေ ဦးကျော်လင်းထွန်းနှင့် ဒေါ်အေးရည်မွန်တို့၏သမီး မထက်ထက်ဦး ၁၁/မတန(နိုင်)၀၂၆၅၄၂သည် မိဘတို့၏ပြောဆိုဆုံးမသည့်စကားကို မနာခံဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများပြုလုပ်ပြီး မိမိ၏စိတ်သဘောဖြင့် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးကျော်လင်းထွန်း-ဒေါ်အေးရည်မွန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝန သိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်ရှိ မြေကွက်အမှတ် (ဉ-၇၂၅၅)၊ ဦးသော်သော်ဦး (ဘ)ဦးငွေဝင်း ၉/ပမန(နိုင်)၂၀၂၈၄၅ အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်မြေနေရာချထားပေးခြင်း ခွင့်ပြုမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဦးသော်သော်ဦး (ဘ)ဦးငွေဝင်း ၉/ပမန(နိုင်)၂၀၂၈၄၅ မှ မြေကွက်မြေနေရာချထားပေးခြင်း ခွင့်ပြုမိန့်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်မြေနေရာချထားပေးခြင်း ခွင့်ပြုမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်မြေနေရာချထားပေးခြင်း ခွင့်ပြုမိန့်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

သိန္နီမြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၁၉/မန်နောင်ရပ်)၊ ဦးပိုင်အမှတ် (၄/ခ)၊ ဧရိယာ ၀ ဒသမ ၂၁၁ ဧကအား မောင်ကျော်ဝင်း ၁၃/သနန(နိုင်)၀၃၁၃၄၁ အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း (၂၀)အတွင်း သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ သိန္နီမြို့**

## မီး သတိပြု

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## သုတေသနစာတမ်းဖိတ်ခေါ်ခြင်း

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဦးဆောင်၍ တတိယအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲကို "သဘာဝ အရင်းအမြစ်များ ရေရှည်တည်စေချင်၊ ရှုထောင့်စုံလင်ဆန်းသစ်တီထွင် (Innovative, Inclusive and Sustainable natural Resource Management )" ခေါင်းစဉ်ဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်း၌ ၂၀၂၁ ခုနှစ် မတ် ၄ ရက်နှင့် ၅ရက်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာသည့် လမ်းညွှန်ချက်များနှင့်အညီ ကျင်းပပြုလုပ်မည်ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေအရင်းအမြစ်ဆိုင်ရာသုတေသန ဆောင်ရွက်နေသူများ အားလုံးအား စာတမ်းများနှင့်ပိုစတာများ တင်သွင်းဖတ်ကြားဆွေးနွေးသွားနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ စာတမ်းအကျဉ်းနှင့် အကျယ် Line spacing 1.15၊ pages 10–15 ကို အင်္ဂလိပ်ဘာသာ ( Times New Roman, Font 12 )ဖြင့်ဖြစ်စေ၊ မြန်မာဘာသာ (Pyidaungsu, Font 13) ဖြင့်ဖြစ်စေ၊ ပိုစတာ (အလျား ၃ပေ၊ အနံ ၄ ပေ) ဖြစ်စေ ပြင်ဆင်၍ Hard Copy, Soft copy နှင့်တကွ စာတမ်းရှင်အမည်နှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံဖော်ပြပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် နောက်ဆုံးထားပေးပို့နိုင်ပါသည်။

**ဆက်သွယ်ပေးပို့ရမည့် email :**

**ဒေါက်တာသက်ရည်ခိုင် – tykhaing@gmail.com**

**ဒေါက်တာသီသီအောင် – thithiaung 002 @ gmail .com နှင့်**

**ဦးနေအောင် – navaungyau @ gmail.com**

**ဆက်သွယ်စုံစမ်းရန်**

**ဒေါက်တာစုစုဝင်း (ညွှန်ကြားရေးမှူး) မြေဆီလွှာ၊ ရေအသုံးချရေးနှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ နေပြည်တော်၊ ရေဆင်း။ Susuwinmyanmar @ gmail.com**

**Mobile : 092024052**

**ဒေါက်တာထွန်းရွှေ (ညွှန်ကြားရေးမှူး)၊ ဆီထွက်နှင့်ပဲမျိုးစုံသီးနှံ သုတေသနဌာနခွဲ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ နေပြည်တော်၊ ရေဆင်း။ dtunshwe @gmail.com Mobile 0943129426**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/5684 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ အမှတ် (၃)ရပ်ကွက်၊ ဒေါနတောင်လမ်းနေ ဦးစိုင်းအိုက်လျံက ချောင်းသာမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ် (၁၉၉၀)၊ ဦးပိုင်အမှတ် (ဆ–၃၁၃)၊ မြို့မြေ၊ ဧရိယာ ၀ ဒသမ ၁၂၁ ဧကရှိ မြေကို ဦးစိုင်းအိုက်လျံအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့၊ နံ့သာပုကျေးရွာနေ ဦးဇော်မြင့်ထူးက ငရုတ်ကောင်းမြို့၊ နံ့သာပုကျေးရွာ၊ အကွက်အမှတ်(၆၇၉)နံ့သာပုပြင်ကွင်း၊ ဦးပိုင်အမှတ် (N–၇၈) ဧရိယာ ၀ ဒသမ ၄၂ ဧကရှိမြေကို ဦးဇော်မြင့်ထူးအမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ငပုတောမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့၊ နံ့သာပုကျေးရွာနေ ဦးဇော်မြင့်ထူးက ငရုတ်ကောင်းမြို့၊ နံ့သာပုကျေးရွာ၊ အကွက်အမှတ်(၆၇၉)နံ့သာပုပြင်ကွင်း၊ ဦးပိုင်အမှတ်(N–၇၈)၊ ဧရိယာ ၁၄ ဒသမ ၄၅ ဧကရှိမြေကို ဦးဇော်မြင့်ထူးအမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ငပုတောမြို့နယ်**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

အောက်ပါကုန်အမှတ်တံဆိပ်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော MYANMAR INTERNATIONAL SCHOOL YANGON ၏ တစ်ဦးတည်းသော ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်–

**မှတ်ပုံတင်စာချုပ်အမှတ် – ၄/၁၀၆၄/၂၀၁၀**

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားမှာ M.I.S.Y (Myanmar International School Yangon) ဟူ၍ဖြစ်ပါသည်။ အဆိုပါတံဆိပ်အမည်အမှတ်အသားမှာ ယနေ့ထက်တိုင် မည်သူမျှသုံးစွဲနေသည်ကို မတွေ့ရသေးပါ။ မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်အသုံးပြုထားသော အမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်ပါသည်။

ယင်းအမှတ်တံဆိပ် Logo တွင် အနီရောင်၊ အပြာရောင်၊ ခဲရောင်နှင့် နက်ပြာရောင်တို့ပါရှိပြီး အနီရောင်စာလုံးဖြင့် M.I.S.Y စာလုံး၏အောက်တွင် Myanmar International School Yangon ဟူသော စကားလုံးများကို အပြာရောင်ဖြင့် ရေးသားထားပါသည်။ M.I.S.Y စာလုံး၏ လက်ဝဲဘက်တွင် အနီရောင်စက်ဝိုင်းအတွင်း၌ M.I.S.Y ကို ပန်းစာလုံးဖြင့် ပုံဖော်ထားပြီး အလယ်တွင် "ပညာ" အမှတ်အသားပြု အနီရောင် ဆီမီးတိုင်ပုံဖော်ထားသော တံဆိပ်ဖြစ်ပါသည်။

ဖော်ပြပါတံဆိပ်အမည်အမှတ်အသားဖြစ်သော M.I.S.Y တံဆိပ်မှာ Myanmar International School Yangon အနေဖြင့် အပြည်ပြည်ဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပို့ချနိုင်ရေးအတွက် ကျောင်း၊ သင်တန်း၏ တံဆိပ်၊ ရင်ထိုးအမှတ်အသား၊ ဆိုင်းဘုတ်၊ ဆွဲအိတ်၊ စက္ကူအိတ်၊ စာရေးကိရိယာ၊ အသုံးအဆောင်ပစ္စည်းအစရှိသည်တို့အပေါ်တွင် ရိုက်နှိပ်သုံးစွဲသွားမည့်အပြင် ယင်းတံဆိပ်အမည်အမှတ်အသားဖြင့် ထည့်သွင်းအသုံးပြုမည့် စက္ကူဘူး၊ စက္ကူထုပ်၊ ပလတ်စတစ်အိတ်၊ ပါဆယ်ထုပ်၊ လက်ဆွဲအိတ်၊ အသုံးအဆောင်ပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားတို့ကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖော်ပြပါတံဆိပ်များထည့်သွင်းအသုံးပြုသည့် ပစ္စည်းများအပေါ် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိအသုံးပြုသွားမည်ဖြစ်ပါသည်။

ထို့အပြင် ယင်းကျောင်းတံဆိပ်နှင့် ဆက်နွယ်ပတ်သက်သည့် စာရွက်စာတမ်း၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ တီဗွီကြော်ငြာ၊ ဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့အပေါ်တွင်လည်း အထက်ပါ M.I.S.Y လုပ်ငန်းတံဆိပ်အမည်အမှတ်အသားများကို ရိုက်နှိပ်၍ မြန်မာပြည်အနှံ့အပြား ဖြန့်ချိသုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါတံဆိပ်အမည်အမှတ်အသားမှာ Myanmar International School Yangon တစ်ဦးတည်းမှုပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီး စတင်လုပ်ကိုင်သည့်ရက်မှစ၍ နောက်နောင်တွင် ယင်းတံဆိပ်အမည်အမှတ်အသားကို မှိုငြမ်း၍ အတုအပ ပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍ အတုအပပြုလုပ်ခြင်းစသည်တို့ကို လုပ်ကိုင်ဆောင်ရွက်အသုံးပြုနေသူများအား တွေ့ရှိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွားကို ထိခိုက်နစ်နာမှုအတွက် ယင်းအတုအပပြုလုပ်သည့် တံဆိပ်များကို ပယ်ဖျက်နိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ တရားဥပဒေဘောင်အတွင်းမှ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းထွန်း H.G.P, LL.B, LL.M, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်–၃၆၁၉)**
**အမှတ် ၇၀၊ ပထပ်(ဝဲ/ယာ)၊ အနော်ရထာလမ်း၊ (၉)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၁၈၃၁၅၃၊ ၀၉–၄၃၂၀၂၈၂၉**
**Email:thantun.unity@gmail.com**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (၄၅/မြမာလာရပ်)၊ ဦးပိုင်အမှတ် (၂၁–ဃ)၊မြေဧရိယာ ၀ ဒသမ ၀၅၉ ဧကရှိမြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးသန်းအောင် ၉/မမန(နိုင်)၀၁၈၈၅၈ မှလည်းကောင်း၊ ဦးပိုင်အမှတ်(၂၁–င)၊ မြေဧရိယာ ၀ ဒသမ ၀၅၁ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်သီသီအေး ၉/မမန(နိုင်)၀၃၆၅၄၆ မှလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၂၀– ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများအတွက် လိုအပ်သော ပရီမီယမ်ဒီဇယ်ဆီအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်လိုကြောင်း ကြော်ငြာအပ်ပါသည်–

| စဉ် | စီမံကိန်း/လုပ်ငန်းအမျိုးအမည် | အရေအတွက်(ဂါလန်) |
|---|---|---|
| (က) | အရာတော်–၂ စီမံကိန်း | ၂၂၅၅၆ |
| (ခ) | အရာတော်–၃ စီမံကိန်း | ၁၅၁၁၃ |
| (ဂ) | မိတ္ထီလာလွင်ပြင်စီမံကိန်း | ၁၀၉၉၀၆ |
| (ဃ) | ဆိပ်ဖြူအောက်ဆိပ်စီမံကိန်း | ၃၅၅၆ |
| (င) | ငမိုးရိပ်စီမံကိန်း | ၃၇၇၅ |
| (စ) | အုပ်ချုပ်မှုပုံမှန်လုပ်ငန်းသုံးနှင့်တွင်းတူးလုပ်ငန်းသုံး | ၄၂၆၀၀ |

**တင်ဒါပုံစံရောင်းချမည့်ရက်** – ၂၅–၁–၂၀၂၁ ရက်မှ ၃–၂–၂၀၂၁ ရက်အထိ
**တင်ဒါပိတ်ရက်နှင့် အချိန်** – ၁၆–၂–၂၀၂၁ ရက် မွန်းတည့် ၁၂:၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ဖြည့်တင်းရေးဌာနခွဲ–၂၊ ရုံးအမှတ်(၅၀)၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၃၁၂၉၅၊၀၆၇–၃၄၃၁၃၀၈ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID–19 ရောဂါဆိုင်ရာညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၅ ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၁၈၀)၊ မြေအမည်ပေါက် ဒေါ်လှရွှေ အကျယ်အဝန်းပေ(၄၀x၆၀)မြေကွက်မှ ပေ(၂၀x၆၀)ခြေရင်းခြမ်းအားခွဲ၍ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးသိန်းဝင်း ၁၂/သကတ(နိုင်)၀၄၉၀၇၄ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဒေါ်ဥမ္မာထွန်း ၇/တငန(နိုင်)၀၉၉၉၃၄**
**ဖုန်း–၀၉–၇၈၃၀၀၄၀၅၀**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၀၊ ရန်ကင်းတောင်)၊ ဦးပိုင်အမှတ် (င–၁၁၅၊၇၃)၊ ဧရိယာ ၀ ဒသမ ၁၁၉ ဧကရှိမြေကွက်ကို ဦးနိုင်ဝင်းအမည်ဖြင့် မြေဂရန်အသစ်ကိုလည်းကောင်း၊အောင်ရတနာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂–ရန်ဝေးအရှေ့)၊ ဦးပိုင်အမှတ်(၁၅၉၊၂၈၂)၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိ မြေကွက်ကို ဦးနိုင်ဝင်းအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း/သက်တမ်းတိုးကိုလည်းကောင်း ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ –၂၂)
### ပြင်ဦးလွင်မြို့နယ် တရားရုံးတော်၌
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် –၆၂ နှင့် ဆက်သွယ်သည့်
### ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ် –၁

ဦးယန်မို နှင့် ၁။ ဒေါ်ထွေးစိန်
၂။ ဦးဘူကူး

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ၄၅–မြမာလာရပ်၊ ဉာဏလမ်း၊ အမှတ်(ခ/၁၇၂)နေ ၂–တရားရှုံး ဦးဘူကူး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ပြင်ဦးလွင်မြို့နယ်တရားရုံး၏ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၆၂တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးယန်မိုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (၁၃၈၂ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မြဝတီမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် –၃၄

ဒေါ်ခင်အေးဆွေ နှင့် ဦးနေနိုင်ခန့်(ခ)စောမင်းသန်း

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်ရှိ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဦးနေနိုင်ခန့်(ခ)စောမင်းသန်း သိစေရမည်။

သင့်အပေါ်တွင် တရားလိုက လင်မယားကွာရှင်းပေးစေလိုမှုဖြင့် တရားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်) (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အထက်ပါ တရားလို၏စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် မြဝတီမြို့နယ်တရားရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည်အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံ၍ပို့အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောသိန်းကုဋ္ဌေအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြဝတီမြို့နယ်တရားရုံး**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွက် အသုံးပြုရန် လိုအပ်သော တိုင်းတာရေးသုံးပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ရုံးသုံးစက်ပစ္စည်း၊ ရုံးသုံးစာရေးကိရိယာနှင့် Toner & Cartridge ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)စီမံဌာနတွင် တင်ဒါပုံစံ(၁)စောင်လျှင် ကျပ်၂၀၀၀/– (ကျပ်နှစ်ထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက် –** ၂၁–၁–၂၀၂၁ ရက်မှ ၁၉–၂–၂၀၂၁ ရက်ထိ (ရုံးချိန်အတွင်း)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ –** မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)၊ စီမံဌာန

၅။ **တင်ဒါပိတ်မည့်ရက်/အချိန် –** ၁၉–၂–၂၀၂၁ ရက် ၁၆:၀၀ နာရီ

၆။ တင်ဒါဖွင့်ဖောက်မည့်ရက်၊ အချိန်နှင့်နေရာကို ထပ်မံအကြောင်းကြားပါမည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်) ဖုန်း–၀၆၇–၄၁၄၉၀၄၊ ၄၁၄၈၁၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## ကျွန်းပင်ကျပ်တိုင်/မျောများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ

ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကရင်ပြည်နယ်၏ ၈–၁၂–၂၀၂၀ ရက်စွဲပါစာအမှတ် ၅၉၀၃–၅၉၀၄/သ(င)၄ အရ ဘားအံခရိုင်၊ သံတောင်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ကျွန်းပင်ကျပ်တိုင် ၃၅၆ လုံးနှင့် ကျွန်းပင်ကျပ်မျော ၁၁၆ လုံးအား ၄–၂–၂၀၂၁ ရက်တွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသဖြင့် မည်သူမဆို လေလံစည်းကမ်းချက်များနှင့်အညီ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

လေလံဆွဲဝယ်ယူသူများသည် လေလံလျှောက်လွှာနှင့် လေလံစည်းကမ်းချက်များအား ၂၂–၁–၂၀၂၁ ရက်မှ ၃–၂–၂၀၂၁ ရက်အတွင်း ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် (၁)စုံလျှင် ၂၀၀၀/– ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်–

| | | | |
|---|---|---|---|
| ၁။ | **လေလံတင်ရောင်းချမည့်ပစ္စည်း** | | **အရေအတွက်** |
| | ကျွန်းပင်ကျပ်တိုင် | – | ၃၅၆ လုံး |
| | ကျွန်းပင်ကျပ်မျော | – | ၁၁၆လုံး |
| ၂။ | ရောင်းချမည့်ရက် | – | ၄–၂–၂၀၂၁ ရက် |
| ၃။ | ရောင်းချမည့်အချိန် | – | ၁၁:၀၀ နာရီ |
| ၄။ | ရောင်းချမည့်နေရာ | – | မြို့နယ်ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ဘားအံမြို့ |

အသေးစိတ်စုံစမ်းလိုပါက အောက်ပါဌာနများတွင် စုံစမ်းနိုင်ပါသည်–

(က) လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ဘားအံခရိုင် ဖုန်း– ၀၅၈–၂၁၄၆၄

(ခ) မြို့နယ်ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ သံတောင်ကြီးမြို့ ဖုန်း–၀၅၄–၄၄၀၄၆၊ ၀၉–၂၅၆၀၄၃၉၃၀

**လေလံတင်ရောင်းချရေးကော်မတီ**
**ဘားအံမြို့**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်–၅၇၅ နှင့် ဆက်နွှယ်သည့်
### ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်–၈၃

ဦးဆိုင်းနန် နှင့် (၁) ဒေါ်အိရွှေစင်
(၂) ဦးသိန်းဝင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ယခင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၆x၁၉ လမ်းကြား၊ ၆၃x၆၆ လမ်းကြား၊ အရှေ့ပြင်အိုးအိမ်ဝန်ထမ်းအိမ်ရာ တိုက်အမှတ်(၅၀)၊ အခန်းအမှတ်(၀၀၁)နေ တရားရှုံးများဖြစ်သည့် (၁)ဘ–ဦးမူး၏သမီး ဒေါ်အိရွှေစင်၊ (၂)ဘ– ဦးဘအေး၏သား ဦးသိန်းဝင်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဦးဆိုင်းနန်က ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်–၅၇၅ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုရာတွင် ယနေ့အချိန်ထိ ငွေကြေးတစ်စုံတစ်ရာပေးဆပ်ရန် ရည်ရွယ်ချက်မရှိဘဲ အမှုကိုနှောင့်နှေးကြန့်ကြာစေရန် တိမ်းရှောင်လျက်ရှိသည့်အတွက် တရားရှုံးများအား တရားမအကျဉ်းထောင်ချထားပေးရန် ဤရုံးတော်တွင် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၈ ရက်)နံနက် ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင်နှင့်အတူ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဤရုံးတော်သို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လင်းအောင်သူ)**
**ဒုတိယခရိုင်တရားသူကြီး (၆)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ မြေကွက်အမှတ် (၁၁၃၅)၊ ပေါင်းလောင်းမြစ်လမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်အား အမည်ပေါက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်အုံးတင်ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမြမွန် (LL.B,LL.M) အထက်တန်းရှေ့နေ (စဉ်–၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၁၂၃ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၅၆၈၃၃၇၈**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဖူးဖူးစောမြမောင်(Danial)
### အသက်(၉၇)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဗဟိုအလုပ်အမှုဆောင် ဦးစိုးနိုင်(SN Transportation Service)-ဒေါ်နော်ခင်ထွေးကြည်တို့၏ချစ်လှစွာသောဖခင် ဖူးဖူးစောမြမောင် အသက်(၉၇)နှစ်သည် ၁၅-၁-၂၀၂၁ ရက်(သောကြာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့်
ဝန်ထမ်းမိသားစုများ
ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းစိန်
### အသက် (၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ချစ်လှစွာသော မိခင်ကြီး ဒေါ်သန်းစိန်သည် ၂၀-၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကိုကိုမြင့်-ဒေါ်နှင်းရည်
Ko Ko Myint International Co.,Ltd.

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်တို့၏အလှူဒါယိကာမကြီး
## ဒေါ်တင်ညွန့်
### ဇီးကုန်း(ထန်းတပင်)မြို့
### အသက် (၈၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်း(ထန်းတပင်)မြို့နေ (ဦးထွန်းအေး-ဒေါ်ချစ်ထွေး)တို့၏သမီး၊ (ဦးဘအို-ဒေါ်ခါမှီ)တို့၏ချွေးမ၊ ဦးချစ်ရင်၏ဇနီး၊ (ဦးစံဝင်း)-ဒေါ်ခင်ညွန့်၊ (ဦးကျော်ညီမိုး)-ဒေါ်တင်အောင်တို့၏ညီမ၊ ရန်ကုန်မြို့နေ ဒေါ်တင်ရီ၏အစ်မ၊ ဦးကျော်ဆွေ(တိုင်းဒေသကြီးဦးစီးဌာနမှူး-ငြိမ်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန)၊ ဦးသန်းနိုင်(စာတိုက်မှူး/ထန်းတပင်+ဇီးကုန်း)၊ ဦးဇော်ဝေ(စာတိုက်/ထန်းတပင်+ ဇီးကုန်း)၊ ဦးချစ်ညွန့်(လှိုင်းဘွဲ့မြို့နယ်အစိုးရတိုင်းရင်းဆေးမှူး)၊ ဒေါ်မြင့်မြင့်မာ (မိုးစင်ကြယ်- တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် အရောင်းဆိုင်) မန္တလေးမြို့၊ ဒေါ်တင်နန်းနွယ်(ဦးစီးအရာရှိ/တိုင်းရင်းဆေးဝါးစက်ရုံ၊ မန္တလေး)တို့၏ ချစ်လှစွာသောမိခင်ကြီး သည် ၂၀-၁-၂၀၂၁ရက် နံနက် ၂:၁၀နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၁ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့၊ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတိုင်း၊ တံတား၊ ရေစင် ဒါယိကာမကြီး
## ဒေါ်ခင်ဝင်းဆွေ
### ခိုင်သစ္စာရွှေဆိုင်(မန်းမြို့ဈေး)
### အသက်(၇၀)

မန္တလေးမြို့၊ ၃၅လမ်း၊ ၈၇x၈၈လမ်းကြား၊ ရတနာပုံ ဆီစက်ဝင်းရပ်နေ အဘွား လက်ဖက်ကုန်သည် (ဒေါ်ဒေါ်မေ)၏မြေး၊ (ဦးဘစော-ဒေါ်တင်မြ၊ ရွှေမြန်နင်းဆီ ဂျုံစက်)တို့၏သမီးကြီး၊ လားရှိုးမြို့နေ ဦးထိန်ဝင်း-ဒေါ်အေးဆေးတို့၏ နှမ၊ မန္တလေးမြို့နေ (ဦးထိန်လင်း)-ဒေါ်ခင်သန်းနွယ်၊ (ဒု-ဗိုလ်မှူးကြီး ညိုအေး၊ငြိမ်း)-ဒေါ်လွင်လွင်မေ(J.A.T၊ ငြိမ်း)၊ ဦးမြတ်ကို-ဒေါ်ခင်ပြုံး ကြည်(မြသိင်္ဂီရွှေဆိုင်-မန်းမြို့ဈေး)၊ ဒေါ်ယဉ်ယဉ်ဝေတို့၏အစ်မကြီး၊ မခိုင်ခိုင်စိုး၊ မစိုးသူသူဝင်း၊ မမိုးသူသူဝင်း၊ မအေးသူသူဝင်း၊ ကိုဇာဏီလင်း၊ မထူးသဥ္ဇာလင်း၊ကိုကောင်းထက်ဇော်-မဆုမြတ်လင်း၊ ဒေါက်တာ ညိုမင်းထက် (မန္တလေးပြည်သူ့ဆေးရုံကြီး)၊ ကိုသီဟန်လင်း- မရွှေယမင်းဦး၊မောင်သွန်းတည်တံ့တို့၏ အဒေါ်ကြီး၊ မြေး ခြောက်ယောက်တို့၏ အဘွားသည် ၂၀-၁-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)ည ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တရုတ်မ(ခ)ဒေါ်ခင်အုန်းမြင့်
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ရွှေလိပ်ပြာ အိမ်ရာ၊ တိုက်(၁)၊ အခန်း ၄၀၁နေ ဦးအေးသန်း(မြန်မာ့အလင်းသတင်းစာတိုက်-ငြိမ်း)၏ဇနီး၊ (ဦးလုကျော်-ဒေါ်တင်နု)တို့၏ သမီး၊ ဦးအောင်မင်းဦး-ဒေါ်ဇင်မေဦး၊ ဦးချိုဦး-ဒေါ်နီလာဝင်း၊ ဦး ရဲဇော်အောင်-ဒေါ်ခင်နီလာသိန်း၊ ဦးကျော်ခိုင်ဦး-ဒေါ်ဝင်းသန္တာ၊(မောင်အောင်အောင်)၊ မအေးအေးမိုးတို့၏မိခင်၊ ရွှန်းလဲ့မွန်၊ အောင်ငြိမ်းချမ်း၊ အေးမြတ်မွန်၊ အင်ကြင်းခိုင်၊ ဇင်ခန့်အောင်၊ ဆုမြတ်နိုင်တို့၏ အဘွားသည် ၂၁-၁-၂၀၂၁ရက် (ကြာသပတေးနေ့)နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၁ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး
## ဒေါ်အေးကြည် (အင်းကောက်ရွာ)
### အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်(၁)လမ်းနေ (ဦးတင်ရွှေ)၏ဇနီး၊ ဦးအောင်မြင့်ဆွေ-ဒေါ်ခင်စိုးဝေ၊ ဒေါ်မီမီဆွေ၊ ဒေါ်အေမီဆွေ၊ (ဦးနေမျိုးဆွေ)၊ ဦးလှမိုးဆွေ-ဒေါ်တင်မြတ်မော်၊ ဦးကြည်ထူး-ဒေါ်သိင်္ဂီ၊ (ဦးလှိုင်မိုး)-ဒေါ်ခင်သီတာဆွေ၊ ဦးသန်းစိန်-ဒေါ်နီလာဆွေ၊ (ဦးသူရလွင်)-ဒေါ်ကလျာအောင်၊ ဒေါ်အဥ္ဇာမိုးတို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ် နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၁-၂၀၂၁ရက်တွင် ကွယ်လွန်သွားသဖြင့် ၂၀-၁-၂၀၂၁ရက် မွန်းလွဲ ၁:၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဇက်ရွှယ်လွှမ်း
### အသက်(၈၁)နှစ်

သူငယ်ချင်း ဦးခွန်အောင်(လေယာဉ်မှူးကြီး)-ဒေါ်ဂျေခေါ်နီတောင်တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ဇက်ရွှယ်လွှမ်း အသက်(၈၁)နှစ်သည် ၂၁-၁-၂၀၂၁ရက် နံနက် ၆:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဇက်ရွှယ်လွှမ်း
### အသက်(၈၁)နှစ်

အဲသံလွင်လီမိတက်၊ ပျံသန်းရေးဌာန ပျံသန်းရေး ဒါရိုက်တာ Capt.ခွန်အောင်-ဒေါ်ဂျေခေါ်နီတောင် တို့၏ မိခင် ဒေါ်ဇက်ရွှယ်လွှမ်းသည် ၂၁-၁-၂၀၂၁တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Management နှင့်
အဲသံလွင်လီမိတက်မိသားစု

## ဦးအောင်ကြည်
### (ဆသရ-ငြိမ်း၊ ဒလအော်တိုအိတ်ချိန်း တာဝန်ခံအင်ဂျင်နီယာ)
### အသက် (၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်တင်-ဒေါ်စီစီ)တို့၏သားကြီး၊ (ဦးလှိုင်ဘွား)-ဒေါ်ဝင်းကြည်၊ ဦးဝင်းညွန့်-(ဒေါ်စန်းကြည်)၊ (ဦးဝင်းတင်)-ဒေါ်မြင့်မြင့်ကြည်၊ ဦးစန်းဝေ-ဒေါ်သန်းသန်း၊ (ဦးညွန့်ဝေ)တို့၏အစ်ကို၊ တူ တူမ ၁၁ယောက်တို့၏အဘ၊ မြေး ခုနစ်ယောက် တို့၏အဘိုး၊ ဒေါ်အေးအေးမော် (ဆသရ-ငြိမ်း၊ ပုဇွန်တောင် အော်တိုအိတ်ချိန်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၂၁ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## (တစ်လ)ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ကျော်အောင်
## တိုင်းဥပဒေအရာရှိ(ငြိမ်း)
## တရားလွှတ်တော်ရှေ့နေ
### အသက် (၆၅)နှစ်

၂၂-၁၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသော ခင်ပွန်း ဦးကျော်ကျော်အောင် (တစ်လ)ပြည့်ကိုရည်စူး၍ ရန်ကုန်မြို့ရှိ နေအိမ်တွင် သံဃာတော်များ ပင့်ဖိတ်၍လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ အောင်တော်မူမဟာစည် သာသနာ့ရိပ်သာကျောင်းတွင် ဆွမ်းကျွေးတရားနာအမျှဝေခြင်း၊ လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် လှူဒါန်းခြင်း၊ ရည်စူးပြုလုပ်သော ကောင်းမှုကုသိုလ်အစုစု တို့ကို အမျှရ၍ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အချိန်တိုင်း မေ့မရသတိရလွမ်းဆွတ်လျက်ပါမောင်ရေ။

ချစ်ဇနီး ဒေါ်ဖြူဖြူကြည်နှင့်သားသမီးများ

## ဦးအောင်နိုင်
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း ၅လမ်း၊ အမှတ် ၂၂နေ (ဦးတင်ငွေ)-ဒေါ်လှဝင်းတို့၏သား၊ ဦးကျော်မြင့်၊ ဦးဝဏ္ဏသာရ၊ ဦးကျော်ဝင်း၊ ဦးစိုးတင့်-ဒေါ်ခင်တင့်ဆွေတို့၏ညီ၊ ဦးသိန်းဇော်၏အစ်ကို၊ မောင်အောင်ကျော်မြင့် ၊ မမိုးသူဟန်တို့၏ဦးလေးသည် ၁၆-၁-၂၀၂၁ရက်(စနေနေ့) ညနေ ၄:၂၀နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၁ရက် (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းစိန်(ဖြူးမြို့)
### အသက်(၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းစိန် (အငြိမ်းစားကျောင်းအုပ် ဆရာမကြီး)သည် ၂၀-၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၀၀နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုဝင်များနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ၊ ဌာနမှူး ဆရာ/ဆရာမများနှင့်
ကျောင်းသား/ကျောင်းသူများ
EMPA 18th Batch (Nay Pyi Taw)
Yangon University of Economics

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းစိန်
### အသက် (၈၇)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်၏ ချစ်လှစွာသော မိခင် ဒေါ်သန်းစိန်သည် ၂၀-၁-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသူရ (AD)-ဒေါ်မြင့်မြင့်အေးမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ၂၁လမ်း၊ အမှတ် ၂၉၉နေ ဒေါ်လှချစ်၏ ခင်ပွန်း ဦးတင်လတ် လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း) ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန အသက်(၈၅)နှစ်သည် ၂၀-၁-၂၀၂၁ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကွယ်လွန်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ဟာဂျီဦးအီဆာ(ခ)စလင်းမနီ
### အသက်(၆၈)နှစ်

ဦးအူမာဖာရွတ်-ဒေါ်ဆုလှိုင်(ခ)Sophia တို့၏ဖခင်၊ ဒေါ်မာရီယာဘီဘီ၏ခင်ပွန်းသည် ၁၄-၁-၂၀၂၁ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်ရေဝေးသုသာန်၌ မြေမြှုပ်(ဒဖနာ)ပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အကွက်အမှတ်(၁၀၇၄)ဧရိယာ(၄၀ပေx ၆၀ပေ) ရှိ ဗိုလ်မှူးမောင်မောင်လွင် (၉/ပခန(နိုင်)၁၀၉၇၆၈)အမည်ပေါက်မြေငှားပါမစ်မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း။**

အထက်ပါမြေကွက်ကို အမည်ပေါက်ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည်ဟုဝန်ခံကတိပြုသူ ဒေါ်ပပနိုင်(၁၄/မအပ(နိုင်)၁၉၃၉၆၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားဖြင့် ဤကြေညာပါသည့်ရက်မှ ( ၇ )ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တရားဥပဒေများနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်ဝင်း (စဉ်-၃၆၉၉/၈၆)
H.G.P,LL.B, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအကြံပေး
အမှတ်-၅၆၁၊ ပထမထပ်၊ အခန်း(၁၀၄)၊ MAC Tower
ကုန်သည်လမ်း၊ ဘားလမ်းနှင့်၃၅-လမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၁၇၂၄၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ ကွင်းအမှတ် (၅၅၇-က)၊ ပုမေမြောက်အကွက်၊ မြေကွက်အမှတ် (၅/၈၀၅)ရှိ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအား မင်းဂံရပ်ကွက်နေ ဦးစောသိန်း ၁၁/ပတန(နိုင်)၁၃၄၆၂၆ မှ ၎င်းမြေနေရာအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်းအထောက်အထားများဖြင့် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်တွေမြို့

သင့်သွေးဖြင့် အသက်ကယ်ပါ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာအား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာအား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ အကူအညီပေးနေမှုများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပူတာအိုရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး အသိပညာပေး လှုပ်ရှား

ပူတာအို ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအား နိုင်ငံတော်က အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကချင်ပြည်နယ် ပူတာအိုမြို့၌ ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူ၊ ပူတာအိုခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်အား/ကာမှူး ဒေါ်ခင်မိုးသဲနှင့် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ပူတာအိုမြို့ လူစည်ကားရာနေရာများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှု ပြုလုပ်သည်။

*စာမျက်နှာ ၄ ကော်လံ ၆* ◆



ပူတာအိုရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး အသိပညာပေးလှုပ်ရှားမှု သရုပ်ပြ ဖျော်ဖြေစဉ်။


## ဂျပန်အစိုးရက တိုကျိုအိုလံပစ် အားကစားပွဲများအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆ ဘီလီယံသုံးမည်

*နိုင်ငံတကာသတင်း* စာ » ၁၂

## ထိုင်းနိုင်ငံတွင် ယခုနှစ်ကုန်၌ ချူလာကော့ဗ် ၁၉ ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်နိုင်တော့မည်

*နိုင်ငံတကာသတင်း* စာ » ၁၃

## ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးဆိုတာ ...

*ဆောင်းပါး* စာ » ၂၀


## မန်စီးတီးကို ပြောင်းရွှေ့မည် မဟုတ်သည့် အင်တာမီလန်တိုက်စစ်မှူး လူကာကူ

တိုက်စစ်မှူး လူကာကူသည် အင်တာမီလန်အသင်းမှ ထွက်ခွာပြီး ဂွါဒီယိုလာ၏ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားမည် မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘယ်လ်ဂျီယံတိုက်စစ်ကစားသမားသည် စီးရီးအေကလပ် အင်တာမီလန်အသင်းသို့ မပြောင်းရွှေ့မီ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မန်ယူအသင်းတွင် ကစားခဲ့သည်။ ၎င်းသည် လက်ရှိ အင်တာမီလန် အသင်းတွင် ပျော်ရွှင်လျက်ရှိနေကြောင်း သိရသည်။

လူကာကူသည် ၂၀၁၁ ခုနှစ်တွင် အင်္ဂလန်ကလပ် ချယ်ဆီးအသင်းသို့ စတင်ခြေချခဲ့သူဖြစ်သော်လည်း နည်းပြမောရင်ဟိုလက်အောက်တွင် ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရသူဖြစ်သည်။ ထို့နောက် ချယ်ဆီးအသင်းသည် လူကာကူကို ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဝက်စ်ဘရွန်းအသင်းနှင့် အဲဗာတန်အသင်းတို့ထံသို့ အငှားချထားခဲ့သည်။ ၎င်းအငှားကစားနေစဉ်အတွင်း ဝက်စ်ဘရွန်းအသင်းအတွက် ပြိုင်ပွဲစုံ ၃၈ ပွဲတွင် ၁၇ ဂိုးသွင်းယူပေးထားနိုင်သလို အဲဗာတန်အသင်းအတွက်လည်း ပြိုင်ပွဲစုံ ၃၃ ပွဲတွင် ၁၆ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အဲဗာတန်အသင်းက ငါးနှစ်စာချုပ်ဖြင့် လူကာကူကို အမြဲတမ်း ခေါ်ယူစာချုပ်လိုက်သည်။ အဲဗာတန်အသင်းက အမြဲတမ်း

*စာမျက်နှာ ၁၁ ကော်လံ ၅* ✻

## ဂျူဗင်တပ်စ်တို့ နာပိုလီကို အနိုင်ယူပြီး အီတလီဆူပါဖလား ဆွတ်ခူး



အီတလီနိုင်ငံ၏ ဖလားတစ်လုံးဖြစ်သော ဆူပါဖလားဗိုလ်လုပွဲကြီးကို ဇန်နဝါရီ ၂၁ ရက် နံနက်တွင် ဂျူဗင်တပ်စ်နှင့် နာပိုလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး- ဂိုးမရှိဖြင့် ဂျူဗင်တပ်စ်အသင်း အနိုင်ရရှိခဲ့ပြီး ကိုးကြိမ်မြောက် ဖလား ဆွတ်ခူးခဲ့သည်။

၂၀၁၉-၂၀၂၀ အီတလီဆူပါဖလား ဗိုလ်လုပွဲကို ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်ဘေးကြောင့် အချိန်နောက်ကျမှ ယှဉ်ပြိုင်ခဲ့ရပြီး ယနေ့ပွဲတွင် ဂျူဗင်တပ်စ်အသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် စီရော်နယ်ဒိုနှင့် ကူလူဆာ့ဗ်စကီးတို့ ပွဲထွက်ခဲ့ကာ နာပိုလီသည် ၄-၂-၃-၁ ပုံစံဖြင့် အထောင်တိုက်စစ်နေရာတွင် ပီတက်ဂျ်နာကို အသုံးပြုခဲ့သည်။ *စာမျက်နှာ ၁၁ ကော်လံ ၅* ❖